မူရင်း စာစဥ်အမည် ; Scoring the Sacred Body of the Ancients from the Get-go

မူရင်း စာရေးသူ ; God j

ဘာသာပြန် ; နိုင်လင်းအောင်

အခန်း ( ၁၅၁ ) အားလုံး တုန်လှုပ်ကြခြင်း၊ အတားအဆီးများကို တိုက်ရိုက်ဖြတ်ကျော်သည်။

တိတ်ဆိတ်သည်။

အလွန်အမင်း တိတ်ဆိတ်၏။

ဤနေရာတွင် ကျင့်ကြံသူများ သိန်းနှင့်ချီ၍ စုဝေးနေကြောင်း ထင်ရှားသည်။

သို့တိုင် ဘယ်သူမှ အသံမထွက်ပါ။

အားလုံးက တုန်လှုပ်စွာဖြင့် ရှေးဟောင်း၊ လူသစ် အားလုံးကို ဖိနှိပ်နေသောလူရိပ်အား မော့ကြည့်လိုက်ကြသည်။

"ဒါ... ဒါက အင်မော်တယ်ပဲလား"

ကျင့်ကြံသူတစ်ယောက်က တုန်တုန်ယင်ယင်ဖြင့် ရေရွတ်လိုက်သည်။

"မဟုတ်ဘူး၊ အင်မော်တယ် ဒီလောက်မဖြစ်နိုင်ဘူး၊ ဒီလူအရှေ့မှာ အင်မော်တယ်တောင် ဒူးထောက်ရမယ်"

မဟာအကြီးအကဲကလည်း တုန်လှုပ်စွာ ပြောလိုက်သည်။

ကြောက်စရာကောင်းသည်။

ကြောက်စရာ ကောင်းလွန်း၏။

'ဒါက ဘယ်လိုဖြစ်ရတာလဲ'

ကျိုချင်းရီ၏ အနေအထားဖြင့်ပင် မအံ့သြဘဲ မနေနိုင်တော့ပါ။

ယခင်က ပါရမီရှင်များဟာ ထူးခြားသော သဘာဝအာရုံမျိုးစုံဖြင့် ရပ်တည်နေခဲ့သည်။

သို့ရာတွင် ကျွင်းရှောင်ယောက်ထံမှ သဘာအာရုံ ထွက်ပေါ်လာသည်နှင့် တပြိုင်နက် ပါရမီရှင်အားလုံး၏ သဘာဝပုံရိပ်များ ကျိုးကြေပျက်ဆီးသွားရ၏။

ယင်းက မယုံနိုင်စရာကောင်းသည်။

အကယ်ဒမီမှ မဟာအကြီးအကဲလည်း
အလွန်အံ့အားသင့်ကာ တစ်ကိုယ်လုံး
အေးစက်သွားသည်။

ရုတ်တရက် ဌာနမှူးနှင့် အခြားသူများ၏
ဆုံးဖြတ်ချက်သည် ဉာဏ်ကောင်းလွန်းသည်ဟု
ရုတ်တရက် ခံစားလာရသည်။

ကျွင်းရှောင်ယောက်က အမှန်တကယ်
ကြောက်စရာကောင်းလွန်း၏။

မြင့်မြတ်ဝိညာဉ်အကယ်ဒမီသာ ထိုလူ့ကို
ဆန့်ကျင်ခဲ့မိပါက ကောင်းစွာ နေရတော့မည်

မဟုတ်ပေ။

ယင်းကိုတွေးပြီးနောက် မဟာအကြီးအကဲ၏
နှလုံးသားထဲမှ  နာကျည်းမှုများလည်း
ငြိမ်သက်သွားတော့သည်။

ယင်ယန်မြင့်မြတ်သားတော်နှင့် ရှလန်တို့၏
သဘာဝအာရုံများကတော့ ပျက်ဆီးသွားတာ
ကြာမြင့်ခဲ့လေပြီ။

သူတို့နှစ်ယောက်မှာ လုံးဝ မခံနိုင်ဘဲ ဖိချေခံခဲ့ရသည်။

ကျွင်းရှောင်ယောက်ကို တကယ်ကြောက်နေပြီ၊ သူတို့
နောက်ထပ် ရန်မစဝံ့တော့ပါ။

'သေချာပြီ၊ သခင်လေးက အနာဂတ်မှာ
ပြိုင်ဘက်ကင်းတဲ့တည်ရှိမှုတစ်ခု ဖြစ်လာခဲ့မှာ
သေချာတယ်'

ကျွင်းလင်းလုံ၏ မျက်လုံးများလည်း
စိတ်လှုပ်ရှားစွာဖြင့် တလက်လက်
တောက်ပသွားသည်။

သူ၏ ခမ်းနားထည်ဝါသော ဝင်ပေါက်ခုနစ်ခု
နှလုံးသားက အနာဂတ်ကို ရှေးကတည်းက
ဟောကိန်းထုတ်ခဲ့၏။

သက်ရှိအားလုံးက ထိုလူရိပ်ကိုဦးညွှတ်ကာ
ကေရာဇ်ကျွင်းဟု ခေါ်နေကြလိမ့်မည်။

ယခု ပေါ်ပေါက်လာသော မြင်ကွင်းကိုမြင်ပြီးနောက်
သူ့စိတ်ထဲတွင် ပို၍ သေချာသွားခဲ့ပြီ ဖြစ်သည်။

'ငါရွေးချယ်မှု မမှားခဲ့ဘူး'
ကျွင်းလင်းလုံဟာ အလွန်ပျော်ရွှင်နေပြီး
ကိုယ့်ကိုယ်ကိုယ်ပင် ကျေနပ်သွားမိသည်။

သူ၏သခင်က ကောင်းကင်ကိုးဆင့်နှင့်
ကမ္ဘာဆယ်ခုအပါအဝင်
ကောင်းကင်စကြာဝဠာအားလုံးကို ဖိနှိပ်မည့်
သခင်လေးတစ်ယောက် ဖြစ်သည်။

ပတ်ဝန်းကျင်မှ ကျင့်ကြံသူများလည်း
အလွန်လေးစားသွားကြလေသည်။

တခြားလူများ မဆိုထားဘိ၊ ကျွင်းရှောင်ယောက်
ကိုယ်တိုင်တောင် အနည်းငယ် အံ့သြသွားသည်။

သို့ရာတွင် အဖြူရောင်ဝတ်လူရိပ်က
သူ့အနောက်တွင်ရှိနေသောကြောင့်
မည်သို့မည်ပုံမည်ပုံရှိသည်မှန်း မသိကြပေ။

'ဒါက တကယ်ကို အနာဂတ်ငါပဲလား'
ကျွင်းရှောင်ယောက် အံ့သြသွားသည်။

ဒါပေမယ့် သူ ဂရုမစိုက်ပါ။

သူ့ကံကြမ္မာက သူ့လက်ထဲမှာပဲ ရှိသည်။

လူအားလုံးကို ကျော်ခိုင်းထားသော ထိုပုံက
အမှန်တကယ်သူဖြစ်လျှင်ပင်
သူ့ကိုယ်ပိုင်ကန့်သတ်ချက်များကို ချိုးဖျက်ပြီး

အထွတ်အထိပ်အား ကျော်သွားခဲ့မည်ဖြစ်သည်။

'ကောင်းကင်တာအိုမျှော်စင်ထဲကိုဝင်မယ်'

ကျွင်းရှောင်ယောက်လည်း အနောက်ကို ပြန်လှည့်ကြည့်လိုက်သည်။ ထိုအခါ အားလုံး တုန်ခါပြီး ဖိအားခံစားနေရကြောင်း မြင်လိုက်ရ၏။

ကျွင်းရှောင်ယောက်လည်း ကောင်းကင်တာအို မျှော်စင်အတွင်းသို့ လျှောက်လှမ်းသွားခဲ့သည်။

ထိုအခါမှ ကြောက်မက်ဖွယ်ကောင်းသော အဖြူရောင်ဝတ်လူရိပ်မှာလည်း တဖြည်းဖြည်း ပျောက်ကွယ်သွားတော့သည်။

ဤတော့မှ ပါရမီရှင်တို့လည်း စိတ်သက်သာရာရစွာ

သက်ပြင်းချလိုက်ကြသည်။

"ဒါက ဘယ်လိုဖြစ်ရတာလဲ"

ဖာဟိုင်သည် စိတ်မငြိမ်မငြိမ်ဖြစ်ပြီး
တကိုယ်လုံးတုန်ခါသွားသည်။

အချိန်အတော်ကြာ အနောက်ဘက်နိမ့်ဘုံတွင်
လှေကျင့်နေပြီးနောက် အပြင်ကမ္ဘာသို့ဆင်းရာတွင်
အထွတ်အထိပ်သို့ ရောက်ရှိနေပြီးမည်ဟု
ထင်မှတ်ထားခဲ့သည်။

ရလဒ်အနေဖြင့်...

ယခုအခါ ခေါင်းမမော့နိုင်အောင် ဖိနှိပ်ခံခဲ့ရပေသည်။

“မဟုတ်ဘူး…” ဖာဟိုင်၏ မျက်လုံးများတွင် သွေးရောင်ဖျော့ဖျော့ အလင်းရောင်တစ်ခု ထွက်ပေါ်လာသည်။

မနာလိုမှု၊ ဒေါသ၊ မလိုလားမှု၊ နာကြည်းမှု၊ စိတ်ခံစားမှု အမျိုးမျိုးတို့သည် သူ့နှလုံးသားထဲတွင် တဒုန်းဒုန်း ခုန်ပေါက်လာ၏။

အနောက်ဘက်နိဗ္ဗာန်ဘုံမှလူများသာ ဤနေရာတွင် ရှိနေပါက အခြေအနေအား ချက်ချင်းသိကြပေလိမ့်မည်။

ယင်းက နတ်ဆိုးနှလုံးသားနှင့်ဗုဒ္ဓခန္ဓာ ဖြစ်သည်။

'မဟုတ်ဘူး၊ ဒီမကောင်းဆိုးဝါးကို ငါမယုံနိုင်ဘူး'

ရွှေတောင်ပံဘုရင် ရှောင်ပန်လည်း

တုန်ရင်မောဟိုက်သွားမိသည်။

သူသည် ပြိုင်ဘက်အားလုံးကို အနိုင်ပိုင်းရန်
ကိုယ့်ကိုယ်ကိုယ်ကျိန်ဆိုထား၏။

ယခုတော့ ကျွင်းရှောင်ယောက်ကြောင့်
သူ၏တာအိုနှလုံးသားပင် မငြိမ်မသက် ဖြစ်လာခဲ့ရပြီ
ဖြစ်သည်။

'ကျွင်းရှောင်ယောက်၊ နင်က ဘယ်လိုလူစားမျိုးလဲ။
မဟာကေရာဇ် လူဝင်စားတာလား၊ ဒါမှမဟုတ်
အစစ်အမှန်အင်မော်တယ်ပဲ လူပြန်ဝင်စားတာလား'
ကျိချင်းရီက သက်ပြင်းချလိုက်သည်။

သူမသာ ထိပ်တိုက်ရင်ဆိုင်ပါက လုံး၀

ချေမှုန်းခံရမည်။

သို့ရာတွင် မကြာမီ ပြန်လည်တည်ငြိမ်သွားသည်။

အင်မော်တယ်ဂိုဏ်းမှ သူတော်စင်ယောက်အနေဖြင့် သူ၏တာအိုနှလုံးသားမှာ ခိုင်မာလွန်းလှသည်။

ထို့နောက်တော့ ပါရမီရှင်များမှာ ကောင်းကင်တာအို မျှော်စင်အတွင်းသို့ တစ်ဦးပြီးတစ်ဦး ဝင်ရောက်သွားတော့သည်။

"ခင်ဗျားတို့ ပြောကြည့်ပါဦး၊ ကျွင်းရှောင်ယောက်က စံချိန်ကို ချိုးဖြတ်နိုင်မှာလား"

"ဖြစ်လောက်မယ်၊ သူက လေးဆယ့်ကိုးထပ်ကို

ရောက်နိုင်တယ်"

"ကျွင်းရှောင်ယောက်က ဒဏ္ဍာရီလာ
အထပ်ငါးဆယ်ကို တက်ရောက်နိုင်မှာလား"

“ဖြစ်နိုင်ပါ့မလားဗျ၊ ရှေးခေတ်က ပါရမီရှင်တွေတောင်
အထပ်ငါးဆယ်ကို မတက်နိုင်ခဲ့ဘူး”

"ဟုတ်တယ်ဗျ၊ ကောလဟာလတွေအရ
လေးဆယ့်ကိုး၊ ငါးဆယ်မှာ
ဆင့်ကဲဖြစ်စဉ်ရှိတာကြောင့် ဖြတ်ကျော်ဖို့
ခက်ခဲလွန်းတယ်"

ကျင့်ကြံသူများက စိတ်လှုပ်ရှားစွာ
ပြောဆိုလိုက်ကြသည်။

ယနေ့တွင် တကယ့်အံ့ဖွယ်အမှုကို
မြင်တွေ့နိုင်မည်ဟုလည်း ယုံကြည်နေကြ၏။

ကောင်းကင်တာအိုမျှော်စင်တွင်
ကျွင်းရှောင်ယောက်က ပထမအလွှာသို့
ဝင်ရောက်လာသည်။

ပတ်ပတ်လည်ကိုကြည့်လိုက်ပါက ယင်းမှာ
ဟင်းလင်းပြင် နေရာလွတ်တစ်ခု ဖြစ်ချေသည်။

'မျှော်လင့်ထားသလိုပဲ၊ ကောင်းကင်တာအိုမျှော်စင်က
ဝင်တဲ့သူတိုင်းကို စမ်းသပ်ဖို့အတွက် လွတ်လပ်တဲ့
ဟင်းလင်းပြင် အလိုအလျောက်
သတ်မှတ်ပေးလိမ့်မယ်'
ကျွင်းရှောင်ယောက်က တွေးလိုက်သည်။

ထိုအချိန်တွင် ရုပ်သေးရုပ်ဆယ်ခုက သူ့ရှေ့မှာ ရုတ်တရက်ပေါ်လာသည်။

ရုပ်သေးတစ်ခုစီသည် တာအိုပေါင်းစည်းခြင်းနယ်ပယ် ကျင့်ကြံခြင်းအခြေခံရှိ၏။

သိထားရသည်မှာ ယင်းက ပထမအလွှာသာ ရှိသေးသည်။

"ဟားဟား၊ ကြည့်ရတာ စမ်းသပ်မှုသုံးဆင့်ကို မဖြတ်ကျော်နိုင်သူတွေက ကောင်းကင်တာအိုမျှော်စင် ပထမအလွှာကိုတောင် ကျော်ဖြတ်နိုင်စွမ်း ရှိမယ်မထင်ဘူး"

ကျွင်းရှောင်ယောက်က ပေါ့ပေါ့ပါးပါး ရယ်မောကာ ပြောလိုက်သည်။

ယင်းက လူငယ်များအတွက်
အဆင့်ကျော်တိုက်ခိုက်နိုင်စွမ်းကို စမ်းသပ်ခဲ့ခြင်းပင်။

၎င်းမှာ အခြေခံ စမ်းသပ်မှုတစ်ခု ဖြစ်သည်။

ကျွင်းရှောင်ယောက်ဆိုရင်လည်း အမှောင်ကမ္ဘာ၏
နီဗားနားနယ်ပယ် လူသတ်သမားကို
သတ်ဖြတ်ခဲ့ဖူးသည်။

ယခုအခါ သူ၏ တိုက်ခိုက်နိုင်စွမ်းကို ကိုယ်တိုင်တောင်
မသိတော့ပါ။

သူ့လက်ဝါးကိုမြှောက်လိုက်သောအခါ
သဘာဝစွမ်းအင်များ ရုန်းကြွထွက်ပေါ်လာသည်။

ယင်းက တာအိုပေါင်းစည်းခြင်း
ရုပ်သေးဆယ်ကောင်ကို အပိုင်းပိုင်းခွဲပစ်လိုက်၏။

ကျွင်းရှောင်ယောက်က ဒုတိယအလွှာကို
ခြေလှမ်းအနည်းငယ်ဖြင့် တက်ရောက်သွားခဲ့သည်။

မကြာမီ ဒုတိယအလွှာကိုလည်း ဖြတ်ကျော်သွား၏။

ထို့နောက် တတိယအလွှာ...

တော်ရုံပါရမီရှင်များအတွက်
အလွန်ခက်ခဲသောစမ်းသပ်မှုက
ကျွင်းရှောင်ယောက်အတွက်တော့ ဖော်ပြရန်ပင်
မထိုက်တန်ပါ။

"ဒါ..."

အပြင်ဘက်မှ ကျင့်ကြံသူများ အေးခဲသွားကြသည်။

လူတစ်ယောက်က ဝင်ရောက်သွားတိုင်း
ကောင်းကင်တာအိုမျှော်စင်အပြင်ဘက်တွင်
နာမည်တစ်ခု ထွက်ပေါ်လာခဲ့၏။

ထို့ကြောင့် လေးညို့မှ ပစ်လွှတ်လိုက်သောမြှားကဲ့သို့
အရှိန်အဟုန်ဖြင့်သွားနေသော ကျွင်းရှောင်ယောက်ကို
မြင်ရသောအခါ အားလုံး အသက်ရှူရပ်လုနီးပါး
ဖြစ်ကုန်ရတော့သည်။

မြန်လွန်းသည်။

ယောက်ျားများအတွက် တခါတရံမှာ မြန်ဆန်ခြင်းက မကောင်းပေ။

သို့ရာတွင် ဤအချိန်မျိုးမှာတော့ မြန်လေကောင်းလေဖြစ်သည်။

ကျွင်းရှောင်ယောက်၏ အမြန်နှုန်းက အားလုံးကို အပြတ်အသတ် ကျော်လွန်သွားခဲ့ပြီ ဖြစ်သည်။

ကျိချင်းရီ၊ ကျွင်းလုံခန်း၊ ရွှေတောင်ပံဘုရင်ရှောင်ပန်နှင့် တခြားသူများကလည်း မနှေးပါ။

သို့ရာတွင် ကျွင်းရှောင်ယောက်နှင့်ယှဉ်ရင်တော့ အဝေးကြီးတွင် ဖြစ်သည်။

ဆယ်လွှာ။

အလွှာနှစ်ဆယ်။

အလွှာသုံးဆယ်။

ကျွင်းရှောင်ယောက်က တစ်ချက်မတွန့်ဘဲ
အလွှာတိုင်းကို ကျော်ဖြတ်သွားခဲ့သည်။

သူက အဆင့်တိုင်းတွင် လက်ဝါးတစ်ချက်သာရိုက်ပြီး
အရှေ့ဆက်ခဲ့၏။ သူက ထိုအလွှာများမှ
အခွင့်အရေးတို့ကို စိတ်မဝင်စားပေ။

သူအလေးထားသည်က မြင့်မြတ်ဝိညာဉ် လူဝင်စား

ဖြစ်သည်။

သုံးဆယ့်ငါးလွှာသို့ ရောက်သောအခါ ကျွင်းရှောင်ယောက်၏အရှိန်က အနည်းငယ် နှေးသွားသည်။

အကြောင်းမှာ ထိုအဆင့်သို့ရောက်သောအခါ သာမန်စမ်းသပ်မှုတစ်ခု မဟုတ်တော့သောကြောင့် ဖြစ်သည်။

ကျွင်းရှောင်ယောက်ကို ဖိနှိပ်ရန် အစီရင်များ ထွက်ပေါ်လာ၏။

ဤတွင် အဘက်ဘက်မှ ဖိနှိပ်ခံရသကဲ့သို့ ခံစားခဲ့ရသည်။

တချိန်တည်းမှာပင် သူနှင့်မျက်နှာချင်းဆိုင်တွင် ပုံရိပ်တစ်ခု တဖြည်းဖြည်းထွက်ပေါ်လာခဲ့၏။

'အဲ၊ ဒါက ကောင်းကင်တာအိုမျှော်စင်မှာ ရှေးကကျွမ်းကျင်သူတွေ ချန်ရစ်ခဲ့တဲ့ အမှတ်အသားပဲလား'

ကျွင်းရှောင်ယောက် မှန်းဆကြည့်လိုက်သည်။

-----------

အခန်း ( ၁၅၂ ) ကျိုးပဲ့လွယ်သော ဝါးကဲ့သို့၊ ရှေးကေရာဇ်၏သားငယ်ကို ဖျက်ဆီးကာ မဟာကေရာဇ်ငယ်အား တိုက်ခိုက်ခြင်း။

ရှေးကတည်းက ကောင်းကင်တာအိုမျှော်စင်ကို ချိုးဖြတ်ခဲ့သော မရေတွက်နိုင်သည့် ပါရမီရှင်များ ရှိခဲ့သည်။

သို့ရာတွင် ကျွင်းရှောင်ယောက်အနေဖြင့် ကောင်းကင်တာအိုမျှော်စင်က ထူးချွန်သောသူတို့၏ ပုံရိပ်များကို ဖမ်းယူကာ စမ်းသပ်မှုတစ်ခုအဖြစ် ပြုလုပ်နိုင်မည်ဟု စိတ်ကူးပင် မယဉ်ခဲ့ဖူးပါ။

ဆန့်ကျင်ဘက်တွင် ရှေးလူရိပ်က ကြက်သွေးရောင်လှံတစ်လက်ကို ကိုင်ဆွဲထားခဲ့သည်။

၎င်းက လှံချက်ထုတ်ဖော်သောအခါ လေထုအက်ကွဲသွားပြီး သွေးရောင်လေအလွှာတစ်ခု ဖြစ်ပေါ်လာခဲ့၏။

ကျွင်းရှောင်ယောက်က လက်ကိုဆန့်၍
ဖမ်းဆုပ်လိုက်သောအခါ အဆုံးမဲ့စွမ်းအားများက
အမှောင်နတ်ဘုရားလုံအဖြစ် စုဖွဲ့သွားသည်။

သူက အမှောင်နတ်ဘုရားလုံကို ရှေးလူကြီးထံသို့
ပစ်လွှတ်လိုက်သည်။

"ဝုန်း"
ချက်ချင်းပင် အမှောင်နတ်ဘုရားလုံက ရှေးလူရိပ်ကို
ဖောက်ထွင်းသွား၏။

ကျွင်းရှောင်ယောက်က နောက်အလှာကို ဆက်လက်
တက်လှမ်းသွားလေသည်။

ထိုအခါ အစီရင်က ပိုအားကောင်းလာပြီး

ကျွင်းရှောင်အား ဖိအားပေးလာသည်။

ဤအလွှာမှာလည်း ရှေးလူရိပ်တစ်ခု ရှိ၏။

၎င်းက ရတနာတံဆိပ်တော်တစ်ခုဖြင့်
ကျွင်းရှောင်ယောက်ကို တိုက်ခိုက်ခဲ့ပေသည်။

ထိုအခါ ကျွင်းရှောင်ယောက်က ငရဲမီးပြင်းဖိုကိုသုံး၍
၎င်းပုံရိပ်ကိုပါ သန့်စင်ဖျက်ဆီးပစ်လိုက်သည်။

ဤသို့ဖြင့် ကျွင်းရှောင်ယောက်ဟာ
အလွှာလေးဆယ်အထိ ရောက်ရှိလာခဲ့၏။

ပြင်ပမှာမှာတော့ အသံများ ပျောက်ကွယ်နေတာ
အချိန်အတော်ကြာမြင့်ခဲ့ချေပြီ။

ကျွင်းရှောင်ယောက်၏ အမြန်နှုန်းကို မည်သူမျှ မနိုင်းယှဉ်နိုင်ပါ။

"ဒါကြီးက ဘယ်လိုလဲဗျ။
ကောင်းကင်တာအိုမျှော်စင်က ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော်အတွက်
အလည်အပတ်နေရာတစ်ခု ဖြစ်နေပုံပဲ"
တစ်ယောက်က အံ့ကြိတ်ကာ ပြောလိုက်သည်။

အမှန်လည်း ကောင်းကင်တာအိုမျှော်စင်က ကျွင်းရှောင်ယောက်အတွက် အပျင်းပြေ လမ်းလျှောက်စရာ နေရာတစ်ခုကဲ့သို့ပင်။

ကျွင်းရှောင်ယောက်က လေးဆယ့်ငါးလွှာသို့ ရောက်ရှိသောအခါ အစီရင်များ ရုတ်တရက်

ပျောက်ကွယ်သွားသည်။

ကျွင်းရှောင်ယောက်လည်း ခွန်အားအပြည့်ကို ပြန်လည်ရရှိသွား၏။

သို့ရာတွင် ကျွင်းရှောင်ယောက်က သတိမပေါ့ပါ။

ဆန့်ကျင်ဘက်တွင် ရွှေရောင်အလင်းတန်းများ တောက်ပလာပြီး နဂါးဟိန်းသံ ထွက်ပေါ်လာသည်။

ထို့နောက်တော့ ရွှေရောင်အလင်းများနှင့် နဂါးဦးချိုမှစ၍ ပုံရိပ်တစ်ခု ပေါ်လာလေတော့သည်။

"ဒါ..."

ကျွင်းရှောင်ယောက်၏မျက်နှာအမူအရာက

နောက်ဆုံးတွင် အနည်းငယ်
အမူအရာပြောင်းလဲသွားခဲ့သည်။

အပြင်မှာလည်း ကျွင်းရှောင်ယောက်
မလှုပ်ရှားခြင်းကိုမြင်သောအခါ ကျင့်ကြံသူများ
တအံ့တဩဖြစ်သွား၏။

"လေးဆယ့်ငါးလွှာရဲ့ စမ်းသပ်မှုက ဘာလဲဗျ၊
နတ်ဘုရားသားတော်တောင် တကယ်ကြီး
ရပ်သွားခဲ့ပြီ"

အားလုံး အံ့ဩနေကြချိန်တွင် မဟာအကြီးအကဲက
အသက်ပြင်းပြင်းရှူပြီး ပြောလိုက်သည်။

"လေးဆယ့်ငါးထပ်ကနေ လေးဆယ့်ကိုးအထိ၊ အဲဒီမှာ
ပေါ်လာတာက ရှေးဧကရာဇ်ရဲ့ အငယ်ဆုံးသား၊
မဟာဧကရာဇ်ငယ်ဖြစ်နိုင်တယ်"

"ဘာ"

ယင်းကိုကြားသောအခါ မရေမတွက်နိုင်သည့် ကျင့်ကြံသူများ အသက်ပြင်းပြင်းရှူလိုက်ကြသည်။

မဟာကေရာဇ်ငယ်။

ရှေးကေရာဇ်ရဲ့ အငယ်ဆုံးသား။

ကြောက်စရာကောင်းလှသည်။ ထိုနာည်ကတင် လူတိုင်းကို တုန်ခါသွားစေရန် လုံလောက်၏။

တစ်နည်းအားဖြင့် ယခုအခါ ကျွင်းရှောင်ယောက်က ရှေးကေရာဇ်၏ အငယ်ဆုံးသားဖြစ်သော မဟာကေရာဇ်ငယ်နှင့် တိုက်ခိုက်ရတော့မည် ဖြစ်သည်။

"ဒါက လွန်လွန်းတယ်၊ ဒီမျိုးဆက်ရဲ့ ပါရမီရှင်တွေက
သူ့ကို ရိုက်နိုင်ပါတော့မလား"

ရှေးဟောင်းမျိုးနွယ်မှ လူတစ်ယောက်က
သက်ပြင်းချလိုက်သည်။

ရှေးခေတ်က သဘာဝဥပဒေသများ
ပြောင်းလဲလာသောအခါ လူသားတို့အတွက်
အင်မော်တယ်ဖြစ်ရန် မဆိုထားဘိ၊ ဧကရာဇ်
ဖြစ်လာရန်ပင် အလွန်ခက်ခဲလာခဲ့သည်။

ထို့ကြောင့် ရှေးဧကရာဇ်ငယ်နှင့် မျိုးဆက်သစ်များကို
ရင်ဆိုင်စေခြင်းက အနည်းငယ် အနိုင်ကျင့်ရာ
ကျပေသည်။

"ဒီနေ့ခေတ်ကလူတွေ လေးဆယ့်ကိုးလွှာကို ဘယ်သူမှ

ခြေမချနိုင်တာ အံ့သြစရာမရှိတော့ပါဘူး။ ဒါက ဖြစ်မှမဖြစ်နိုင်တာ"

ကျင့်ကြံသူတစ်ယောက်ကလည်း ခေါင်းခါယမ်းလိုက်သည်။

ယင်းက မဖြစ်နိုင်သလောက်ခက်ခဲသော ကိစ္စတစ်ခုပင်။

အနိုင်ယူရန် မဆိုထားဘိ၊ ထိပ်တိုက်ရင်ဆိုင်ဖို့ပင် မဖြစ်နိုင်ပါချေ။

"ဒါကတော့ ပြောလို့ရသေးဘူး။ ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော်က သာမန်အသိအမြင်နဲ့ တိုင်းတာမရတဲ့ နတ်ဆိုးတစ်ကောင်ပဲလေ။ သူပြသခဲ့တဲ့ အဖြူရောင်ဝတ်စုံနဲ့လူကိုလည်း မမေ့နဲ့ဦး"

ကျင့်ကြံသူတချို့က သတိပေးလိုက်သည်။

ထိုအခါ လူတိုင်းပဲ တပြိုင်နက်တည်း
တုန်လှုပ်သွားကြလေသည်။

တကယ်လည်း အဖြူရောင်ဝတ်နှင့် လူပုံရိပ်က
မဟာကေရာဇ်၊ ရှေးကေရာဇ်တို့ထက်
အားကောင်းသည်။

ယနေ့တွင်၊ သူတို့က အံ့ဖွယ်အမှုတစ်ခုကို
အမှန်တကယ် သက်သေခံနိုင်ပေလိမ့်မည်။

ကောင်းကင်တာအိုမျှော်စင်၏
လေးဆယ့်ငါးလွှာမြောက်တွင်...

တိုက်ပွဲစတင်ခဲ့ပြီး ကြောက်စရာအရှိန်အဝါများဖြင့် ပြည့်နှက်နေသည်။

ကျွင်းရှောင်ယောက်က လက်ဝါးကိုဆန့်ထုတ်လိုက်သောအခါ ဟင်းလင်းပြင်ပင် ပြိုကျသွား၏။

အခြားတစ်ဖက်မှာတော့ ရွှေဦးချိုဖြင့်ပုံရိပ်က နဂါးတစ်ကောင်ရစ်ပတ်နေသော လက်သီးချက်ကို ထုတ်ဖော်လိုက်သည်။

"ဒါက အစစ်အမှန်နဂါးရဲ့ သားငယ် အမှတ်သားပဲလား"
ကျွင်းရှောင်ယောက် အံ့သြသွားသည်။

သူ၏ရုပ်ခန္ဓာက အလွန်သန်မာကာ

ပြိုင်ဘက်ကင်းသလောက် ရှိသည်။

ထို့ကြောင့် ကျွင်းရှောင်ယောက်တိုက်ခိုက်လျှင်
သိုင်းပညာသုံးခဲ့ပြီး တိုက်ရိုက်ဖိနှိပ်လေ့ရှိ၏။

သူ၏ လက်ဝါးရိုက်ချက်ကို ခံနိုင်ရည်ရှိသော
ပါရမီရှင်က များစွာမရှိပေ။

ယခုတော့ ပိန်ပိန်လှီလှီ ဤပုံရိပ်က သူ့ကို
အမှန်တကယ် ယှဉ်နိုင်နေသည်။

ထို့ကြောင့် အစစ်အမှန်နဂါး၏ သားငယ်မှလွဲ၍
တခြားအကြောင်းပြချက်ကို မတွေးတတ်တော့ပေ။

အစစ်အမှန်နဂါး၏ သားငယ်သည်

သားသမီးကိုပြောခြင်းမဟုတ်ဘဲ နဂါးမျိုးနွယ်မှ သန့်မာသောသူကို ရည်ညွှန်းခြင်း ဖြစ်သည်။

"အစစ်အမှန်နဂါးရဲ့သားငယ်ဆိုရင်တောင် ဘာဖြစ်သေးလဲ။ ငါ့ရဲ့ခန္ဓာက ဒီကမ္ဘာမှာ အတုမဲ့တယ်၊ အစစ်အမှန်နဂါးတွေတောင် ငါ့အရှေ့မှာ ဒူးထောက်ရမယ်"

ကျွင်းရှောင်ယောက်က ထာဝရအင်မော်တယ်အရိုးကို ထုတ်ဖော်၍ လက်ဝါးတစ်ချက် ရိုက်ထုတ်လိုက်သည်။

ထိုအခါ ထာဝရအင်မော်တယ်အရိုးကြီးလေးဆယ်၏ စွမ်းအားများက တပြိုင်နက်တည်း ထွက်လာခဲ့၏။

တခဏချင်းမှာပဲ ကျွင်းရှောင်ယောက်၏ စွမ်းအားကလည်း အဆပေါင်းများစွာ မြင့်တက်လာတော့သည်။

တချိန်တည်းမှာပင် သူက ဧကရာဇ်တံဆိပ်တော်ကို ထုတ်ဖော်လိုက်သည်။

ကောင်းကင်တာအိုမျှော်စင်အတွင်းရှိ ဟင်းလင်းပြင်က အပြင်ဘက်ကဲ့သို့ မတည်ငြိမ်ပါ။

ထို့ကြောင့် ယခုအချိန်တွင် ကျွင်းရှောင်ယောက်က အကန့်အသတ်ကိုကျော်လွန်ပြီး ဟင်းလင်းပြင်ကို တိုက်ရိုက် ဖြိုခွဲပစ်လိုက်သည်။

အစစ်အမှန်နဂါး၏ အငယ်ဆုံးသားပုံရိပ်ကည်း ရွှေရောင်အလင်းများ ပြည့်နှက်လာသည်။ ၎င်းကလည်း ဖင်းဂေါ့ခန္ဓာစွမ်းအားကို အပြည့်အဝ ထုတ်ဖော်လိုက်၏။

"ဝုန်း"

ကြောက်စရာအင်အားများက ဟင်းလင်းပြင်ကို ဆုပ်ဖြဲကာ အနက်ရောင်အက်ကြောင်းများ ဖြစ်ပေါ်လာစေခဲ့သည်။

ဤတစ်ခါမှာတော့ ကေရာဇ်တံဆိပ်တော်သည် ရှေးဟောင်းနဂါးကို လုံးဝ ဖိနှိပ်သွား၏။ ၎င်းက လုံးဝ ချေမှုန်းခံလိုက်ရတော့သည်။

ကျွင်းရှောင်ယောက်လည်း လေးဆယ့်ခြောက်လွှာသို့ ဆက်လက် တက်လှမ်းသွားခဲ့သည်။

အပြင်ဘက်မှာတော့ ကျွင်းရှောင်ယောက်သည် လေးဆယ့်ခြောက်လွှာသို့ ရောက်ရှိသွားကြောင်း မြင်လိုက်ရ၏။

နေရာက ခဏာတိတ်ဆိတ်ပြီးနောက် အာမေဋိတ်သံများ ထွက်ပေါ်လာလေတော့သည်။

"ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော် အောင်မြင်သွားပြီ"

"အံ့သြစရာပဲဟော့၊ သူက မဟာကေရာဇ်ငယ်၊ တစ်နည်း ရှေးကေရာဇ်ရဲ့ သားငယ်ကို အနိုင်ယူခဲ့တာလား"

ကျင့်ကြံသူများက ပြောဆိုလိုက်ကြသည်။ နှစ်ပေါင်းများစွာကြာသည်အထိ ဤအခြေအနေမျိုး တစ်ခါမျှ မဖြစ်ခဲ့ဖူးပါ။

လေးဆယ့်ခြောက်လှာမပြောနှင့်၊ အထပ်လေးဆယ်အထိ တက်လှမ်းရန်ပင်

ခက်ခဲလွန်းလှသည်။

"အိုး၊ ကျိမ်သားစုရဲ့ နတ်ဘုရားမကလည်း
အလွှာလေးဆယ်ကိုရောက်သွားပြီ"
တချို့က သတိပြုမိသွားသည်။

"ကျွင်းမိသားစုက နှစ်သွယ်မျက်လုံးကောပဲ"

"ရဲ့မိသားစုက ကြယ်ဘုရင်ခန္ဓာလည်း အတူတူပဲဗျ"

မကြာမီ အလွှာလေးဆယ်သို့ ပါရမီရှင်များ
ရောက်ရှိလာကြသည်။

အရင်တုန်းကတော့ ယင်းမှာ လူအများကို
အာရုံစိုက်စေပေလိမ့်မည်။

သို့သော်လည်း ယခုအခါ ၎င်းတို့အရှေ့မှာ
ကျွင်းရှောင်ယောက်ရှိနေခဲ့ပြီ ဖြစ်သည်။

ထို့ကြောင့် အလွှာလေးဆယ်မှ ပါရမီရှင်များဟာ
၎င်းတို့ကို မအံ့သြစေနိုင်တော့ပါ။

လေးဆယ့်ခြောက်လွှာတွင်
ကျွင်းရှောင်ယောင်၏ပြိုင်ဘက်က အဇူရာရောင်
ကြာပန်းတစ်ခုကိုကိုင်ထားသော သွယ်လျသည့်
ပုံရိပ်တစ်ခု ဖြစ်သည်။

၎င်းမှာ ယခင် အစစ်အမှန်နဂါးသားငယ်ထက် များစွာ
ပိုအားကောင်း၏။

သူ၏ လှုပ်ရှားမှုတစ်ခုစီက လေထုကို

တုန်ခါသွားစေသည်။

"ဒါက မဟာကေရာဇ်ငယ်ပဲလား"

ကျွင်းရှောင်ယောက် မှန်းဆကြည့်လိုက်သည်။

အစောပိုင်းက အစစ်အမှန်နဂါး၏ သားငယ်၊ ယခု မဟာကေရာဇ်ငယ်။

ရှေးကတည်းက လေးဆယ့်ကိုးလွှာကို တက်ရောက်နိုင်သူ ရှားပါးခဲ့သည်မှာ အံ့သြစရာမဟုတ်တော့ပေ။ ဤစိန်ခေါ်မှုမျိုးက အလွန်ခက်ခဲသည်။

ဤတစ်ခါတော့ ကျွင်းရှောင်ယောက်ပင် အနည်းငယ် ပိုအားထုတ်ရ၏။

သူသည် မဟာနတ်ဘုရားသိုင်းငါးခုထဲမှ
မူလအုပ်ချုပ်သူ တာအိုစားနှင့်
အင်မော်တယ်သတ်ဓားသိုင်းတို့ကို
ထုတ်ဖော်ခဲ့ပေသည်။

သူက အစွမ်းထက်သော သိုင်းပညာများကို
ထုတ်ဖော်ပြသခဲ့သည်။

နောက်ဆုံးတွင် ကျွင်းရှောင်ယောက်က ထိုပုံရိပ်ကို
သတ်ဖြတ်နိုင်ခဲ့၏။

လေးဆယ့်ခုနစ်လွှာတွင် ရင်ဆိုင်ရသည်က
ကျောဘက်တွင် အနက်ရောင် အတောင်များပါသော
ကြက်သွေးရောင် မီးလျှံတစ်ခု ဖြစ်သည်။

ကျွင်းရှောင်ယောက်၏ ခန့်မှန်းမှုအရ ၎င်းမှာ
အစစ်အမှန် ဖီးနစ်ငယ်ပင် ဖြစ်လိမ့်မည်။

ထို့နောက်မှာတော့ ကျွင်းရှောင်ယောက်က
အစစ်အမှန်ဖီးနစ်ငယ်ကို လက်ဝါးဖြင့်
ရိုက်ခွဲပစ်လိုက်သည်။

လေးဆယ့်ရှစ်လွှာရှိ ကျွင်းရှောင်ယောက်၏
ပြိုင်ဘက်ကတော့ မျှော်စင်တစ်ခုကိုကိုင်ထားသည်။
၎င်းက ခန္ဓာကိုယ်ကြွခိုင်ကာ
အစွမ်းထက်အရှိန်အဝါများ ထွက်ပေါ်လျက်ရှိ၏။

ဤတိုက်ပွဲမှာတော့ သူတော်စင်တစ်သောင်း
အရိုအသေပေးခြင်းနှင့်
ကောင်းကင်ဖျက်ဆီးခြင်းအလင်းကဲ့သို့
သူ၏ဝှက်ဖဲတချို့ကို ပြသခဲ့ရသည်။

ဤသို့ဖြင့် အဆုံးတွင် ကြောက်မက်ဖွယ်ကောင်းသော ပုံရိပ်ကို ဖျက်ဆီးပစ်နိုင်ခဲ့၏။

"ဒါက လေးဆယ့်ကိုးလွှာမြောက်..."

ကျွင်းရှောင်ယောက်လည်း လေးနက်သော မျက်လုံးတို့ဖြင့် အရှေ့ကို လှမ်းတက်လိုက်တော့သည်။

-----------

အခန်း ( ၁၅၃ ) လေးဆယ့်ကိုးလွှာတွင်၊ သရဲမျက်နှာဖုံးဖြင့် ထူးခြားသောမိန်းကလေး၊ ကောင်းကင်လက်ဝါး၏ စွမ်းအား။

ကောင်းကင်တာအိုမျှော်စင်တွင်

အလှောင်းဆယ်ရှိသည်။

သို့ရာတွင် ကောလဟာလများအရ
အလှောင်းဆယ်မြောက်ကို ဘယ်သူမှ ခြေမချနိုင်ခဲ့ပေ။

ရှေးကတည်းက လေးဆယ့်ကိုးလွှာသည်
ကောင်းကင်တာအိုမျှော်စင်၏ အမြင့်ဆုံးအလွှာ
ဖြစ်ခဲ့သည်။

အလှောင်းဆယ်မြောက်သည် မြင့်မြတ်ဝိညာဉ်
ထာဝရအိပ်စက်ရာ နေရာတစ်ခုဟူ၍ပင်
ကောလဟာလများရှိ၏။

ရှေးခေတ်မှ ယခုအချိန်ထိပင် လေးဆယ့်ကိုးလွှာသို့
ခြေချနိုင်ခဲ့သူက  ကျွင်းရှောင်ယောက်
တစ်ယောက်တည်းသာ ရှိလေသည်။

အဆုံးစွန်ထိ ဖြတ်ကျော်နိုင်မလား မဆိုထားနှင့်၊ ထိုအဆင့်သို့ ရောက်နိုင်ရုံဖြင့်ပင် အံ့ဖွယ်ကောင်းပြီး သမိုင်းမှတ်တမ်းမှာ မှတ်တမ်းတင်ခံရမည် ဖြစ်သည်။

"လေးဆယ့်ကိုးလွှာ"

ပြင်ပမှာတော့ မရေမတွက်နိုင်သော ကျင့်ကြံသူများ အံ့သြတုန်လှုပ်သွားကြသည်။ ၎င်းတို့သည် သမိုင်းမှာ ပျောက်ကွယ်သွားသော မြင်ကွင်းတစ်ခုကို သူတို့ မြင်ရဲ့သကဲ့သို့ ခံစားလိုက်ရ၏။

အကယ်ဒမီမှ မဟာအကြီးအကဲလည်း ရင်တဒိန်းဒိန်းခုန်ပေါက်နေတော့သည်။

သူက သန့်စင်ခြင်းသခင် ကျွမ်းကျင်သူတစ်ဦးဖြစ်သော်လည်း ဤအခိုက်တွင်

ပြင်းပြင်းထန်ထန် တုန်လှုပ်နေမိပြီ ဖြစ်သည်။

ထိုအချိန်တွင် အကယ်ဒမီအတွင်းပိုင်းမှ
မဟာအကြီးအကဲကို အသံပို့လွှတ်၍ ရုတ်တရက်
စကားပြောလာသည်။

ဤအသံလွှင့်လာသူကတော့
မြင့်မြတ်ဝိညာဉ်အကယ်ဒမီ၏ ဌာနမှူးဖြစ်သည်။

အသံလွှင့်ခြင်းကို ကြားရပြီးသောအခါ
မဟာအကြီးအကဲ အံ့သြသွား၏။

'ဘယ်လိုကြီးလဲ၊ တကယ်ပဲ ဒီလိုလုပ်ဖို့ လိုတာလား'

မဟာအကြီးအကဲက စိတ်ရှုပ်ထွေးနေသည်။
အကယ်ဒမီက ဤဆုံးဖြတ်ချက်မျိုး ချလာမည်ဟု

ထင်မထားခဲ့ပေ။

'ကျွင်းမိသားစုက နတ်ဘုရားသားတော်ရဲ့ ပါရမီက အရမ်းကြောက်စရာကောင်းတာကို၊ မဟုတ်ရင် ဘာနမူးနဲ့ တခြားသူတွေက ဒီဆုံးဖြတ်ချက်ကို ချမှာမဟုတ်ဘူး'

မဟာအကြီးအကဲလည်း သက်ပြင်းချလိုက်သည်။

နှစ်ပေါင်းမရေတွက်နိုင်အောင် သမိုင်းကြောင်းရှိသော မြင့်မြတ်ဝိညာဉ်အကယ်ဒမီက ဆယ်ကျော်သက် လူငယ်လေးတစ်ယောက်ကို ဦးညွှတ်ရလျှင် ရှက်ဖွယ်အလွန်ကောင်းလိမ့်မည်။

အပြင်လူများ ရှုးသွပ်နေချိန်တွင် ကျွင်းရှောင်ယောက်က လေးဆယ့်ကိုးလွှာသို့ ရောက်ရှိလာသည်။

လေးဆယ့်ကိုးလွှာရှိ ပြိုင်ဘက်က
ဘယ်လိုဖြစ်မည်မှန်း အမှန်တကယ် သူသိချင်နေမိ၏။

ထိုအချိန်တွင် သူနှင့် မျက်နှာချင်းဆိုင်မှ မိုးဖွဲလေးများ
ကျဆင်းလာသည်။

မကြာမီ သွယ်လျသော ပုံရိပ်လေးတစ်ခု ပေါ်လာခဲ့၏။

ယင်းက နှင်းဖြူကဲ့သို့ အသားရေနှင့်
မိန်းမပျိုတစ်ဦးဖြစ်ပုံရသော်လည်း မြူခိုးများကြောင့်
သေချာမမြင်ရပါ။

သူမ၏မျက်နှာမှာတော့ ရှုံ့မဲ့နေပုံရသော
မျက်နှာဖုံးတစ်ခုကို ဝတ်ထားသည်။

မျက်နှာဖုံးအောက်ရှိ မျက်လုံးများကလည်း အလင်းရောင်ဖျော့ဖျော့နှင့် နက်ရှိုင်းကာ ဘာမျှမထူးခြားပေ။

သူမ၏လက်ပေါ်တွင် ကြေးလက်စွပ်တစ်ကွင်းကို ဝတ်ဆင်ထားသည်။ ယင်းက တစ်ခါတစ်ရံ ခေါင်းလောင်းအဖြစ်သို့ ပြောင်းလဲကာ တစ်ခါတရံ ဒယ်စောက်အိုးအဖြစ်သို့ ပြောင်းလဲသည်။ တစ်ခါတစ်ရံတော့လည်း ဓားအဖြစ်သို့ ပြောင်းလဲသွား၏။

"အဲ"

ကျွင်းရှောင်ယောက်သည် ရုတ်တရက် ပုံမှန်မဟုတ်သော စွမ်းအင်တစ်ခုကို သတိပြုမိလိုက်သည်။

တကယ်ကြီး သူသည် အန္တရာယ်ရှိသကဲ့သို့
ခံစားလိုက်ရ၏။

ကျွင်းရှောင်ယောက်အဖို့ ယင်းက မယုံနိုင်စရာပင်။

သူသည် မွေးဖွားလာစဉ်ကတည်းက
ပြိုင်ဘက်များစွာကို ရင်ဆိုင်ဖူးသော်လည်း
ပြင်းပြသောအန္တရာယ်ကို တစ်ခါမှ မခံစားရပါ။

သို့ရာတွင် မျက်နှာဖုံးစွပ်ထားသော ဤမိန်းကလေးက
ရှားရှားပါးပါး အန္တရာယ်ကို ခံစားလာရသည်။

ဤခံစားချက်က သူ့အတွက်တော့ အထူးအဆန်းပင်။
ယင်းက သူတစ်ခါမျှ မကြုံဖူးသော

အတွေ့အကြုံတစ်ခု ဖြစ်သည်။

ထိုအချိန်တွင် သရဲမျက်နှာဖုံးဖြင့် မိန်းကလေးထံမှ အသံထွက်လာသည်။

"ခုနစ်ရောင် လီလီပန်းလေး ပြန်ရှင်သန်လို့ နှစ်တစ်ထောင်အကြာမှာ အင်မော်တယ်လေး ဖြစ်လာခဲ့ပြီလေ..."

"အကို... ရှင်က ဘယ်မှာလဲ..."

ပြောရင်း တစ္ဆေမျက်နှာဖုံးဖြင့် မိန်းကလေးက နက်ရှိုင်းသောမျက်လုံးဖြင့် ကျွင်းရှောင်ယောက်ကို ရုတ်တရက် ကြည့်လိုက်သည်။

"အကို... ရှင်ပဲ..."

"မင်းဘာကို ဆိုလိုတာလဲ"

ကျွင်းရှောင်ယောက် စိတ်ရှုပ်ထွေးသွားကာ မျက်မှောင်ကြုတ်လိုက်သည်။

ဘယ်အချိန်ကစပြီး မင်းက ငါ့ညီမလေး ဖြစ်လာတာလဲ။

"မ.. မဟုတ်ဘူး... ရှင်မဟုတ်ဘူး..."

တစ္ဆေမျက်နှာဖုံးနှင့် မိန်းကလေးက ခေါင်းကို ပြင်းပြင်းထန်ထန် ခါယမ်းလိုက်သည်။ မျက်နှာဖုံးအောက်မှ သူ့မျက်လုံးမှာလည်း သွေးစွန်းလာပုံရ၏။  သွေးရောင် ပြန်လည်ရှင်သန်ခြင်း လီလီပန်းကလေးများကလည်း ခြေဖဝါးအောက်မှ ပျံ့နှံ့လာကာ ချက်ချင်း ပြည့်နှက်သွားတော့သည်။

"မကောင်းတော့ဘူး"

ကျွင်းရှောင်ယောက်လည်း မတုံ့ဆိုင်းတော့ဘဲ လှုပ်ရှားလိုက်သည်။ သူသည် သူတော်စင်တစ်သောင်း အရိုအသေပေးခြင်း သဘာဝအာရုံကို တိုက်ရိုက် ထုတ်ဖော်လိုက်၏။

ချက်ချင်းပင် သူတော်စင်တစ်သောင်းပုံရိပ်များ ထွက်ပေါ်လာပြီး သူ့ကို ဦးညွှတ်လိုက်ကြတော့သည်။

ထိုအခါ ဖိအားတစ်ခုလည်း ထွက်ပေါ်လာပြီး ပြန်လည်ရှင်သန်ခြင်း လီလီပန်းများနှင့် တိုက်မိသွားခဲ့သည်။

တစ်ဖက်က မြင့်မြတ်ခန္ဓာ၏ သဘာဝဖြစ်စဉ်၊ နောက်တစ်ဖက်မှာတော့ သရဲမျက်နှာဖုံးဖြင့်

မိန်းကလေး၏ ထူးဆန်းသော နယ်ပယ်...
နှစ်ဖက်တွေ့ဆုံသည်နှင့် ဟင်းလင်းပြင်က
ကွဲအက်သွားခဲ့သည်။

ပတ်ဝန်းကျင်တစ်ခုလုံး အမှောင်ကျသွားကာ
နှစ်ယောက်သား ဆန့်ကျင်ဘက်တွင် ရပ်လိုက်၏။

သရဲမျက်နှာဖုံးစွပ် မိန်းကလေး၏ လက်စွပ်က
ဓားတစ်လက်ဖြစ်သွားခဲ့လေသည်။ မိန်းကလေးက
ဓားကိုကိုင်ပြီး ကျွင်းရှောင်ယောက်ကို
ပြေးဝင်တိုက်ခိုက်လိုက်သည်။

ဓားတစ်ချက်က ကြယ်မြစ်ကြီးတစ်စင်း
ထွက်ပေါ်လာသလို
အလွန်ကြောက်စရာကောင်းသောအင်အားကို
သယ်ဆောင်လာခဲ့၏။

ဤမိန်းကလေး၏ ကျပန်းဓားတစ်ချက်ကို
မျက်မှောက်ခေတ်မှ ပါရမီရှင်အများစုပင်
ခံနိုင်ကြမည် မထင်ပေ။

ကျွင်းရှောင်ယောက်လည်း လျှို့မနေတော့ပါ။
ဤသရဲမျက်နှာဖုံးစွပ် မိန်းကလေးကို
သာမန်အသိအမြင်နှင့် တိုင်းတာမရမှန်း သူသိသည်။

သူက လက်နက်တစ်သောင်း မုန်တိုင်းသိုင်းကို
ထုတ်ဖော်လိုက်သောအခါ ဓား၊ လှံ၊ လက်နက်မျိုးစုံက
သရဲမျက်နှာဖုံးစွပ် မိန်းကလေးထံသို့
ပြေးဝင်သွားခဲ့သည်။

သို့ရာတွင် မိန်းကလေးထံမှဓားအလင်းက
ကျွင်းရှောင်ယောက်ထံသို့

ဆက်လက်တိုးဝင်လာနေဆဲပင်။

"စိတ်ဝင်စားစရာပဲ၊ ထိုက်တန်တဲ့ ပြိုင်ဘက်ကို မတွေ့ရတာကြာပြီ"

ကျွင်းရှောင်ယောက်သည် ကြောက်ရွံ့ခြင်းမရှိဘဲ အနည်းငယ်ပင် စိတ်လှုပ်ရှားလာသည်။

သူ့ကို အန္တရာယ်ဖြစ်စေနိုင်သော ပြိုင်ဘက်နှင့်တွေ့ရန်ဆိုတာ အလွန်ရှား၏။

ကျွင်းရှောင်ယောက်လည်း သားနို့စ်သူတော်စင်ဘုရင်လက်အိတ်ကို ထုတ်ယူ ဝတ်ဆင်လိုက်လေသည်။

ဤလက်အိတ်က သူတော်စင်ဘုရင် လက်အရိုးကို နတ်ခရမ်းရွှေအချို့ဖြင့်

ပြုလုပ်ထားခြင်းဖြစ်သောကြောင့်
၎င်း၏အဖျက်စွမ်းအားက
ကြောက်စရာကောင်းလှသည်။

ကျွင်းရှောင်ယောက်က
သားနှိုစ်သူတော်စင်ဘုရင်လက်အိတ်ကို
ညာလက်မှာဝတ်ပြီး မိန်းကလေး၏ ဓားချက်ကို
ထိပ်တိုက် ရင်ဆိုင်လိုက်သည်။

ပြင်းထန်သောမီးပွားများ ဖြာထွက်လာကာ သံတ္တုသံ
တုန်ခါလှိုင်းတစ်ခုကလည်း နေရာအနှံ့သို့
ဖြာထွက်သွား၏။

သရဲမျက်နှာဖုံးစွပ်မိန်းကလေးလည်း
အနောက်ပြန်ဆုတ်သွားရကာ လက်ထဲမှဓားပင်
လွတ်ကျလုနီး ဖြစ်သွားခဲ့ရသည်။

"မဆိုးဘူး"

ဤမြင်ကွင်းကိုမြင်သောအခါ ကျွင်းရှောင်ယောက်
အနည်းငယ် ခေါင်းညိတ်လိုက်မိသည်။

အနှိုင်းမဲ့နတ်ဆင်ခွန်အား၊
သားနှိုစ်သူတော်စင်ဘုရင်လက်အိတ်၊
ရှေးဟောင်းမြင့်မြတ်ခန္ဓာတို့ဖြင့် ပေါင်းစပ်ထားသော
ဤလက်သီးချက်သည် ကောင်းကင်ကိုပင်
အပေါက်ဖောက်နိုင်လောက်သည်။

ထို့ပြင် ထာတရအင်မော်တယ်အရိုးလည်း
ရှိသေးပေရာ ၎င်း၏စွမ်းအားက ပြောနေစရာပင်
မလိုတော့ပေ။

သို့တိုင် တစ်ဖက်လူက ခုခံနိုင်ခဲ့သောကြောင့်

မိန်းကလေး၏ခွန်အားကို သိနိုင်ကြပေမည်။

သို့သော်လည်း ယင်းက
ကျွင်းရှောင်ယောက်အရှေ့မှာတော့
မလုံလောက်သေးပါ။

“သင့်တော်တဲ့ လက်သီးသိုင်းကို ရှာနိုင်ခဲ့ရင်
ရှယ်ဖြစ်မှာ"
ကျွင်းရှာင်ယောက်က ခေါင်းကို
အနည်းငယ်ခါယမ်းလိုက်သည်။

အကယ်၍ သင့်လျော်သော လက်သီးသိုင်းရှိထားပါက
သားနို့စ်သူတော်စင်ဘုရင်လက်အိတ်နှင့်
ပြီးပြည့်စုံလိမ့်မည်။

သရဲမျက်နှာဖုံးစွပ် မိန်းကလေးက လက်ဝါးတစ်ချက်

ရိုက်ထုတ်လိုက်သောအခါ
မရေတွက်နိုင်သောပန်းပွင့်များ ထွက်ပေါ်လာပြီး
လွမ်းဆွတ်ဖွယ်ခံစားချက်ကို ပေးစွမ်းခဲ့၏။

“ဒီနည်းလမ်း…”

ကျွင်းရှောင်ယောက်၏ မျက်လုံးများ
ကျဉ်းမြောင်းသွားခဲ့သည်။

ကမ္ဘာခြားတွင်လည်း ထူးခြားသော
ကောရာဇ်မျိုးနွယ်တစ်ခုရှိကြောင်း သူကြားဖူးသည်။

၎င်းတို့ခန္ဓာက ထူးခြားဆန်းပြားစွာ ပန်းပွင့်များဟု
ကောလဟာလများရှိ၏။

သို့သော်လည်း ဤအချက်တစ်ခုတည်းကို အခြေခံ၍
ဤသရဲမျက်နှာဖုံးဖြင့်မိန်းကလေးသည် ကမ္ဘာခြားနှင့်

ဆက်နွယ်သည်ဟု ကောက်ချက်ချက အနည်းငယ်
အဆင်ခြင်မဲ့သို ဖြစ်ပေမည်။

"ထားပါ၊ အခုအရေးကြီးတာကိုပဲ အာရုံစိုက်မယ်"
ကျွင်းရှောင်ယောက်က ရေရွတ်လိုက်သည်။

သူ့အတွက် အရေးကြီးဆုံးက ဤအဆင့်ကို
ကျော်ဖြတ်ဖို့ပင် ဖြစ်သည်။

တစ္ဆေမျက်နှာဖုံးစွပ် မိန်းကလေးက သူ့အစ်ကိုကြီးလို့
ခေါ်ရင်တောင်မှ ကျွင်းရှောင်ယောက်ဟာ
သတ်ချင်နေသေးသည်။

ကျွင်းရှောင်ယောက်၏ရင်ဝမှ
တောက်ပသောအလင်းများ ထွက်ပေါ်လာသည်။

၎င်းက အန္တိုင်းမဲ့အရိုး၏ နတ်ဘုရားစွမ်းရည်၊
ကောင်းကင်ကပ်ဘေးအလင်း ဖြစ်သည်။

ကြောက်မက်ဖွယ်ကောင်းသော အလင်းတန်းသည်
ပတ်ဝန်းကျင်အမှောင်ထုကို လင်းထိန်သွားစေခဲ့၏။

ဤအလင်းတန်းက ကောင်းကင်ဘုံမှ
ဆင်းသက်လာသော ကပ်ဘေးတစ်ခုကဲ့သို့ပင်
ဖြစ်သည်။

သရဲမျက်နှာဖုံးစွပ် မိန်းကလေးကလည်း
အစွမ်းထက်တိုက်ခိုက်မှုကို တစ်ဖန်
အသက်သွင်းလိုက်သည်။ ထိုအခါ အရာအားလုံးကို
ဝါးမျိုသွားတော့မည်ကဲ့သို့ အနက်ရောင် ရေဝဲတစ်ခု
ပေါ်လာခဲ့၏။

ၛင်းက ကပ်ဘေးအလင်းကိုပင် အမှန်တကယ်
ဝါးမျိုသွားတော့သည်။

ယင်းကိုမြင်သောအခါ ကျွင်းရှောင်ယောက်၏ရင်ဝမှ
ကပ်ဘေးအလင်းစွမ်းအားများ ထပ်မံ
ပေါက်ကွဲထွက်ပေါ်လာသည်။

အလင်းတန်းများ ပေါင်းစုံသောအခါ အဆုံးမဲ့
ရောမလက်ကြီးတစ်ခုအသွင် ပြောင်းလဲသွား၏။

မိုးကောင်းကင်မှ စီရင်ချက်ချလိုက်သည့်အလား၊
ရောမလက်ကြီးက အရာအားလုံးကို
ဖျက်ဆီးလေတော့သည်။

ၛင်းက အနှိုင်းမဲ့အရိုး၏ ပြီးပြည့်စုံသော

နတ်ဘုရားစွမ်းရည် ကောင်းကင်လက်ဝါး ဖြစ်သည်။

"ဝုန်း"

ကောင်းကင်လက်ဝါးကြီး ထွက်ပေါ်လာသောအခါ
ကွဲအက်သွားသော ဟင်းလင်းပြင်က
အဆုံးမဲ့ဖုန်မှုန့်အသွင် ပြောင်းလဲသွား၏။

သရဲမျက်နှာဖုံးစွပ် မိန်းကလေးပင် ဤအခိုက်တွင်
ပြိုလဲလုနီး ဖြစ်လာရတော့သည်။

သူမ၏ ပုံရိပ်ကလေးက
ပြန်လည်ပျောက်ကွယ်တော့မည့်အချိန်တွင်...

ကျွင်းရှောင်ယောက်ဟာ မျက်နှာဖုံးအောက်မှ
မျက်ရည်များ စီးကျနေကြောင်း မြင်တွေ့လိုက်ရသည်။

"ညီမတို့ ပြန်ဆုံကြမယ် အကို..."

---------

အခန်း ( ၁၅၄ ) အံ့ဖွယ်အမှုများဖန်တီးခြင်း၊

အလှွာငါးဆယ်သို့ ရောက်ပြီ၊ မိမိခြောက်ယောက်နှင့် တိုက်ခိုက်ရမည်။

သရဲမျက်နှာဖုံးနှင့် မိန်းကလေးမှာ စကားသံဆုံးသည်နှင့်တပြိုင်နက် ကောင်းကင်လက်ဝါးကြီးကြောင့် တစ်စစီ ဖြစ်သွားတော့သည်။

ကျွင်းရှောင်ယောက် စဉ်းစားကြည့်လိုက်သည်။

ကောင်းကင်တာအိုမျှော်စင်တွင် ကျန်ရစ်ခဲ့သော ရှေးပုံရိပ်က အတော်ပင် ကြာလောက်ပြီ ဖြစ်သည်။

ဆိုရလျှင် ဤမိန်းကလေးက ရှေးခေတ်ဟောင်းပါ လူတစ်ယောက် ဖြစ်သင့်၏၊ ယင်းက သူ့ညီမလေး ဘယ်လိုလုပ်ပြီး ဖြစ်နိုင်ပါမည်နည်း။

'လူမှားနေတာများလား'

ကျွင်းရှောင်ယောက် တွေးလိုက်မိသည်။

သို့သော်လည်း ထိုအကြောင်းကို တွေးကြည့်ရလျှင် သူ့လောက်ချောမောသည့် ဒုတိယလူကို ရှာရန်ခက်ခဲသင့်သည် မဟုတ်ပါလား။

သရဲမျက်နှာဖုံးနှင့် မိန်းကလေး၏ အစ်ကိုကြီးဟု ကျွင်းရှောင်ယောက်ကို အထင်မှားခံရရန် ထိုလူက ဘယ်လောက်တောင် ချောမောနေသနည်း။

ကျွင်းရှောင်ယောက်လည်း ထိုအကြောင်းကို မစဉ်းစားတော့ဘဲ ခေါင်းယမ်းလိုက်သည်။

တကယ်တမ်း သူကိုယ်တိုင်လည်း ဤရှင်းလင်းမပြနိုင်သော အကြောင်းတရားများနှင့် သက်ရောက်မှုများတွင် ပါဝင်နေခြင်းကို သဘောမကျပါ။

'နောက်ထပ်က နောက်ဆုံး အလှ္ဘာငါးဆယ်မြောက်ပဲ'

ကျွင်းရှောင်ယောက်၏ မျက်လုံးများက တောက်ပလာသည်။

အနိုင်းမဲ့အရိုးကို အသွင်ပြောင်းပြီး အောင်မြင်စွာ လက်မှတ်ထိုးဝင်နိုင်ရန်က  နောက်ဆုံးအဆင့်တွင် ရှိလေသည်။

ကျွင်းရှောင်ယောက်၏ ခန္ဓာကိုယ်ကို အလင်းတန်းတစ်ခုက ရစ်ပတ်လာပြီး နောက်ဆုံးအလွှာကို ရောက်ရှိသွားခဲ့သည်။

ထိုအချိန်၊ ကောင်းကင်တာအိုမျှော်စင် အပြင်ဘက်တွင်...

လေထုက တိတ်ဆိတ်သည်ဟုပင် မဖော်ပြနိုင်တော့ဘဲ လုံးဝတိတ်ဆိတ်သွား၏။

ကောင်းကင်နှင့်မြေကြီးကြားမှ သက်ရှိအားလုံး နှုတ်ဆိတ်သွားကာ ဘာအသံမျှ မကြားရတော့ပါ။

လူတိုင်းက ကောင်းကင်တာအိုမျှော်စင်ကို
စိုက်ကြည့်လိုက်ကြသည်။

ကျွင်းရှောင်ယောက်ကို ကိုယ်စားပြုသော
စကားလုံးက လေးဆယ့်ကိုးထပ်ကို
တိုက်ရိုက်ဖြတ်ကျော်သွား၏။

"ဟိုက်၊ ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော်က
လေးဆယ့်ကိုးထပ်ကို ဖြတ်ကျော်သွားခဲ့ပြီဟေ့"
ကျင့်ကြံသူတစ်ဦးက ထိတ်လန့်တကြားဖြင့်
အော်လိုက်သည်။

"အံ့ဩစရာပဲဟေ့၊ ကျုပ်မသေခင်
အံ့ဖွယ်အမှုတစ်ခုကို မြင်လိုက်ရပြီ"

"လေးဆယ့်ကိုးထပ်က မကြာသေးမီက
ရှေးခေတ်မှတ်တမ်းအားလုံးကို ချိုးဖျက်ခဲ့ပြီ။
ကောလဟာလတွေအရ ရှေးက ပါရမီရှင်တွေတောင်
လေးဆယ့်ကိုးထပ်ကိုပဲ ရောက်နိုင်ကြတာ"
လူတိုင်းက ရုတ်ရုတ်သဲသဲ ဖြစ်ကုန်ကြသည်။

လူအများက မျှော်လင့်ထားပြီးသားဖြစ်သော်လည်း
ကျွင်းရှောင်ယောက်၏ အောင်မြင်မှုများမှာ
အံ့သြစရာကောင်းနေဆဲပင်။

ဤလှုပ်ရှားမှုက လူအားလုံးကို တုန်လှုပ်စေခဲ့သည်။

ဒါတောင်မှ ဤလူများဟာ
ကောင်းကင်တာအိုမျှော်စင်အတွင်းရှိ
ကျွင်းရှောင်ယောက်၏ပုံစံကို မမြင်ရပေ။

သိလိုက်ပါက တစ်ကိုယ်လုံး တုန်ခါသွားရမည်
ဖြစ်သည်။

'ဟင်း... ဌာနမှူးရဲ့ ဆုံးဖြတ်ချက်က တကယ်မှန်တယ်'
မဟာအကြီးအကဲ ဆို့အသွားမိသည်။

ကောင်းကင်တာအိုမျှော်စင် အပြင်ဘက်တွင်
လူအုပ်ကြီးက စိတ်လှုပ်ရှားနေသည်။

ကောင်းကင်တာအိုမျှော်စင်အတွင်းမှ
ပါရမီရှင်များကလည်း အရှေ့ဆက်ရန်
ရုန်းကန်နေကြ၏။

ထိုအချိန်တွင် ကျွင်းရှောင်ယောက်က ကျယ်ပြန့်သော

သဲကန္တာရတစ်ခုတွင် ပေါ်လာသည်။

"ဒါက နောက်ဆုံးထပ်ပဲလား"
ကျွင်းရှောင်ယောက် ရေရွတ်လိုက်သည်။

သူသည် ထူးဆန်းသော စွမ်းအားတစ်ခုကို
ခံစားလိုက်ရ၏။

ခေါင်းကို အနည်းငယ်ငုံ့ကာ ခြေဖဝါးအောက်တွင်
ကျောက်စရစ်ခဲလေးတစ်ပင်ကို တွေ့လိုက်ရသည်။

"ပြန်လည်ဝင်စားခြင်း..."
ကျွင်းရှောင်ယောက်က ရေရွတ်လိုက်လေသည်။

မြင့်မြတ်ဝိညာဉ်၏ လူဝင်စားအကြွင်းအကျန်များက

အလှောင်ကြီးဆယ်တွင် ရှိနေသည်ဟု
ကောလဟာလများလည်း ရှိသည်။

ယခုမှူကား ပတ်ပတ်လည်ကို
ကြည့်လိုက်သောအခါတွင် ကျယ်ပြောလှသော
သဲပြင်ကြီးသာ ရှိတော့သည်။

ဤအခိုက်အတန့်တွင် အင်မော်တယ်အငွေ့အသက်များ
ဖုံးလွှမ်းထားသော အဖြူရောင်ဝတ် လူရိပ်တစ်ခုက
ရုတ်တရက် ထွက်ပေါ်လာသည်။

"တကယ်ပဲ..."

ထိုလူရိပ်ကိုမြင်သောအခါ ကျွင်းရှောင်ယောက်
သကာသက်ပြင်းချပြီး ခပ်တိုးတိုး ရယ်လိုက်၏။

ဤလူရိပ်၏အသွင်က သူနှင့် အလွန်ရင်းနှီးလေသည်။

ထိုလူရိပ်က ကျွင်းရှောင်ယောက်နှင့် အတူတူပင်။

အသွင်အပြင်၊ အရှိန်အဝါနှင့် ကျင့်ကြံခြင်းအခြေခံ၊
အားလုံး အတူတူ ဖြစ်သည်။

'မျှော်လင့်ထားသလိုပဲ၊ ကိုယ့်ကိုကိုယ်သက်သေပြဖို့
ကိုယ့်ကိုကိုယ်ပြန်တိုက်ခိုက်ရမှာ'
ကျွင်းရှောင်ယောက်က မအံ့သြဘဲ
အနည်းငယ်ငြီးငွေ့သွားသလို ခံစားလိုက်ရသည်။

မိမိအတွက် အသန်မာဆုံးပြိုင်ဘက်က
မိမိကိုယ်တိုင်သာ ဖြစ်ချေသည်။

ယင်းက ခပ်မိုက်မိုက် ဟာသတစ်ခု ဖြစ်သည်။

ကျွင်းရှောင်ယောက်က ထိုသို့ တွေးနေချိန်တွင်…

ဒုတိယပုံရိပ်က ထွက်ပေါ်လာပြန်သည်။

ဤအတွက် ကျွင်းရှောင်ယောက်စိတ်ထဲတွင် အနည်းငယ်လန့်သွား၏။ ယင်းက သူမှန်းဆထားသည်နှင့် မတူဘူးလား။

သို့ရာတွင် ထိုပုံရိပ်ကလည်း ကျွင်းရှောင်ယောက်နှင့် တထေရာတည်း တူနေပြန်လေသည်။

ထို့နောက် တတိယမြောက် ကျွင်းရှောင်ယောက် ထွက်လာသည်။

ထို့နောက် စတုတ္ထ၊ ပဥ္စမ...

နောက်ဆုံးမှာတော့ ကျွင်းရှောင်ယောက်၏
ပတ်ပတ်လည်တွင် ပုံရိပ်ခြောက်ခုအထိ
ပေါ်လာခဲ့တော့သည်။

တစ်ယောက်ချင်းစီက ချောမောကာ
ခံ့ညားလွန်းလှသည်။

ကျွင်းရှောင်ယောက်ပင်လျှင် အနည်းငယ်
အံ့သြသွား၏။

ယင်းက... လုပ်ရိုးလုပ်စဉ်အတိုင်း မဟုတ်ပေ။

တစ်ယောက် တစ်ယောက်ချင်း စီးချင်းထိုးသင့်သည် မဟုတ်ပါလား။

ကိုယ်တစ်ယောက်တည်းနှင့် ကိုယ်ခြောက်ယောက်ကို ဘယ်လိုလုပ်ပြီး တိုက်ခိုက်ရမည်နည်း။

'မြင့်မြတ်ဝိညာဉ် လူဝင်စားက သူများတွေ အလှောင်းဆယ်ကိုကျော်ဖြတ်သွားမှာ လက်မခံချင်တာလား'

ကျွင်းရှောင်ယောက်၏နှုတ်ခမ်းများ အနည်းငယ် တုန်လှုပ်သွားခဲ့သည်။

နောက်ဆုံးတော့ ခေတ်ကာလတစ်လျှောက်လုံး ကောင်းကင်တာအိုမျှော်စင် အလှောင်းဆယ်ကို မည်သူမျှ မဖြတ်သန်းနိုင်ခဲ့သည်အား ကောင်းစွာ နားလည်ခဲ့ချေပြီ။

ယင်းက ဝမ်းဘိုင်ဝမ်း တိုက်ခိုက်ရခြင်းမှ မဟုတ်တာ။
မိမိခြောက်ယောက် ကိုယ်တစ်ယောက်ကို
ဘယ်သူကများ ခံနိုင်မှာလဲ။

ဘယ်သူပဲဖြစ်ဖြစ် မိမိခြောက်ယောက်ကို
အနိုင်ယူရန်က မဖြစ်နိုင်ပါချေ။

ထို့အပြင် အားလုံးက စွမ်းရည် အမျိုးမျိုး၊
ခန္ဓာကိုယ်ကြံ့ခိုင်မှု၊ အားလုံးအတူတူ ဖြစ်သည်။

ကျွင်းရှောင်ယောက်၏ ကိုယ်ပွားခြောက်ယောက်က
သူ့ကို ပြင်ဆင်ရန်ပင် အချိန်မပေးဘဲ
တိုက်ရိုက်တိုက်ခိုက်လိုက်ကြသည်။

ရင်းတို့က ရှေးဟောင်းမြင့်မြတ်ခန္ဓာနှင့်

အနှိုင်းမဲ့အရိုးကိုပင် ပိုင်ဆိုင်ထား၏။

၎င်းတို့ခြောက်ယောက်က တစ်ချိန်တည်းမှာ
တိုက်ခိုက်သောအခါ ရွှေရောင်အလင်းခြောက်ခု
ဖြာထွက်လာပြီး လေထုကို ဆုပ်ဖြဲပစ်လိုက်သည်။

ကျွင်းရှောင်ယောက်က သန်မာသော်လည်း
ဖိအားကြီးစွာ ခံစားလိုက်ရ၏။

ကျွင်းရှောင်ယောက်လည်း
စွမ်းအင်များကိုလှည့်ပတ်ကာ ပြန်လည်
တိုက်ခိုက်လိုက်သည်။

သူ့ထံမှ ရွှေရောင် ချီနှင့် သွေးများက
တဟုန်ထိုးတက်လာကာ ရွှေရုပ်တုအဖြစ်
ပြောင်းလဲသွားပြီး ရိုက်ထုတ်လိုက်၏။

တိုက်ခိုက်မှု တွေ့ဆုံသောအခါ ကောင်းကင်က ပြိုကျသွား၏။

သို့ရာတွင် အလွှာငါးဆယ်က မြင့်မြတ်ဝိညာဉ် ထာဝရကျိန်းဝပ်ရာနေရာဖြစ်သောကြောင့် ဖြစ်ကောင်းဖြစ်နိုင်သည်၊ ဟင်းလင်းပြင်က အတော်အတန်တည်ငြိမ်နေပြီး ချက်ချင်းပြိုကျခြင်းမရှိပေ။

သို့ရာတွင် ဤတိုက်ပွဲက အံ့သြစရာကောင်းလောက်အောင် ကောင်းကင်ကြီးကို ပြိုကျသွားစေသည်။

ယင်းကို အပြင်လူများ မြင်နိုင်ပါက အလွန်ထိတ်လန့်သွားလိမ့်မည်။

ဂုဏ်းက လူငယ်ပါရမီရှင်တို့၏ တိုက်ပွဲနှင့် လုံးဝမတူပါ။

ယင်းက နတ်ဘုရင်ခုနစ်ပါး တိုက်ခိုက်နေကြပုံနှင့် ပိုတူသည်။

ကျွင်းရှောင်ယောက်၏ ခန္ဓာပေါ်တွင် ရွှေပြာရောင် ဘိုးဘေးနဂါးချပ်ဝတ် ထွက်ပေါ်လာသည်။

သူ့အနေဖြင့် တစ်ကြိမ်တည်းတွင် မိမိလူခြောက်ယောက်၏ တိုက်ခိုက်မှု ခြောက်ချက်ကို တားဆီးရန် မဖြစ်နိုင်ပေ။

သို့ရာတွင် တစ်ချိန်တည်းတွင် ထိုကိုယ်ပွားခြောက်ကောင်သည်လည်း

ဘိုးဘေးနဂါးချပ်ဝတ်ကို ထုတ်ဖော်လာသည်။

ကျွင်းရှောင်ယောက်လည်း မျက်လုံးများ အနည်းငယ်
ကျဉ်းမြောင်းသွား၏။ ယင်းက
သူကြုံတွေ့ခဲ့ရသမျှထဲတွင် လက်ပေါက်အကပ်ဆုံး
တိုက်ပွဲဖြစ်နိုင်သည်။

သာမန်လူများအတွက်တော့ မိမိခြောက်ယောက်
မဆိုထားနှင့်၊ မိမိ တစ်ယောက်တည်းကိုပင်
ရင်ဆိုင်ကျော်ဖြတ်ရန် မဖြစ်နိုင်ပေ။

ကျွင်းရှောင်ယောက်လည်း နည်းလမ်းမျိုးစုံကို
အသုံးပြုခဲ့သည်။

မင်မော်တယ်သတ်ဓား၊ မူလအုပ်ချုပ်သူ တာအိုဓား၊
ငရဲမီးပြင်းဖို၊ ကောင်းကင်လက်ဝါး၊ မြင့်မြတ်ခန္ဓာ၏

သဘာဝအာရုံ... စသည်ဖြင့်။

သို့ရာတွင် ထိုခြောက်ဦးကလည်း
အလားတူလှုပ်ရှားမှုများ ပြုလုပ်ခဲ့ကြသည်။

ယင်းက ကျွင်းရှောင်ယောက်ကိုယ်တိုင်ထက်
အစွမ်းထက်သော ခွန်အားများကို
သယ်ဆောင်လာကြ၏။

ဤနေရာတွင် တခြားသူများဆိုပါက လုံးဝ
ဆက်နေနိုင်တော့မည် မဟုတ်ပါ။

မိမိနှင့် တထပ်တည်းတူညီသောကိုယ်ပွားခြောက်ဦးကို
မည်သူမျှမအနိုင်ယူနိုင်ပါ။

သို့ရာတွင် ကျွင်းရှောင်ယောက်က အချုပ်အနှောင်ကို ချိုးဖြတ်နေသော အင်မော်တယ်တစ်ပါးကဲ့သို့ ဆက်လက်ရပ်တည်နေသည်။

သူက သူ၏အောင်မြင်မှုများကို မိမိ၏အကန့်အသတ်ဖြင့် ချုပ်နှောင်မထားချင်ပေ။

"ငါ့ရဲ့လမ်းမှာ ပြိုင်ဘက်မရှိဘဲ အရာအားလုံးကို ကျော်လွှားမယ်"

"မင်းတို့ ကော်ပီခြောက်ကောင်က ငါ့ကို ဘယ်လို တားဆီးနိုင်မှာလဲ"

ကျွင်းရှောင်ယောက်၏မျက်နှာက အေးစက်နေပြီး လက်ဝါးရိုက်ချက် ထုတ်ဖော်လိုက်သည်။

ထိုသို့ ဖိအားများသောစမ်းသပ်မှုတွေအောက်တွင်

ကျွင်းရှောင်ယောက်ဟာ သူ့ကိုယ်ထဲမှ
ရောမဆင်အမှုန်များ နဂါးဆင်မှုန်တွေအဖြစ်သို့
ပြောင်းလဲသွားကြောင်း သတိပြုလိုက်မိသည်။

ယင်းက ဖိအားများကြောင့်ရသော
အောင်မြင်မှုတစ်ခုပင် ဖြစ်သည်။

မကြာမီ ကျွင်းရှောင်ယောက်၏ ရောမဆင်အမှုန်
နှစ်သောင်းက နဂါးဆင်အမှုန်များအဖြစ်သို့
ပြောင်းလဲသွားခဲ့သည်။

ထိုအခါ သူ့ခွန်အားက စုစုပေါင်း သုံးဒသမရှစ်
ဘီလီယံဂျင်အားအထိ တိုးသွားခဲ့၏။

ဤခွန်အားက ကြယ်တာရာများကိုပင်
ပြိုကွဲသွားစေနိုင်လိမ့်မည်။

တချိန်တည်းမှာပင် ကျွင်းရှောင်ယောက်စိတ်ထဲ
အံ့အားသင့်သွားသည်။

ထိုကိုယ်ပွားများက သူကဲ့သို့ တိုးတက်မလာကြပေ။

တစ်နည်းဆိုရသော် ဤပုံတူများက အလွှာငါးဆယ်သို့
ရောက်ရှိကာစမှ ကျွင်းရှောင်ယောက်၏
အခြေအနေကိုသာ ပုံတူပွားနိုင်သည်။

နောက်ထပ် ပိုသန်မာလာမည် မဟုတ်ပေ။

ကျွင်းရှောင်ယောက်က သူ၏ကိုယ်ပွားများကို
ကိုင်တွယ်ဖြေရှင်းနိုင်မည်ဟု
အနည်းငယ်ယုံကြည်လာသောအချိန်...

သူ့စိတ်ထဲမှ စနစ်အသံ ထွက်ပေါ်လာသည်။

"ဒင်၊ ကောင်းကင်တာအိုမျှော်စင်ကို ရောက်နေပါပြီ၊ လက်မှတ်ထိုးဝင်လိုပါသလား"

ထိုအသံကိုကြားပြီးနောက် ကျွင်းရှောင်ယောက်၏မျက်လုံးများ အရောင်တောက်သွားသည်။ ယင်းက သေချာပေါက် အခွင့်အရေးကြီးတစ်ခုပင်။

"လက်မှတ်ထိုးဝင်မယ်"

ကျွင်းရှောင်ယောက် ပြောလိုက်သည်။

-----------

အခန်း ( ၁၅၅ ) ကြယ်ခုနစ်ပွင့် ဆုလာဘ်…
လမ်းကြောင်းခြောက်သွယ် ဆမ်ဆာရာ
လက်သီးသိုင်း၊ ငါက ကမ္ဘာပေါ်မှာ ပြိုင်ဘက်ကင်းပဲ။

"ဒင်၊ ဂုဏ်ယူပါတယ်ပိုင်ရှင်…
ကြယ်ခုနစ်ပွင့်ဆုလာဘ်၊ ဆမ်ဆာရာခြောက်ပါး
လက်သီးသိုင်းကို လက်ခံရရှိပါပြီ"

စနစ်အသံဆုံးသွားသည်နှင့် လျှို့ဝှက်ဆန်းကြယ်သော
သတင်းအချက်အလက်စီးကြောင်းသည် သူ့စိတ်ထဲသို့
စိမ့်ဝင်လာသည်။

အစိပမိ လက်သီးသိုင်း၊ ဆမ်ဆာရာခြောက်ပါး
လက်သီးသိုင်း။

'ဒါက ကြယ်ခုနစ်ပွင့်ဆုလာဘ်ဖြစ်သလို

လက်သီးသိုင်းလည်း ဖြစ်နေသေးတာပဲ'
ကျွင်းရှောင်ယောက် စိတ်လှုပ်ရှားသွားသည်။

ကြယ်ခုနစ်ပွင့်ဆုလာဘ် တစ်ခုတည်းကပင်
ကျွင်းရှောင်ယောက်၏ မျှော်လင့်ချက်ထက်
ကျော်လွန်ပြီး အလွန်ရှားပါးသောဆုတစ်ခု
ဖြစ်နေခဲ့လေပြီ။

သူ့ကို ပို၍အံ့အားသင့်စေတာက ၎င်းမှာ
လက်သီးသိုင်းတစ်ခု ဖြစ်နေသောကြောင့်ပင်
ဖြစ်သည်။

ဤမတိုင်ခင်က သူ့တွင် အလွန်အစွမ်းထက်သည့်
သားနှိုစ်သူတော်စင်ဘုရင် လက်အိတ်ရှိသော်လည်း
သင့်လျော်သော လက်သီးသိုင်းမရှိခဲ့ပေ။

ယခုတော့ ဤအခြေနေသည်
ငိုက်မျဉ်းလာသည့်အချိန်တွင် ခေါင်းအုံး
ပို့ပေးလိုက်သကဲ့သို့ပင် ဖြစ်သည်။

သူက လက်မှတ်ထိုးဝင်ရာမှ
ပြိုင်ဘက်ကင်းသလောက်ဖြစ်သော
လက်သီးသိုင်းတစ်ခုကို ရရှိခဲ့ပေသည်။

ကျွင်းရှောင်ယောက်၏ စိတ်ထဲတွင်
မရေမတွက်နိုင်သော ပုံရိပ်များ ထွက်ပေါ်လာပြီး
လက်သီးသိုင်းကို ကစားပြနေသည်။

ကမ္ဘာပေါ်ရှိစွမ်းအားများက
ဤကြောက်မက်ဖွယ်ကောင်းသော လက်သီးထဲသို့
ကျရောက်သွားသကဲ့သို့ လမ်းကြီးခြောက်ခု
ထွက်ပေါ်လာကာ ကောင်းကင်ကြီးပင်

ကွဲအက်သွားရမည်ဖြစ်သည်။

ထိုအချိန်တွင် ကိုယ်ပွားခြောက်ကောင်က ထပ်မံ
တိုက်ခိုက်လိုက်ပြန်သည်။

ကျွင်းရှောင်ယောက်၏ မျက်လုံးများကတော့
ယခင်ကကဲ့သို့ တောက်ပနေဆဲပင်။

လမ်းစဉ်ခြောက်သွယ်ဆမ်ဆာရာလက်သီးက
အလွန်လျှို့ဝှက်ဆန်းကြယ်ပြီး
အဓိပဓိအဆင့်ကိုကျော်လွန်ကာ
အဆင့်သစ်တစ်ခုသို့ပင် ရောက်ရှိလုနီးပါး ဖြစ်သည်။

ကျွင်းရှောင်ယောက်၏ လက်ရှိ အင်အားဖြင့်ပင်
လမ်းစဉ်ခြောက်ပါး ဆမ်ဆာရာလက်သီးသိုင်း၏
စွမ်းအားအပြည့်ကို ဖော်ထုတ်ရန် မဖြစ်နိုင်ပေ။

သို့ရာတွင် ဤလက်သီးစွမ်းအား
အနည်းငယ်ဆိုလျှင်ပင် အလွန်အင်အားကြီးနေခဲ့ပြီ
ဖြစ်သည်။

အရေးကြီးဆုံးကတော့
စနစ်မှုရရှိခြင်းဖြစ်သောကြောင့် ဤလက်သီးသိုင်းကို
ကိုယ်ပွားခြောက်ခုက လိုက်ပါအသုံးပြုရန်
မဖြစ်နိုင်ပါ။

ကောင်းကင်တာအို၏ စည်းမျဉ်းများက မည်မျှပင်
အားကောင်းနေပါစေ၊ စနစ်ကိုတော့
မထိန်းချုပ်နိုင်ပေ။

ကျွင်းရှောင်ယောက်လည်း သားနှစ်သူတော်စင်ဘုရင်
လက်အိတ်ကိုထုတ်ယူ ဝတ်ဆင်ပြီး လက်သီးချက်

ထုတ်ဖော်လိုက်သည်။ တချိန်တည်းမှာပင် မြင့်မြတ်ခန္ဓာစွမ်းအား၊ အနှိုင်းမဲ့နတ်ဆင်ခွန်အားနှင့် ထာဝရအင်မော်တယ်အရိုးတို့ကို ထပ်မံပေါင်းထည့်လိုက်သေး၏။

ထို့ကြောင့် ဤလက်သီးချက်က အရာအားလုံးကို ဖျက်ဆီးနိုင်သကဲ့သို့ ဖြစ်နေတော့သည်။

ထိုမျှသာမကဘဲ ကျွင်းရှောင်ယောက်က လမ်းကြောင်းခြောက်သွယ် ဆမ်ဆာရာလက်သီးသိုင်းဖြင့် ထုတ်ဖော်လိုက်ခြင်း ဖြစ်သည်။

ထိုအခါ ပြန်လည်ဝင်စားခြင်း လမ်းကြီးခြောက်ခုကဲ့သို့ စွမ်းအားများကို သယ်ဆောင်သွား၏။

ဤလက်သီးချက်က အားလုံးကိုသုတ်သင်ပြီး ပြန်လည်မွေးဖွားစေသကဲ့သို့ ကြောက်စရာကောင်းလွန်းသည်။

"ဝုန်း"

နောက်ဆုံးတွင် ဟင်းလင်းပြင်က မခံနိုင်တော့ဘဲ ပြိုကျသွားသည်။

အလှာငါးဆယ်ရှိ ဟင်းလင်းပြင်က အတော်အတန် တည်ငြိမ်နေသော်လည်း ပြင်ပကမ္ဘာနှင့် မနှိုင်းယှဉ်နိုင်ပါ။

ဤလက်သီးက အလွန်အားကောင်းကာ ဟင်းလင်းပြင်တွင်းနက်ကြီးတစ်ခုကဲ့သို့ တိုက်ရိုက်ထိမှန်သွားခဲ့သည်။

ယင်းက မျက်နှာချင်းဆိုင်မှ ကိုယ်ပွားကို ပြင်းပြင်းထန်ထန် ဖျက်ဆီးသွား၏။

ထို့နောက် ကျွင်းရှောင်ယောက်က နောက်ထပ်ကိုယ်ပွားတစ်ခုအဖြစ် သုတ်သင်လိုက်လေသည်။

ဤလက်သီးချက်က သန်မာလွန်းလှသည်။ ယင်းက ခုခံ၍မရဘဲ မည်သည့်သတ္တဝါမဆို အမှုန့်အဖြစ်သို့ ကွဲသွားပေလိမ့်မည်။

ထို့အပြင် ကျွင်းရှောင်ယောက်က နဂါးဆင်အမှုန် နှစ်သိန်းကို ထပ်မံနိုးထထားသောကြောင့် ဤကိုယ်ပွားများမှာ လုံး၀ မယှဉ်နိုင်တော့ပါ။

ကျွင်းရှောင်ယောက်၏ ခွန်အားက သဘာ၀အတိုင်း

ထိုကိုယ်ပွားများထက် များစွာသာလွန်နေခဲ့ပြီ
ဖြစ်သည်။

ထို့ကြောင့် တိုက်ပွဲက အလွန်ရိုးရှင်းသွားလေသည်။

ကလေးကို လူကြီးက အနိုင်ကျင့်သကဲ့သို့
တစ်ခုပြီးတစ်ခု ချေမှုန်းခံလိုက်ရသည်။

နောက်ဆုံးကိုယ်ပွား ပျက်ဆီးသောအခါ
ကမ္ဘာကြီးတစ်ခုလုံး တိတ်ဆိတ်သွားခဲ့ပုံရသည်။

ကျွင်းရှောင်ယောက်က နေရာတွင်ရပ်နေပြီး လုံး၀
အတားအဆီးမရှိပေ။

သူအောင်မြင်ခဲ့ပြီ။

ယခင်က ကောင်းကင်တာအိုမျှော်စင်၏
အလွှာငါးဆယ်ကို မည်သူမျှ မကျော်ဖြတ်ဖူးပါ။

ပါရမီရှင်အားလုံး မရခဲ့သောအရာကို သူလုပ်နိုင်ခဲ့ပြီ
ဖြစ်သည်။

"ငါက ဒီကမ္ဘာမှာ ပြိုင်ဘက်မရှိတဲ့သူပဲ"
ကျွင်းရှောင်ယောက်က လက်နှစ်ဖက်ကိုနောက်ပစ်ပြီး
ရပ်လိုက်သည်။

ယခုအချိန်တွင် သူက မိုးနှင့်မြေကြားမှာ
တစ်ပါးတည်းသောဘုရင် ဖြစ်ပုံရ၏။

ကျွင်းရှောင်ယောက်က အလွှာငါးဆယ်ကို

ရှင်းလင်းလိုက်သောအခါ ကောင်းကင်တာအို မျှော်စင်တစ်ခုလုံးကလည်း မကြုံစဖူးသော သဘာဝအောရုံများအား လှုံ့ဆော်လာသည်။

နဂါးငွေ့တန်းကြီး လှုပ်ခတ်ကာ ကမ္ဘာမြေကြီး တုန်ခါသွား၍ မျှော်စင်တဝိုက်တွင် မရေမတွက်နိုင်သော ရှေးခေတ်၊ ယခုခေတ်မှ ပုံရိပ်များစွာ ဖြစ်ပေါ်လာပြီး အားလုံး ဦးညွတ်လိုက်ကြသည်။

ဤမြင်ကွင်းသည် ကျင့်ကြံသူအားလုံး၏ စိတ်ကို တုန်လှုပ်စေခဲ့၏။

"ကြည့်ကြစမ်း၊ ကျွင်းမိသားစုက ဘုရားသားတော်ရဲ့ နာမည်ပဲ"

ကျင့်ကြံသူတစ်ယောက်က မယုံကြည်နိုင်ဟန်ဖြင့်

အော်ပြောလိုက်သည်။

ကောင်းကင်တာအိုမျှော်စင် အပြင်ဘက်မှာတော့ ကျွင်းရှောင်ယောက်၏နာမည်က အလွှာငါးဆယ်၏ ထိပ်ဆုံးနေရာသို့ပင် ရောက်ရှိနေခဲ့ပြီ။ ယင်းက အလွှာငါးဆယ်ကို အောင်မြင်စွာကျော်ဖြတ်ခဲ့ခြင်း၏ အဓိပ္ပာယ်ပင် ဖြစ်သည်။

ယခုအချိန်တွင် လူတိုင်း၏နှလုံးသားအတွင်းမှ တုန်လှုပ်ချောက်ချားမှုကို ဖော်ပြနိုင်သည့် စကားလုံးမရှိတော့ပါ။

ကျွင်းရှောင်ယောက်က လေးဆယ့်ကိုးလွှာကို ကျော်သွားလျှင် အံ့သြစရာ ဖြစ်နေပြီ ဖြစ်သည်။

ယခုတော့ ကျွင်းရှောင်ယောက်

ဖန်တီးလိုက်သောအရာက လုံးဝ အံ့ဖွယ်
ဖြစ်နေခဲ့ချေပြီ။

အကြောင်းမှာ ရှေးခေတ်မှ ယနေ့အထိ
လေးဆယ့်ကိုးလွှာကို ဖြတ်သန်းသွားလာသူပင်
အနည်းငယ်သည်။

အလွှာငါးဆယ်သို့ ရောက်ရှိဖူးသူတချို့
ရှိခဲ့သော်လည်း မည်သူမျှ လုံးဝ မရှင်းလင်းနိုင်ခဲ့ပါ။

ထို့ကြောင့် အားလုံးက ဘေးဆယ့်ကိုးလွှာသည်
အမြင့်ဆုံးဖြစ်၍ အလွှာငါးဆယ်ကို ကျော်ဖြတ်ဖို့
မဖြစ်နိုင်ဘူးဟုပင် ထင်ထားခဲ့ကြသည်။

ယခုတော့ ကျွင်းရှောင်ယောက်က စံချိန်သစ်တစ်ခုကို
ချမှတ်လိုက်ချေပြီ။

ကျွင်းရှောင်ယောက်က အလွှာငါးဆယ်သို့ပင် ဖြတ်သွားနိုင်သည်။

"ဒါက ကြောက်စရာကောင်းလွန်းတယ်။ ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော်က ဒီလိုမျိုး ဆက်ပြီး ကြီးထွားလာမယ်ဆိုရင် အနာဂတ်မှာ ဧကရာဇ်ဖြစ်လာဖို့ သေချာသလောက်ပဲ"

"သူ့ရဲ့တာအို သက်သေပြလို့ ဧကရာဇ်ဖြစ်လာတဲ့အခါ ပျက်ဆီးခြင်းကောင်းကင် အင်မော်တယ်နယ်မြေကြီးတစ်ခုလုံးက သူ့ခြေထောက်အောက်ကို ရောက်သွားနိုင်လောက်တယ်"

"ပါရမီရှင်၊ မကောင်းဆိုးရွားပဲ။

အင်မော်တယ်နယ်မြေကြီးရဲ့
နှစ်တစ်သိန်းသမိုင်းမှာတောင် သူတစ်ယောက်ပဲ
ရှိနိုင်တယ်"

အားလုံးက တုန်လှုပ်ချောက်ချားစွာ
ပြောဆိုလိုက်ကြသည်။

"အနာဂတ်မှာ ကောရာဇ်လမ်းပွင့်လာတဲ့အခါ
ဘယ်သူကများ ကျွင်းမိသားစုက
နတ်ဘုရားသားတော်ရဲ့ ပြိုင်ဘက်ဖြစ်နိုင်ဦးမလဲဆိုတာ
မတွေးတတ်တော့ဘူး"

မည်သည့်ပါရမီရှင်ဖြစ်နေပါစေ ကျွင်းရှောင်ယောက်၏
တောက်ပမှုအောက်တွင် အရောင်အဝါများ
မှိန်ဖျော့သွားနိုင်သည်။

ကောင်းကင်တာအိုမျှော်စင်အတွင်းတွင် ရွှေတောင်ပံဘုရင်ရှောင်ပန်က အတားအဆီးကို ဖြတ်ကျော်နေသည်။

သူက အလွန်သန်မာကာ လေးဆယ့်ကိုးလွှာကိုချိုးဖြတ်ရန် ကြိုးစားနေ၏။

သို့ရာတွင် ထိုအချိန် ကောင်းကင်တာအိုမျှော်စင်တစ်ခုလုံး ရုတ်တရက် တုန်လှုပ်သွားပြီး နှလုံးခုန်သံအချို့ကို ခံစားလိုက်ရသည်။

"ဘာဖြစ်နေတာလဲ"

ရွှေတောင်ပံဘုရင် ရှောင်ပန် အံ့သြသွား၏။

တစ်ဖက်တွင်လည်း ရဲ့ရှင်းယွင်က တစ်ခုခုကို

ရရှိခဲ့သည်။ ကောင်းကင်တာအိုမျှော်စင်ရှိ အခွင့်အလမ်းအမှတ်အသားအချို့က သူ၏မှတ်ဉာဏ်များကို ပိုမိုရှင်းလင်းစေခဲ့၏။

"ကြယ်နန်းတော်ကို ဂူကျိုကြယ်နန်းတော်လို့ခေါ်တယ်၊ အဲဒါက အောက်ကမ္ဘာဆယ်ခုထဲမှာ ရှိနေတာပဲ။ အင်မော်တယ်နယ်မြေကြီးမှာ ဘာသဲလွန်စမှ ရှာမတွေ့တာ အံ့ဩစရာ မရှိတော့ပါဘူး"

ရဲ့ရှင်းယွင်သည် အရာများစွာကို ကောင်းစွာနားလည်လာခဲ့သည်။ သို့သော်လည်း သူသည် ကောင်းကင်တာအိုမျှော်စင်မှ မူမမှန်မှုကို သတိပြုမိသွား၏။

"ဟမ်၊ ကောင်းကင်တာအိုမျှော်စင်မှာ ဘာတွေဖြစ်နေတာလဲ"

ရဲ့ရှင်းယွင် သံသယဖြစ်သွားသည်။

လေးဆယ့်သုံးလွှာရှိ ဟင်းလင်းပြင်တွင် ဖာဟိုင်က
ပုံရိပ်တစ်ခုကို ရင်ဆိုင်နေသည်။

သူ့တစ်ကိုယ်လုံး ရွှေရောင်တောက်ပနေကာ
ရွှေရောင်ဗုဒ္ဓကဲ့သို့ အလွန်မာကျောလာခဲ့၏။

ယင်းက အနောက်ဘက်နိမ္မာန်ဘုံစ
ဖင်းဂေါ့ခန္ဓာကျင့်စဉ်တစ်ခု ဖြစ်သည်။

ယခုတော့ ကောင်းကင်တာအိုမျှော်စင်မှ
အခွင့်အရေးကိုဖမ်းဆုပ်၍ ရွှေခန္ဓာကို
ပြီးမြောက်စေခဲ့ပြီ။

ထိုမျှသာမကဘဲ သူ့မျက်လုံးထဲတွင်
မိစ္ဆာအငွေ့အသက်များဖြင့် သွေးပင်လယ်ကြီးတစ်ခု

ပေါ်လာသည်။

၎င်းက ဗုဒ္ဓခန္ဓာနှင့် နတ်ဆိုးနှလုံးသားတို့၏ သင်္ကေတပင် ဖြစ်ချေသည်။

"ကောင်းကင်တာအိုမျှော်စင်က တစ်ခုခု ပြောင်းလဲသွားပြီ"

ဖာဟိုင် ရေရွတ်လိုက်သည်။

ကောင်းကင်တာအိုမျှော်စင်၏ လေးဆယ့်ခြောက်ထပ်တွင် ကျိုချင်းရီက အင်မော်တယ်အငွေ့အသက်များဖြင့် လှုပ်ရှားနေသည်။

သူ့မျက်နှာကတော့ မှုန်ဝါးနေသောကြောင့် အစစ်အမှန်မဟုတ်သည့်အသွင် ရှိလေသည်။

သို့ရာတွင် ကြည်လင်နေသော သူ့မျက်လုံးများက ပြတ်သားမှုတို့ ဖြစ်ပေါ်နေသည်။

သူမ၏ ပန်းတိုင်က လေးဆယ့်ကိုးလွှာ ဖြစ်ချေသည်။

ထိုအချိန်တွင် ကောင်းကင်တာအိုမျှော်စင်ပြ ရုတ်တရက် တုန်ခါသွားသွားသည်။ ယင်းက အပြောင်းအလဲများ ရှိလာကာ သန္ဓေပြောင်းသကဲ့သို့ အသံများလည်း ထွက်ပေါ်လာခဲ့၏။

"ဘာဖြစ်တာလဲ၊ ကျွင်းရှောင်ယောက်က လေးဆယ့်ကိုးလွှာကို ခြေချခဲ့တာပဲလား"

ကျိချင်းရီ၏ ကြည်လင်တောက်ပသော မျက်လုံးများတွင် အံ့အားသင့်မှု အရိပ်အမြွက်တို့ ဖြစ်ပေါ်လာသည်။

-----------

အခန်း ( ၁၅၆ ) မြင့်မြတ်ဝိညာဉ် လူဝင်စား၏
အကြွင်းအကျန်၊ ပြန်လည်ဝင်စားခြင်း၏ စစ်မှန်သော
အဓိပ္ပာယ်၊ ပါရမီရှင်အားလုံး တုန်လှုပ်ကြခြင်း။

သူမ၏အမြင်တွင် လေးဆယ့်ကိုးထပ်က
ကန့်သတ်ချက်ဖြစ်နေပြီ ဖြစ်သည်။

အလွှာငါးဆယ်ကိုတော့ ကျိချင်းရီဟာ
တွေးပင်မတွေးဝံ့ပေ။

ကျွင်းရှောင်ယောက်က လေးဆယ့်ကိုးလွှာတွင်
ခြေချနိုင်လျှင်ပင် ကျိချင်းရီ မအံ့ဩပါ။

ကောင်းကင်တာအမျှော်စင် အပြင်ဘက်ရှိ ကျွင်းရှောင်ယောက်၏ သဘာဝပုံရိပ်က သူ့ပါရမီနှင့် ခွန်အားကို သက်သေပြဖို့လုံလောက်သည်။

"ချင်းရီကိုလည်း ချန်ထားခဲ့လို့ မရဘူး"

ကျိချင်းရီက ခိုင်ကြည်သောလေသံကလေးဖြင့် ဆိုသည်။

သူက မိန်းကလေးဖြစ်သော်လည်း သူမ၏ စရိုက်ကတော့ နတ်သမီးတစ်ပါးကဲ့သို့ ကွဲပြားသည်။

သို့တိုင် အနိုင်ရချင်သောဆန္ဒတော့ ရှိနေပါသေးသည်။

နောက်ဆုံးမှာတော့ ကြီးကျယ်ခမ်းနားသည့်

ပြိုင်ဆိုင်မှုကမ္ဘာကြီးတွင် တခြားသူများနှင့်
ယှဉ်ပြိုင်နိုင်မှသာလျှင် မိမိတာအိုကို
သက်သေပြနိုင်မှာဖြစ်သည်။

ထို့ကြောင့် ကျိချင်းရီလည်း သူ့တာအိုကို
သက်သေပြလိုခဲ့ပေသည်။

သူက ကျောက်စိမ်းကဲ့သို့
လက်ကလေးကိုဆန့်ထုတ်ကာ
အင်မော်တယ်ဝိညာဉ်တံဆိပ်ဖြင့် မြူခိုးများအား
တွန်းထုတ်လိုက်သည်။

ကောင်းကင်တာအိုမျှော်စင်တွင် အားလုံးက
လေးဆယ့်ကိုးထပ်တွင် ခြေချနိုင်ရန် ကြိုးကြိုးစားစား
လုပ်ဆောင်နေခဲ့ကြပေသည်။

ကျွင်းရှောင်ယောက်ကတော့ အလွှာငါးဆယ်ကို ရှင်းလင်းနေ၏။

ပတ်ဝန်းကျင်ကို လှည့်ကြည့်လိုက်သည့်အခါ အဝေးမှ သဲကန္တာရထဲတွင် ရှေးဟောင်းပုံရိပ်တစ်ခု ထွက်ပေါ်လာကြောင်း မြင်လိုက်ရသည်။

ပိတ်ချောဝတ်စုံကို ဝတ်ဆင်ထားသော ထိုပုံရိပ်သည် ပိန်ပိန်ပါးပါးရှိ၏။

ကျွင်းရှောင်ယောက်လည်း မျက်လုံးအရောင်လက်သွားလေသည်။

သို့ရာတွင် ထိုလူသေပုံရိပ်နှင့် နီးကပ်လေလေ ကျွင်းရှောင်ယောက်အဖို့ ဖိအားများလေလေ ဖြစ်သည်။

တစ်ချိန်တည်းမှာပင် ပြန်လည်ဝင်စားခြင်း၏
ထူးဆန်းသော စွမ်းအားများကို ခံစားရမိသည်။

ကျွင်းရှောင်ယောက်က ခြေတစ်ချက်လှမ်းလိုက်တိုင်း
ပြန်လည်ဝင်စားခြင်းစွမ်းအားက အနည်းငယ်
ပိုကြွယ်ဝလာ၏။

ကျွင်းရှောင်ယောက်လည်း သူ့ဘဝ၏ အနှစ်သာရများ
လျင်မြန်စွာ ကွယ်ပျောက်သွားခြင်းကို
သတိပြုလိုက်မိပေသည်။

ယခုတော့ ကျွင်းရှောင်ယောက်သည် ဤနေရာက
သဲကန္တာရအသွင် ဖြစ်နေရသည့်အကြောင်းရင်းကို
နောက်ဆုံးတွင် သဘောပေါက်နားလည်သွားခဲ့ပြီ။

အကြောင်းမှာ ပြန်လည်ဝင်စားခြင်း၏အောက်တွင် အရာအားလုံးက ညှိုးနွမ်းပျက်စီးသွားရမည် ဖြစ်သည်။

အကယ်၍ အခြားတစ်ယောက်သာဆိုလျှင် ခြေလှမ်းအနည်းငယ် နီးစပ်ရုံဖြင့် တကိုယ်လုံး အားအင်ကုန်ခမ်းကာ ဆံဖြူ၊ သွားကျိုး ဖြစ်သွားနိုင်လောက်သည်။

သို့ရာတွင် ကျွင်းရှောင်ယောက်ကတော့ မတူပေ။ သူ၏ ခန္ဓာက ရှေးဟောင်းမြင့်မြတ်ခန္ဓာဖြစ်ပြီး အရေးအကြီးဆုံးမှာ သွေးဖြစ်သည်။

အစစ်အမှန်နဂါးသားငယ်၏ သွေးဖြစ်လျှင်ပင် ကျွင်းရှောင်ယောက်ကို မယှဉ်နိုင်ပေ။

ခြေတစ်လှမ်း...

နှစ်လှမ်း...

သုံးလှမ်း...

အနားသို့ နီးကပ်လေလေ ပြန်လည်ဝင်စားခြင်း စွမ်းအားများက အားကောင်းလေဖြစ်ပြီး အဆုံးတွင် အလွန်ကြီးမားလာမည် ဖြစ်သည်။

"ဒါက မြင့်မြတ်ဝိညာဉ်ရဲ့ တန်ခိုးစွမ်းအားပဲလား။ အလောင်းတစ်လောင်းပဲ  ကျန်ခဲ့ရင်တောင် ချဉ်းကပ်လို့မရဘူး"

ကျွင်းရှောင်ယောက်က ရေရွတ်လိုက်သည်။

ဤမြင့်မြတ်ဝိညာဉ်၏ခန္ဓာက
ဆမ်ဆာရာတာအိုရွှေဖြစ်ကြောင်း သူသိသည်။

မမျှော်လင့်ဘဲ သေဆုံးသွားတာ နှစ်ပေါင်းများစွာ
ကြာမြင့်သွားခဲ့သည့်တိုင် ယင်းက
ပြန်လည်ဝင်စားခြင်း၏ ကြောက်စရာစွမ်းအားများ
ရှိနေဆဲပင်။

နောက်ဆုံးတွင် ကျွင်းရှောင်ယောက်က
ပေအနည်းငယ်သာ ဝေးတော့၏။

ဤနေရာတွင် ဆမ်ဆာရာတာအို စွမ်းအားက
သန်မာလွန်းလှသည်။

အကယ်၍ အခြား ပါရမီရှင်များဆိုလျှင် မခံနိုင်ဘဲ
လျင်မြန်စွာ အသက်ကြီးလာလိမ့်မည်။

"မဟုတ်ဘူး၊ ဒါက မဖြစ်သင့်ဘူး၊ အလှောင်ငါးဆယ်ရဲ့ စမ်းသပ်မှုက မပြီးသေးဘူးပဲ"

ကျွင်းရှောင်ယောက် ရုတ်တရက် သဘောပေါက်သွားသည်။

အလှောင်ငါးဆယ်နှင့် နောက်ဆုံးစမ်းသပ်မှုက ဤပြန်လည်ဝင်စားခြင်း၏စွမ်းအားကို တိုက်ဖျက်ရန် ဖြစ်သည်။

သို့သော်လည်း ဆမ်ဆာရာတာအို စွမ်းအားက ကိုင်တွယ်ရ လွယ်ကူသည်မဟုတ်ပေ။

ကျွင်းရှောင်ယောက်က တွေးလိုက်သည်။

ရုတ်တရက် သူသည် မြေပြင်ပေါ်မှ ညှိုးနွမ်းနေသော ပန်းဖူးလေးတစ်ခုကို သတိပြုမိလိုက်သည်။

ယင်းကို ဤအလွှာသို့ ရောက်ရှိကာစမှာလည်း သူမြင်ဖူး၏။

"ပြန်လည်ဝင်စားခြင်း၊ ဘဝသစ်၊ ပျက်သုဉ်းခြင်းနဲ့ အဆုံးမဲ့ဘဝ..."

ကျွင်းရှောင်ယောက် ခပ်တိုးတိုး ရေရွတ်လိုက်သည်။

ရုတ်တရက် ကြာပန်းသတ္တုန်ထိုင်ကာ နားလည်ဆင်ခြင်လိုက်၏။

ကျွင်းရှောင်ယောက်၏ ပါရမီက သံသယဖြစ်စရာ မရှိပါ။ စနစ်၏ ထောက်ပံ့မှုမရှိလျှင်ပင် သူက ဤကမ္ဘာပေါ်တွင် ပြိုင်ဘက်ကင်းသလောက်

ဖြစ်နေပါသေးသည်။

ကျွင်းရှောင်ယောက်က ကျွင်းမိသားစု၏ သိုင်းပညာ အမျိုးမျိုးကို တစ်ခဏချင်း နားလည်နိုင်သည်။

ယခုလည်း သူသည် စိတ်အားထက်သန်စွာဖြင့် နားလည်ဆင်ခြင်နေခဲ့ပြီ။

"ပြန်လည်ဝင်စားခြင်းက ရိုးရှင်းတဲ့သေခြင်းနှင့် ငြိမ်သက်ခြင်းလောက်ပဲ မဟုတ်ဘူး။ သေဆုံးခြင်းမှ မွေးဖွားခြင်းနဲ့ အဆုံးမရှိတဲ့ အသက်ရဲ့ စစ်မှန်တဲ့ အဓိပ္ပါယ်ပဲ"

ကျွင်းရှောင်ယောက်သည် ရုတ်တရက် ဉာဏ်အလင်းပွင့်သွား၏။

သူ့ရင်ဘတ်ရှိ အနှိုင်းမဲ့အရိုးကလည်း အရောင်ဝါ

ပြိုးပြိုးပြက်ပြက် တောက်ပလာတော့သည်။

ပြန်လည်ဝင်စားခြင်း၏ စွမ်းအားများက
ပင်လယ်ပြင်၌ ပေါင်းစုံစည်းသော မြစ်တစ်ရာကဲ့သို့
အနှိုင်းမဲ့အရှိုးတွင် ပေါင်းစည်းလာသည်။

၎င်းက ကြောက်စရာကောင်းသော
မဟာနတ်ဘုရားစွမ်းရည်ကို ထုတ်ဖော်လိုက်ပုံရ၏။

ထိုအချိန်တွင် ပိန်ပိန်ပါးပါးဖြင့်
ပိတ်ချောဝတ်ရုံဝတ်ပုံရိပ်ပေါ်တွင်
အကြွင်းကျန်ဝိညာဉ်က ဝေဝါးဝါး ထွက်ပေါ်လာသည်။

"ဒါက သူ့မျိုးရိုးက ဆင်းသက်လာတာပဲလား၊
တကယ်ကို မကောင်းဆိုးရွားဆန်ပြီး
ကြောက်ဖို့ကောင်းတယ်..."

ပိုးစုန်းကြူးကဲ့သို့သော ဝိညာဉ်ပုံရိပ်ထံမှ
စကားသံတချို့ ထွက်ပေါ်လာခဲ့လေသည်။

အချိန်များ ကုန်လွန်သွားခဲ့သည်။

ကောင်းကင်တာအိုမျှော်စင်သည်
အဆင့်မအောင်မြင်သော လူများကို
တစ်ယောက်ပြီးတစ်ယောက် ဖယ်ရှားပစ်ခဲ့၏

လူတိုင်းက ကျွင်းရှောင်ယောက်ကဲ့သို့သော
အတားအဆီးများကို မကျော်ဖြတ်နိုင်ပေ။

ယင်ယန်မြင့်မြတ်သားတော်၊ ရှလန်၊ ဟွားရှီချင်းနှင့်
အခြားသူများက အလှာသုံးဆယ်ရှစ်၊
သုံးဆယ့်ကိုးတွင် ရပ်တန့်သွားခဲ့သည်။

သို့သော်လည်း ဤရလဒ်က အလွန်ကောင်းနေခဲ့ချေပြီ။

အတိတ်က ကောင်းကင်တာအိုမျှော်စင်ကို
ဖွင့်လိုက်သောအခါ အလွှာလေးဆယ်သို့
တက်ရောက်နိုင်သူမှာ အလွန်နည်းပါးလွန်းခဲ့သည်။

သို့သော်လည်း ဤတစ်ကြိမ်တွင်
မဟာအကြီးအကဲတစ်ယောက် လုံးဝမပျော့်ရှင်နိုင်
ဖြစ်နေသည်။

လူမဆန်သော ကျွင်းရှောင်ယောက်ကို
ဘေးဖယ်ထားလျှင်ပင်...

ကျွင်းမိသားစုမှ ပထမစီကွမ်၊
ရွှေတောင်ပံဘုရင်ရှောင်ပန်၊ ရဲ့ရှင်းယွင်၊ ဖာဟိုင်နှင့်

တခြားသူများက အလွန်ကောင်းမွန်စွာ
ဆောက်ရွက်နိုင်စွမ်းရှိခဲ့သည်။

ကျောင်းမိသားစုမှ စီကွမ်များ၊ နောက်ဆုံးတွင်
အားအနည်းဆုံးဖြစ်သော ကျောင်းလင်းလုံသည်ပင်
ယင်ယန်မြင့်မြတ်သားတော်နှင့် တခြားသူများကို
ယှဉ်ပြိုင်နိုင်စွမ်း ရှိခဲ့သည်။

ကျန်စီကွမ်အားလုံးသည် အလှာလေးဆယ်အထက်သို့
ရောက်သွားခဲ့၏။

ဆန့်ကျင်ဘက်အားဖြင့် အကယ်ဒမီရှိ တပည့်များမှာ
အမှန်တကယ် ရှက်စရာကောင်းနေတော့သည်။

ယင်ယန်မြင့်မြတ်သားတော်နှင့် တခြားသူများဟာ
စိတ်အားထက်သန်စွာဖြင့် ထွက်လာသော်လည်း

ထိပ်ဆုံးမှ ကျွင်းရှောင်ယောက်ကို
မြင်တွေ့လိုက်ရသည်။

တစ်ချိန်တည်းမှာပင် သူတို့အားလုံး
အံ့အားသင့်သွားခဲ့၏။

ယင်းက ယင်ယန်မြင့်မြတ်သားတော်နှင့် ရှလန်၏
တာအိုနှလုံးသားများကို ပြင်းထန်သော
ထိုးနှက်ချက်တစ်ခု ဖြစ်သွားတော့သည်။

ဟွာရှီချင်း၏ မျက်လုံးများမှာတော့ လေးစားမှုများ
ဖြစ်ပေါ်လာသည်။

"ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော်ဟာ
တကယ်ကို မဖြစ်နိုင်တဲ့ အံ့ဖွယ်အမှုတွေ
ဖန်တီးပေးနိုင်စွမ်းရှိသူ၊ နတ်သားလေးပါပဲ"

ကျွင်းရှောင်ယောက်က သူမနှင့်အတူ ဆွေးနွေးရန်
ခွင့်ပြုပေးခဲ့ကြောင်း ပြန်တွေးမိသောအခါ
အလွန်စိတ်လှုပ်ရှားနေတော့သည်။

ရွှေတောင်ပံဘုရင်၊ ရဲ့ရှင်းယွင်၊ ဖာဟိုင်နှင့်
အခြားသူများမှာလည်း အပြင်ရောက်သည်နှင့်
သူတို့၏အောင်မြင်မှုများကိုပင် ဂုဏ်မယူရသေးမီ
ရက်စက်ကြမ်းကြုတ်သော အမှန်တရားကို
မြင်လိုက်ကြရသည်။

"ဒါက ဘယ်လိုဖြစ်နိုင်မှာလဲ"
ရွှေတောင်ပံဘုရင်ရှောင်ပန်လည်း
စိတ်မတည်ငြိမ်နိုင်တော့ဘဲ ကိုယ့်ဘဝကို
သံသယဝင်သွားမိသည်။

သူက ကျွင်းရှောင်ယောက်ကို ယှဉ်နိုင်မည်ဟု

ထင်ထားခဲ့သော်လည်း ယခုတော့ တစ်ဖက်လူက သူတို့ခေတ်၏ စံချိန်ကို ချိုးဖျက်သွားခဲ့ပြီ ဖြစ်သည်။

ဤရလဒ်က သူ့အတွက် လက်မခံနိုင်စရာပင်။

ရွှေတောင်ပံဘုရင်ရှောင်ပန်က လေးဆယ့်ငါးလှာကို ဖြတ်ကျော်ခဲ့၍ မကောင်းဆိုးရွားတစ်ကောင် ဖြစ်နေပြီဖြစ်သော်လည်း ကျွင်းရှောင်ယောက်နှင့် နှိုင်းယှဉ်ပါလျှင် ဖားတစ်ကောင်ပင် မဟုတ်တော့ပါ။

ရဲ့ရှင်းယွင်နှင့် ဖာဟိုင်လည်း အလားတူပင် ခံစားနေခဲ့ရသည်။

သူတို့နှစ်ဦး၏ မျက်နှာများကတော့ ဒယ်အိုးဖင်ကဲ့သို့ လုံးဝမည်းနက်နေခဲ့ပြီ။

စွမ်းအားမဲ့ခြင်းဟူသော ခံစားချက်ကလည်း
သူတို့နှလုံးသားထဲတွင် ပျံ့နှံ့သွားခဲ့သည်။

ကောင်းကင်တာအိုမျှော်စင်တွင် လူများကို
ဒုတိယမျက်လုံးအကျယ်စေနိုင်ဆုံးက ကျွင်းလုံခန်းနှင့်
ကျိချင်းရှုဖြစ်သည်။

သူတို့နှစ်ယောက်ထဲတွင် တစ်ယောက်က
ကျွင်းမိသားစု၏ ပထမစီကွမ် ဖြစ်ချေသည်။

နောက်တစ်ဦးကတော့ ကျိမိသားစု၏
နတ်ဘုရားမလေးပင် ဖြစ်သည်။

အကယ်၍ ကျွင်းရှောင်ယောက်သာမရှိလျှင် ယနေ့တွင်

သူတို့နှစ်ဦးက အတောက်ပဆုံး ဖြစ်နေပေလိမ့်မည်။

လူတိုင်းကို ရင်သပ်ရှုမောစေသော အရာမှာ ကျွင်းလုံခန်းနှင့် ကျိချင်းရီတို့ နှစ်ဦးစလုံးက လေးဆယ့်ရှစ်လွှာကို ဖြတ်ကျော်ကာ လေးဆယ့်ကိုးလွှာသို့ ရောက်ရှိသွားခဲ့ကြခြင်းပင် ဖြစ်သည်။

"ကျွင်းမိသားစုရဲ့ ပထမစီကွမ်က တကယ်ကို ထူးကဲတာပဲ"

"ဟုတ်ပါ့ဗျာ၊ ကျွင်းမိသားစုကို တကယ်ပဲ မနာလိုဖြစ်မိတယ်။ သူတို့မှာ ပါရမီရှင်တွေ အများကြီးပဲ"

"ကျိမိသားစုရဲ့ နတ်ဘုရားမလေးကလည်း

သာမန်မဟုတ်ဘူး၊ သူက အလွှာငါးဆယ်ကိုတောင် ဖြတ်ကျော်မလားလို့ တွေးမိတယ်"

"ကျုပ်ကောပါပဲ၊ ဒါပေမဲ့ ကျွင်းမိသားစုက နတ်ဘုရားသားတော်နဲ့တော့ ယှဉ်လို့မရပါဘူး၊ သူက တကယ်ကို မကောင်းဆိုးရွားတစ်ကောင်ပဲ"

လူတိုင်းဆွေးနွေးနေကြစဉ် ရလဒ်ထွက်လာသည်။

သူတို့နှစ်ယောက်စလုံး လေးဆယ့်ကိုးလွှာတွင် ရပ်တန့်သွားခဲ့၏။

သို့သော်လည်း ဤရလဒ်ကပင် အလွန်အံ့သြစရာ ဖြစ်နေခဲ့လေပြီ။ ယင်းက  ၎င်းတို့၏မျိုးဆက်၏ အသန်မာဆုံးသော တည်ရှိမှုများဟု အဓိပ္ပာယ်ရသည်။

"စိတ်မကောင်းစရာပဲ..."

ကျွင်းလုံခန်းက ကောင်းကင်တာအိုမျှော်စင်တွင် လက်နှစ်ဖက်ကိုနောက်ပစ်ပြီး ရပ်လိုက်သည်။

သို့ရာတွင် သူ့အရှိန်အဝါက ပိုအားကောင်းလာကြောင်း အားလုံးလိုလို ခံစားနိုင်ကြ၏။

ကျွင်းလုံခန်းလည်း ကောင်းကင်တာအိုမျှော်စင်တွင် အခွင့်အရေးကြီးရခဲ့၍ နှစ်သွယ်မျက်လုံးအတွက် ကြီးမားသော အပြောင်းအလဲများကို ကြုံခဲ့ရပေသည်။

တစ်ဖက်တွင်လည်း ကျိချင်းရီက ကြာပန်းများနှင့် လှမ်းထွက်လာခဲ့သည်။

သူမက ခေါင်းကို အနည်းငယ်ခါယမ်းကာ ရေရွတ်လိုက်လေသည်။

"ဒီသရဲမျက်နှာဖုံးရှိတဲ့မိန်းကလေးက တကယ်ကို အစွမ်းထက်ပြီး ထူးဆန်းတာပဲ၊ သူ့ကို အနိုင်ယူဖို့က ခက်ခဲလွန်းတယ်"

ကျိချင်းရီက အပြင်ရောက်၍ လှည့်ပတ်ကြည့်လိုက်သောအခါ ပုံမှန်မဟုတ်သော အခြေအနေတစ်ခု တွေးလိုက်မိသည်။

'ကျွင်းရှောင်ယောက်က တကယ်ပဲ လေးဆယ့်ကိုးလွှာကို ဖြတ်ကျော်သွားခဲ့တာလား'

ကျိချင်းရီလည်း အလိုလို မော့ကြည့်လိုက်၏။

ဤအကြည့်က သူမ၏ ကျောက်စိမ်းမျက်နှာလေးပေါ်တွင် ရှားရှားပါးပါး

အံ့အားသင့်မှုများအား ဖြစ်ပေါ်လာစေခဲ့သည်။
ဤအခိုက်တွင် သူမက အသိဝိညာဉ်
ဆုံးရှုံးသွားရသကဲ့သို့ပင်။

"အလွှာငါးဆယ်လား"

ကျိချင်းရီလည်း သူမ၏ အနီရဲရဲနှုတ်ခမ်းများကို
ကျောက်စိမ်းလက်ဖြင့် မနေနိုင်တော့ဘဲ
ဖုံးကွယ်ထားလိုက်မိတော့သည်။

-----------

အခန်း ( ၁၅၇ ) အနှိုင်းမဲ့အရိုး၏ ဒုတိယ
သဘာဝစွမ်းရည်၊ ဆမ်ဆာရာနီဗားနား၊
မြင့်မြတ်ဝိညာဉ်၏ အပ်နှင်းခြင်း။

ကျိချင်းရီ၏ တည်ရှိမှုက တိတ်ဆိတ်ပြီး

ကမ္ဘာလောကနှင့် ကင်းကွာနေပါသည်။

လူသားအင်မော်တယ်ဂိုဏ်းတွင် နှစ်ပေါင်းများစွာ
တံခါးပိတ်ကျင့်ကြံခြင်းကလည်း သူမကို
အင်မော်တယ်ခံစားချက်အား ပေးစွမ်းပြီး
ရှေးဟောင်းစိမ့်စမ်းရေတွင်းကြီးကဲ့သို့ ဖြစ်စေခဲ့၏။

သို့သော်လည်း လက်ရှိတွင် ကျိချင်းရီတစ်ယောက်
အလွန်အံ့ဩနေပြီး ကြောင်တောင်တောင်ပင်
ဖြစ်နေမိတော့သည်။

ကျွင်းရှောင်ယောက်က လေးဆယ့်ကိုးလွှာကို
ဖြတ်ကျော်မသွားပါ။

ထိုအစား အလွှာငါးဆယ် ဖြစ်၏။

၎င်းမှာ ရှေးကတည်းက မည်သူမျှ မချိုးဖျက်ခဲ့သော ထိုမှတ်တမ်းကို ချိုးဖျက်ပြီး  ဘယ်တုန်းကမှ မဖန်တီးခဲ့သော စံချိန်တစ်ခုအား ဖန်တီးလိုက်ခြင်းပင် ဖြစ်သည်။

သူတို့ကြားတွင် အလွှာတစ်ခုသာ ခြားနားသော်လည်း ထိုကွာဟမှုက မိုးနှင့်မြေသို့ ကြီးမားလွန်းလှသည်။

"ဘယ်သူမှ အလွှာငါးဆယ်ကို ဖြတ်ကျော်မရနိုင်ပေမယ့် ကျွင်းရှောင်ယောက်ကတော့ တကယ်လုပ်ခဲ့ပြီ"

ကျိုချင်းရီစိတ်ထဲတွင် အတော်စိတ်ပျက်သွားမိသည်။

သူမသည် မရေမတွက်နိုင်သော ပါရမီရှင်များကို တွေ့မြင်ခဲ့ရသော်လည်း မည်သူကမျှ သူမအား

အံ့အားသင့်စေခဲ့မည် မဟုတ်ပေ။

ယခုတော့ ကျွင်းရှောင်ယောက်က လုပ်ခဲ့ပြီ။

ကျိချင်းရီ မလုပ်နိုင်တာကိုတောင် သူလုပ်ခဲ့၏။

ယင်းက အမြဲပင် သာယာနေခဲ့သော ကျိချင်းရီအတွက် ထိုးနှက်ချက်တစ်ခုပင်။

ဤခံစားချက်မျိုးသည် နတ်အပေါင်းတို့
လေးစားရသော နတ်သမီးအရှေ့တွင်
နတ်သမီးမင်းကြီးတစ်ပါး
ရုတ်တရက်ပေါ်လာသည်အား
မြင်တွေ့လိုက်ရသကဲ့သို့ပင် ဖြစ်သည်။

ဤအင်မော်တယ်ဘုရင်အရှေ့တွင် သူမက သေးငယ်လာပြီး ခွန်အားမဲ့ခြင်း ခံစားချက်ကိုပင် ရရှိလာခဲ့၏။

ဤခံစားချက်က သိပ်အဆင်မပြေပါ။

"ဟင်း... ဝမ်းကွဲရှောင်ယောက်က တကယ်ကို ထူးကဲတာပဲ"

ကျွင်းလုံခန်းက မျက်လုံးများကို အဝတ်နှင့်ဖုံးထားသော်လည်း အရာအားလုံးကို မြင်နေရဆဲပင်။

သူသည် ကျွင်းမိသားစုမှ ကျော်ကြားသော ပထမစီကွမ်ဖြစ်သော်လည်း ဤဝမ်းကွဲ၏ စွမ်းရည်က သူ့မျှော်လင့်ချက်ထက် များစွာကျော်လွန်သွားကြောင်း ဝန်ခံလိုက်ရသည်။

မူလက သူသည် အားကျိုးကို သူ့အစွမ်းသတ္တိအား
သိစေရန် ကောင်းကင်တာအိုမျှော်စင်၌
ကျွင်းရှောင်ယောက်နှင့် ယှဉ်ပြိုင်လိုခဲ့သည်။

ထို့ကြောင့် ယခုအချိန်တွင် သူ့ကိုယ်သူ
ကျွင်းရှောင်ယောက်နှင့် နှိုင်းယှဉ်လိုက်မိပါသေးသည်။

သူ့အနောက်မှ ကျွင်းတောက်လင်းနှင့်
ကျွင်းရှီယုမှာလည်း မူးဝေပြီး သတိလစ်လုနီး
ဖြစ်သွားခဲ့ကြသည်။

ယခင်ကတော့ မိသားစု၏
ကျင့်ကြံခြင်းအရင်းအမြစ်များစွာကို
သိမ်းပိုက်ထားသော ကျွင်းရှောင်ယောက်ကို
အမြင်မကြည်ခဲ့ကြပေ။

ယခုတော့ တောက်ပနေသော ကျွင်းရှောင်ယောက်ကိုကြည့်ကာ ဘာစကားမျှ မပြောနိုင်တော့ပါ။

ထူးချွန်သူများက မိသားစု၏ အရင်းအမြစ်များကို ပိုမိုရယူနိုင်ကြသည်။ ယင်းက ဘာများ မှားနေပါသနည်း။

လုံးဝ မမှားပေ။

အပြစ်တင်လိုပါက ကျွင်းရှောင်ယောက်ထက် အဆပေါင်းများစွာ နိမ့်ကျသည့် မိမိပါရမီကိုသာ အပြစ်တင်ရမည်။ ၎င်းတို့က အနာဂတ် ကျွင်းမိသားစု၏ အဓိကကျောရိုး ဖြစ်လာကြမည် မဟုတ်ပါချေ။

ယခုအချိန်တွင် ကျွင်းရှီယုက
ကျွင်းရှောင်ယောက်နှင့်ပတ်သက်၍ သူမ၏
ယခင်သဘောထားကို လုံးဝ
ပြန်လည်ရုပ်သိမ်းသွားခဲ့သည်။

ကျွင်းရှောင်ယောက်က ကျွင်းလုံခန်းထက်
ပို၍တောက်ပသည်ဟုလည်း ခံစားလာရတော့သည်။

"ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော်က
အတားအဆီးကို ဖြတ်ကျော်နိုင်ခဲ့ပါလျက်နဲ့
ဘာကြောင့် အခုထိ မထွက်သေးတာလဲ"

"ဖြစ်ကောင်းဖြစ်နိုင်တာကတော့
အခွင့်လမ်းကောင်းတစ်ခုခုကို အမွေဆက်ခံနေတာပဲ"

တချို့က ခန့်မှန်း ပြောဆိုလိုက်ကြ၏။

မဟာအကြီးအကဲတစ်ဦးသာ
သက်ပြင်းချလိုက်လေသည်။

ကျွင်းရှောင်ယောက်က မြင့်မြတ်ဝိညာဉ် လူဝင်စား၏
အကြွင်းကျန်ကို မြင်တွေ့နေပြီဖြစ်ကြောင်း
သူနားလည်သွားခဲ့သည်။

ပြင်ပကမ္ဘာတွင် ကျွင်းရှောင်ယောက်ကြောင့်
မရေမတွက်နိုင်သောလူများ
ထိတ်လန့်တုန်လှုပ်ခဲ့ရသည်။

ထိုအချိန်...

အလှောင်းဆယ်ရှိ ဟင်းလင်းပြင်မှ မြေပြင်ပေါ်မှာ ကြာပန်းသဏ္ဍာန်ထိုင်နေသော ကျွင်းရှောင်ယောက်က နောက်ဆုံးတွင် တုံ့ပြန်လာခဲ့သည်။

သူ့ရင်ဘတ်ပေါ်ရှိ အနှိုင်းမဲ့အရိုးကလည်း အဖြူအမည်း သင်္ကေတတစ်ခုဖြင့် တောက်ပလာ၏။

၎င်းက ပြန်လည်ဝင်စားခြင်း ဆမ်ဆာရာ စွမ်းအား၏ သင်္ကေတပင် ဖြစ်တော့သည်။

တစ်ချိန်တည်းမှာပင် ကျွင်းရှောင်ယောက်က မျက်လုံးများကို ဖွင့်ကြည့်လိုက်ရာ သူ့မျက်လုံးများ၏ အနက်ရှိုင်းဆုံးနေရာ၌ အဖြူနှင့်အမည်း အသွင်နှစ်မျိုးရှိနေကြောင်း ခံစားလိုက်ရသည်။

'အနှိုင်းမဲ့အရိုးရဲ့ ဒုတိယမြောက် သဘာဝစွမ်းအား၊

ဆမ်ဆာရာ နီဗားနား'

ကျွင်းရှောင်ယောက်က ရုတ်တရက် ထရပ်လိုက်သည်။
အံ့သြဖွယ် ပြန်လည်ဝင်စားခြင်း အငွေ့အသက်များက
သူ့ရင်ဘတ်မှ ထွက်လာကာ အဖြူအမည်း
အလင်းများကလည်း နေရာအနှံ့သို့ ပျံ့နှံ့သွားသည်။

တခဏချင်းပင် ပတ်ဝန်းကျင်ရှိ သဲကန္တာရကလည်း
ပြောင်းလဲလာခဲ့၏။

မြေပြင်ပေါ်ရှိ ညှိုးနွမ်းနေသော
သစ်ပင်အဖူးငုံများကလည်း
အံ့အားသင့်ဖွယ်ကောင်းသော အမြန်နှုန်းဖြင့်
လျင်မြန်စွာကြီးထွားလာပြီး
မြင့်မားသောသစ်ပင်ကြီးအဖြစ်သို့
ပြောင်းလဲသွားခဲ့လေတော့သည်။

ကျွင်းရှောင်ယောက်၏ အနီးတစ်ဝိုက်ရှိ
သဲကန္တာရများအားလုံး အိုအေစစ်များအဖြစ်သို့
ပြောင်းလဲသွားခဲ့သည်။

အတွေးတစ်ခုဖြင့် ဘဝ၏ဘေးဒုက္ခများ
ဖြစ်ပေါ်ခြင်းနှင့် ပျောက်ကွယ်စေခြင်း။

ယင်းက အနှိုင်းမဲ့အရိုး၏ ကြောက်စရာကောင်းသော
ပြန်လည်ဝင်စားခြင်း နတ်ဘုရားစွမ်းရည် ဖြစ်သည်။

သို့ရာတွင် ယင်းက လုပ်ဆောင်စွမ်းအကုန်မဟုတ်ပါ။

ဆမ်ဆာရာစွမ်းအားက အသက်စွမ်းအား သာမကဘဲ
သေခြင်းစွမ်းအားကိုလည်း ဖြစ်စေနိုင်စွမ်းရှိ၏။

ကျွင်းရှောင်ယောက်၏ အတွေးတစ်ချက်ဖြင့် အနက်ရောင်အလင်းတန်းက ဖြာထွက်လာရာ ထိုမြင့်မားသောသစ်ပင်များအားလုံး ညှိုးနွမ်းလာပြီး နောက်ဆုံးတွင် သစ်သားတစ်စမှ ဖုန်မှုန့်များသို့ ပြောင်းလဲပျက်ဆီးသွားတော့သည်။

'ဒါက ပန်ဟွမ် နှစ်များစားနဲ့ နည်းနည်းဆင်တယ်၊ ဒါပေမယ့် အရေးကြီးတဲ့ မတူညီမှုတွေတော့ ရှိနေတုန်းပဲ'

ကျွင်းရှောင်ယောက်က တွေးလိုက်သည်။

ပန်ဟွမ်နှစ်များစားက နှစ်များ၏ အစွမ်းဖြစ်သည်။

ဆမ်ဆာရာ နီဗားနားကတော့ ပြန်လည်ဝင်စားခြင်း၏ အစွမ်း ဖြစ်ချေသည်။

သို့ရာတွင် သက်ရောက်မှုများကတော့ အမှန်ပင် တူညီမှုရှိသည်။

'ဆမ်ဆာရာနီဗားနားက အစောပိုင်းပုံစံတစ်ခုပဲ၊ ဒါက အနာဂတ်မှာ ပိုလေးနက်တဲ့ အပြောင်းအလဲတွေရှိလာမှာ သေချာတယ်' ကျွင်းရှောင်ယောက် စိတ်ထဲတွင် တွေးလိုက်မိသည်။

၎င်းက ကောင်းကင်ကပ်ဘေးအလင်းနှင့်တူပြီး ၎င်း၏ ပြီးပြည့်စုံသော လှုပ်ရှားမှုကတော့ ကောင်းကင်လက်ဝါး ဖြစ်သည်။

ဤဆမ်ဆာရာနီဗားနားကလည်း ရှေ့ပြေးပုံစံတစ်ခုသာဖြစ်၍ နောက်ပိုင်းတွင် ပြီးပြည့်စုံသော နတ်ဘုရားစွမ်းအားအဖြစ်သို့ ပြောင်းလဲနိုင်လိမ့်မည်။

သို့ရာတွင် ဤရှေ့ပြေးပုံစံကပင်
အလွန်ကြောက်စရာကောင်းနေပြီဖြစ်ပြီး သူ့အတွက်
လူသတ်ကွက်တစ်ခုပင် ဖြစ်လာနိုင်သည်။

ထို့အပြင် အနှိုင်းမဲ့အရိုး၏
ပြန်လည်ဝင်စားခြင်းစွမ်းအားကို
ပိုအစွမ်းထက်စေရန်အတွက်
လမ်းကြောင်းခြောက်သွယ်
ဆမ်ဆရာလက်သီးသိုင်းနှင့်လည်း
ပေါင်းစပ်ထုတ်နိုင်သည်။

ထို့နောက်တော့ ကျွင်းရှောင်ယောက်လည်း
ပြန်လည်ဝင်စားခြင်း မြင့်မြတ်ဝိညာဉ်၏
အကြွင်းအကျန်ကို တစ်ဖန်
အာရုံစိုက်လိုက်ပြန်တော့သည်။

အမှန်အတိုင်းဆိုရလျှင် မြင့်မြတ်ဝိညာဉ် လူဝင်စား၏
အကြွင်းကျန်က သတ္တဝါတစ်မျိုးမျိုး၏
အခြေအနေတွင် ရှိသင့်သည်ဟု တွေးထားခဲ့မိသည်။

သို့သော်လည်း ယင်းက လုံးဝ ဖြစ်နိုင်တာတော့
မဟုတ်ပါ။

မြင့်မြတ်ဝိညာဉ် လူဝင်စား၏
အကြွင်းကျန်များကလည်း သာမန်လူသားများကဲ့သို့
အရေပြားများ ခြောက်ကပ်ကာ
ပိန်ခြောက်သွားနိုင်သည်။

ထိုအချိန်တွင် အလွန်အားနည်းသော
ဝိညာဉ်အတက်အကျတစ်ခုက ရုတ်တရက်
ဖြစ်ပေါ်လာသည်။

"မိတ်ဆွေလေး၊ မင်းက ကျွင်းမိသားစုကလား..."

"ဟမ်"

ကျွင်းရှောင်ယောက်၏ မျက်လုံးများက
ထူးခြားသောအလင်းတချို့ ဖြစ်ပေါ်လာသည်။

ထိုအခါမှ မြင့်မြတ်ဝိညာဉ် အကြွင်းကျန်ပေါ်တွင်
ပိုးစုန်းကြူးကဲ့သို့ အလင်းရောင်ဖျော့ဖျော့
ရှိနေကြောင်း သူသတိပြုလိုက်မိသည်။

'အကြွင်းအကျန်ဝိညာဉ်လား'
ကျွင်းရှောင်ယောက် စိတ်ထဲတွင် တွေးလိုက်၏။

သို့သော်လည်း အနည်းငယ် ခေါင်းညိတ်ကာ
ပြောလိုက်သည်။

"ဟုတ်ပါတယ်၊ ကျွန်တော်က ကျွင်းမိသားစုက
ကျွင်းရှောင်ယောက်ပါ"

"မျှော်လင့်ထားတဲ့အတိုင်း ကျွင်းမိသာစုက မိုးနဲ့မြေကို
ထောက်ပံ့ပေးနိုင်တဲ့ တည်ရှိမှုမျိုးကို
မွေးထုတ်ပေးနိုင်တုံးပဲ"

"ဒါတောင်မှ ငါတို့မဟာမြင့်မြတ်ဝိညာဉ်တွေ
မျက်နှာမပြဝံ့ဘူး၊ အသတ်ခံရပြီး
ကေရာဇ်ဝိညာဉ်ဖြစ်လာမှာကြောက်လို့"

"အိုး၊ ဒီလိုကိစ္စမျိုး ရှိသေးတာလား"

ကျွင်းရှောင်ယောက် အံ့သြသွားသည်။

မြင့်မြတ်ဝိညာဉ် မဟာကေရာဇ်ကြီးက
လူသားမျိုးနွယ်၏ မဟာကေရာဇ်၊

ရှေးကေရာဇ်များနှင့်ပင် နှိုင်းယှဉ်နိုင်စွမ်း ရှိပေသည်။

"မဟာကေရာဇ်က ကိုယ့်ကိုယ်ကိုယ် တံဆိပ်ခတ်ပြီး
ကောင်းကင်ကို စွန့်ပစ်ခဲ့တယ်။ ဒါက
ကောင်းကင်ကိုစွန့်ပစ်တဲ့ တည်ရှိမှုတစ်ခုပဲ"
မြင့်မြတ်ဝိညာဉ် အကြွင်းကျန်က ပြောလိုက်သည်။

"ဒါက ကောင်းကင်ကိုစွန့်ပစ်တဲ့ မဟာကေရာဇ်ကြီး၊
ဘိုးဘေး ကျွင်းချီထျန်းပေါ့"
ကျွင်းရှောင်ယောက် ရေရွတ်လိုက်သည်။

ဎင်းက ကမ္ဘာပေါ်တွင် ဩဇာအရှိဆုံး ပုဂ္ဂိုလ်များထဲမှ
တစ်ဦးဖြစ်သည်။

ကောလဟာလများအရ သူ၏ပါရမီက

အလွန်ကြောက်စရာကောင်းကာ ကေရာဇ်တံဆိပ်ကိုပင် ဆွဲဆောင်နိုင်ခဲ့သည်။ ၎င်းကို လက်ခံသည်နှင့်တပြိုင်နက် တာအိုကိုသက်သေပြုကာ ကေရာဇ်ဖြစ်လာပေလိမ့်မည်။

ထို့ကြောင့် ရက်စက်သောလူက တစ်စုံတစ်ခုကို ပြောလာခဲ့သည်။

ကောင်းကင်တာအို သရဖူက ဝန်ထုပ်ဝန်ပိုး ဖြစ်ချေသည်။ ထိုတာအိုကို သက်သေပြုက အခက်အခဲများဖြင့် အင်မော်တယ်ဖြစ်လာရမည် ဖြစ်သည်။

ထို့ကြောင့် ကောင်းကင်က အပ်နှင်းထားသော တံဆိပ်ကို လက်ခံရန် ငြင်းဆန်ခဲ့ပေသည်။

နောက်ဆုံးတွင် သူ၏ကိုယ်ပိုင်ခွန်အားဖြင့် တာအိုကို ပြီးမြောက်စေပြီးနောက် ကျွင်းမိသားစုကို နှစ်တစ်သိန်းပျော်ရွှင်ခြင်းများ ခံစားစေခဲ့သည်။

ကျွင်းမိသားစုကို အင်မော်တယ်နယ်မြေကြီးကို တုန်ခါစေခဲ့သောသူက တစ်ယောက်တည်းတော့ မဟုတ်ပါ။ မျိုးဆက်တိုင်းတွင် ကျွင်းချီထျန်းကဲ့သို့ ပါရမီရှင် တစ်ဦး သို့မဟုတ် နှစ်ဦးကို မွေးထုတ်ပေးနိုင်ခဲ့ကြသည်။

ဥပမာအားဖြင့် ယခင်မျိုးဆက်က ကျွင်းရှောင်ယောက်၏ဖခင်၊ အဖြူရောင်နတ်ဘုရားဘုရင် ကျွင်းဝူဟွေ့ ဖြစ်သည်။

ဤမျိုးဆက်မှာတော့ သဘာဝအတိုင်း ကျွင်းရှောင်ယောက် ရှိလေသည်။

"အဲဒီလူက မသေသေးဘူးလို့ထင်တယ်…
ငါခံစားနေရတယ်"

မြင့်မြတ်ဝိညာဉ်၏ အကြွင်းအကျန်ဝိညာဉ်က ရုတ်တရက် ပြောလိုက်သည်။

"ဘယ်လို"

ကျွင်းရှောင်ယောက် အံ့သြသွား၏။

ရက်စက်သောလူက အသက်ရှင်နေသေးပါသလား။

သို့သော်လည်း ကျွင်းမိသားစု၏ နောက်ခံအကြောင်းကိုတွေးရလျှင် ကေရာင်ဇ်များ မရှိတော့ပါ။

လက်ရှိတွင် ကျွင်းမိသားစု၏ ဘိုးဘေးဆယ့်ရှစ်က အစိပစိတန်ခိုးရှင်တစ်ဦးသာ ဖြစ်သည်။

"ဆရာကြီး၊ ဒီအကြောင်းတွေကို ပြောပြနေတာ ဘာအတွက်လဲ"

ကျွင်းရှောင်ယောက်က လိုရင်းကို ပြောလိုက်၏။

မြင့်မြင့်မြတ်ဝိညာဉ်လည်း ခေါင်းညိတ်ကာ ပြောလိုက်သည်။

"မင်းရဲ့ပါရမီအရ အနာဂတ်မှာ ကျွင်းမိသားစုရဲ့ မဏ္ဍိုင်ဖြစ်လာမယ်ဆိုတာ ငါသိတယ်။ ဒါကြောင့် ငါ့မှာ တောင်းဆိုမှုတစ်ခုပဲ ရှိပါတယ်၊ အနာဂတ်မှာ မင်းအနေနဲ့ မြင့်မြတ်ဝိညာဉ်ကို စောင့်ရှောက်ပေးဖို့ပဲ မျှော်လင့်တာပါ"

"အိုး"

ကျွင်းရှောင်ယောက် မျက်ခုံးပင့်လိုက်၏။

မြင့်မြတ်ဝိညာဉ် အကြွင်းကျန်က ထိုသို့သောတောင်းဆိုမှုကို ပြုလုပ်လိမ့်မည်ဟု မျှော်လင့်မထားခဲ့ပေ။

"ဖရိုဖရဲကမ္ဘာကြီး စတင်လာတဲ့အခါ အရာအားလုံး ဖရိုဖရဲဖြစ်ပြီး ကမ္ဘာခြားက မြူတွေလည်း ပျံ့လွင့်လာလိမ့်မယ်၊ အဲဒီအခါကျရင် အင်မော်တယ်နယ်မြေကြီး ပျက်ကိန်းဆိုက်သလို အကယ်ဒမီလည်း ကျဆုံးကောင်း ကျဆုံးသွားနိုင်တယ်"

မြင့်မြတ်ဝိညာဉ်က တဖြည်းဖြည်းချင်း ပြောလိုက်သည်။

ဤတစ်ခါတော့ ကျွင်းရှောင်ယောက်

သေချာနားလည်သွားခဲ့ပြီ ဖြစ်သည်။

မြင့်မြတ်ဝိညာဉ်အကြွင်းကျန်က ဟောကိန်းတစ်ခုကို ထုတ်ပေးနေပုံရလေသည်။

၎င်းက ခေတ်ရေစီးကြောင်းတွင် မြင့်မြတ်ဝိညာဉ်အကယ်ဒမီကို မပျက်စီးစေလိုသောကြောင့် ကျွင်းရှောင်ယောက်ကို အကူအညီတောင်းလာရခြင်း ဖြစ်သည်။

ကျွင်းရှောင်ယောက်နှင့် ကျွင်းမိသားစု၏ နောက်ခံအရ မြင့်မြတ်ဝိညာဉ်အကယ်ဒမီကို စောင့်ရှောက်ရန်မှာ မခက်ခဲလှပေ။

သို့သော်လည်း ကျွင်းရှောင်ယောက်က သန့်စင်သောနှလုံးသားနှင့် အပျိုစင်လေး မဟုတ်ပါ။

သူက မိမိနှင့်မဆိုင်ဘဲ စေတနာ့ဝန်ထမ်း မလုပ်လိုပေ။

မြင့်မြတ်ဝိညာဉ်ကလည်း ကျွင်းရှောင်ယောက်၏ ရည်ရွယ်ချက်များကို သိရှိထားဟန်ဖြင့် ပြုံးကာ ပြောလေသည်။

“စိတ်မပူပါနဲ့၊ ငါက သဘာဝအတိုင်း လိုအပ်ချက်တွေကိုပဲ ရှေ့တန်းတင်မှာ မဟုတ်ဘူး၊ ဒါက ငါ့ရဲ့နောက်ဆုံးလက်ဆောင်ပဲ"

စကားဆုံးသည်နှင့် မြင့်မြတ်ဝိညာဉ်၏ အကြွင်းကျန်ဝိညာဉ်ရင်ဝမှ တောက်ပသော အလင်းရောင်ဖျော့ဖျော့ ထွက်ပေါ်လာသည်။

“ဒါက…”

ကျွင်းရှောင်ယောက်လည်း

ထူးခြားသောအကြည့်များကို လှစ်ဟလာခဲ့လေသည်။

-----------

အခန်း ( ၁၅၈ ) ဆမ်ဆာရာအင်မော်တယ်မျိုးစေ့၊
အနာဂတ်အတွက် ရွေးချယ်စရာလမ်း၊
ရွှေတောင်ပံဘုရင် ရှောင်ပန်လည်း
မခံမရပ်နိုင်ဖြစ်နေပြီ။

မှုန်ဝါးဝါးအလင်း ထွက်ပေါ်လာသောအခါ
အလွန်သိပ်သည်းသော ပြန်လည်ဝင်စားခြင်း
စွမ်းအားကလည်း ပျံ့နှံ့သွားခဲ့သည်။

သို့သော်လည်း ယခုအချိန်တွင် ကျွင်းရှောင်ယောက်က
ပြန်လည်ဝင်စားခြင်း၏ စစ်မှန်သော အဓိပ္ပါယ်ကို
နားလည်ထားခဲ့ပြီးချေပြီ။

ထို့ပြင် အနှိုင်းမဲ့အရိုးလည်း ရှိသေးသဖြင့်
ဆမ်ဆာရာစွမ်းအားက သူ့ကို
များစွာမထိခိုက်စေနိုင်တော့ပေ။

ကျွင်းရှောင်ယောက်က
အနီးကပ်ကြည့်လိုက်သောအခါ မှုန်ဝါးဝါး
အလင်းရောင်အတွင်း၌ အစေ့အဆန်တစ်ခု
ရှိနေသည်အား မြင်တွေ့လိုက်ရသည်။

ထိုအစေ့က အဖြူအမည်းဖြစ်ကာ ကြွယ်ဝသော
ဆမ်ဆာရာစွမ်းအားများလည်း ထွက်ပေါ်နေ၏။

ဤနေရာတစ်ခုလုံးရှိ ဆမ်ဆာရာစွမ်းအားပင်
ဤမျိုးစေ့နှင့် နှိုင်းယှဉ်၍မရပါ။

"ဒါက..."

ကျွင်းရှောင်ယောက်သည် အဖိုးမဖြတ်နိုင်သော
ရှားပါးရတနာမျိုးစုံကို မြင်ဖူးသော်လည်း
ဤမျိုးစေ့ကို မြင်ရသောအခါ
အံ့အားသင့်သွားတော့သည်။

ယင်းက ရှားပါးရတနာတစ်ခုဖြစ်ကြောင်း သူသိသည်။

မြင့်မြတ်ဝိညာဉ်အကြွင်းကျန်က ပြောလိုက်သည်။
"ဒါက ငါ့ရဲ့ ဆမ်ဆာရာတာအိုစွမ်းအား အနှစ်သာရနဲ့
ပေါင်းစည်းထားတဲ့ ဆမ်ဆာရာအင်မော်တယ်မျိုးစေ့ပဲ၊
မင်းက ပေါင်းစည်းခြင်းနယ်ပယ် ကြီးမားသော
အောင်မြင်ခြင်းမှာ ရှိနေတာကို ငါမြင်တယ်။ ဒီအတွက်
နောက်တစ်ဆင့်က တာအိုပေါင်းစည်းခြင်းပဲ"

"ဒီဆမ်ဆာရာအင်မော်တယ်မျိုးစေ့က မင်းအတွက်

သေချာပေါက် အကျိုးရှိတယ်"

"ဆမ်ဆာရာအင်မော်တယ်မျိုးစေ့"

ကျွင်းရှောင်ယောက်၏ မျက်လုံးများ

တောက်ပလာသည်။

အင်မော်တယ်မျိုးစေ့က သေချာပေါက်

ရှားပါးရတနာတစ်ခု ဖြစ်ချေသည်။

သာမန်ကျင့်ကြံသူများအတွက်တော့

အင်မော်တယ်မျိုးစေ့က လက်လှမ်းမမီပါ။

ရင်းတို့အတွက် သာမန်နတ်မျိုးစေ့ကိုပင်

မတတ်နိုင်ကြပေ။

ထို့ကြောင့် သာမန်ကျင့်ကြံသူများမှာ
အနိမ့်ဆုံးဖြစ်သော သာမန်မျိုးစေ့များနှင့်
တာအိုပေါင်းစည်းကြရသည်။

“ဘယ်လိုလဲ၊ ဒီလက်ဆောင်ကို ကျေနပ်သေးရဲ့လား”
မြင့်မြတ်ဝိညာဉ် အကြွင်းကျန်က ပြောလိုက်သည်။

"ကောင်းပါတယ်"
ကျွင်းရှောင်ယောက်က အနည်းငယ်
ခေါင်းညိတ်လိုက်၏။

အကယ်၍သာမန်ပါရမီရှင်သာ
အင်မော်တယ်မျိုးစေ့ကို ရရှိပါက
ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး
အလွန်စိတ်လှုပ်ရှားနေပေလိမ့်မည်။

သို့ရာတွင် ကျွင်းရှောင်ယောက် အတွက်ကတော့ 'ကောင်းတယ်'လို့ပဲ ယူဆနိုင်သည်။

ဆမ်ဆာရာစွမ်းအားပါရှိသော ဤအင်မော်တယ်မျိုးစေ့အတွက်သာ မဟုတ်ပါက ကျွင်းရှောင်ယောက်ဟာ လုံး၀ စိတ်၀င်စားမည် မဟုတ်ပေ။

ထိုသို့သောသဘောထားက မြင့်မြတ်ဝိညာဉ်၏ အကြွင်းအကျန်ဝိညာဉ်ကိုအချိန် အတော်ကြာသည်အထိ စကားမပြောနိုင်ဘဲ ဆွံ့အသွားစေခဲ့သည်။

သူက သူ၏တာအိုအနှစ်သာရနှင့် ပေါင်းစည်းထားသည့် တာအိုမျိုးစေ့ကို

ပေးလိုက်သော်လည်း ကျွင်းရှောင်ယောက်မှာ မတုန်မလှုပ်ရှိနေဆဲပင်။

နောက်ဆုံးမှ ကျွင်းရှောင်ယောက် ခေါင်းညိတ်ကာ လက်ခံလိုက်သည်။

"စိတ်မပူပါနဲ့ ဆရာကြီး၊ ကျွန်တော် မြင့်မြတ်ဝိညာဉ်အကယ်ဒမီကို စောင့်ရှောက်ပေးပါ့မယ်"

ကျွင်းရှောင်ယောက်က ပြောလိုက်သည်။

"ကျွင်းမိသားစုရဲ့ သားမြေးတွေရဲ့ ကတိမို့ ငါ စိတ်ချနိုင်ပါပြီ။ အခုတော့ မင်းထွက်သွားနိုင်ပြီ၊ ငါ့ရဲ့အကြွင်းအကျန်ဝိညာဉ်က သိပ်ကြာကြာမနေနိုင်တော့ဘူး..."

မြင့်မြတ်ဝိညာဉ်၏ အကြွင်းအကျန်ဝိညာဉ်က

ပြောလိုက်သည်။

ကျွင်းရှောင်ယောက်လည်း ခေါင်းညိတ်လိုက်၏။

သူက မထွက်ခွာမီ မြင့်မြတ်ဝိညာဉ်၏
အကြွင်းအကျန်များကို
တစ်ချက်ကြည့်လိုက်လေသည်။

"အဟမ်း… အဟမ်း၊ မိတ်ဆွေလေး၊ ဒီအဘိုးကြီးရဲ့
ခန္ဓာကိုယ်ကို မင်းဘာလုပ်မလို့လဲ”

မြင့်မြတ်ဝိညာဉ် လူဝင်စား၏
အကြွင်းအကျန်ဝိညာဉ်က ခြောက်ကပ်ကပ်ဖြင့်
ချောင်းဟန့်လိုက်သည်။

ဒီကောင်လေးက သူ့အကြွင်းအကျန်တွေကိုတောင်

အာရုံစိုက်နေတာတော့ မဟုတ်နိုင်ဘူး မဟုတ်လား။

"ဆရာကြီးက နောက်နေတာပဲ၊ ကျွန်တော်က
ဒီအတိုင်းပဲ ကြည့်တာပါ"

ကျွင်းရှောင်ယောက်က မျက်နှာတစ်ချက်မပျက်ဘဲ
ပြောလိုက်သည်။

တကယ်တော့ ယခုလေးတင် သူသည် မြင့်မြတ်ဝိညာဉ်
လူဝင်စား၏ အကြွင်းအကျန်များကို အမှန်တကယ်
အာရုံစိုက်ခဲ့ပေသည်။

နောက်ဆုံးမှာတော့ မြင့်မြတ်ဝိညာဉ်လူဝင်စား၏
ခန္ဓာကိုယ်က လက်နက်ကောင်းများ ထုလုပ်နိုင်သော
ရတနာကောင်းဖြစ်သည်။

ဤမျှကြီးမားသော ဆမ်ဆာရာတာအိုအရိုးများကို

မြင်နေရလျှင် မည်သူမျှ စိတ်မလှုပ်ရှားဘဲ
နေနိုင်ကြမည် မထင်ပေ။

သို့သော်လည်း တွေးကြည့်ပြီးသောအခါ
ကျွင်းရှောင်ယောက် လက်လျှော့လိုက်သည် ။

ပြောခဲ့သလိုဘဲ မြင့်မြတ်ဝိညာဉ်က သူ့ခန္ဓာကိုယ်၏
အနှစ်သာရအားလုံးကို
ဆမ်ဆာရာအင်မော်တယ်မျိုးစေ့အဖြစ်သို့
ပေါင်းစည်းသွားခဲ့ချေပြီ။

ကျန်တာများက တန်ဖိုးသိပ်မရှိတော့ပါ။

"နှုတ်ဆက်ပါတယ်"
ကျွင်းရှောင်ယောက်လည်း လက်ယှက်ကာ

လှည့်ထွက်လာခဲ့သည်။

မြင့်မြတ်ဝိညာဉ် အကြွင်းကျန်လည်း
ထွက်ခွာသွားသည့်
ကျွင်းရှောင်ယောက်၏နောက်ကျောကိုကြည့်ကာ
ရုတ်တရက်နောင်တရသွားသည်။

ဒီကောင်ကို အကယ်ဒမီအပ်လိုက်တာ မှားများ
မှားနေပြီလား။

သို့သော်လည်း ရှေးခေတ်ကတည်းက စမ်းသပ်မှုကို
အောင်မြင်သူမှာ ကျွင်းရှောင်ယောက်သာ ရှိသည်။

ထို့ကြောင့် မြင့်မြတ်ဝိညာဉ်အကြွင်းကျန်တွင်
ရွေးချယ်စရာမရှိပေ။

တစ်ဖက်တွင် ကျွင်းရှောင်ယောက်၏ နှုတ်ခမ်းများက
အထက်သို့ ကားတက်ကာ ပြုံးနေသည်။

ကောင်းကင်တာအိုမျှော်စင်သို့ ဤခရီးစဉ်သည်
ရလဒ်ကောင်းများ ရရှိခဲ့၏။

နဂါးဆင်အမှုန်များ အသွင်ပြောင်းပြီး
လမ်းကြောင်းခြောက်သွယ်
ဆမ်ဆာရာလက်သီးသိုင်းကို လက်မှတ်ထိုးဝင်ကာ
ရခဲ့သည်။ အနှိုင်းမဲ့အရိုးကို တိုးတက်စေကာ
ဆမ်ဆာရာအင်မော်တယ်မျိုးစေ့ကိုလည်း
ရရှိခဲ့သေး၏။

'ဒီအင်မော်တယ်မျိုးစေ့ကို ဘယ်လိုသုံးရမလဲ'
ကျွင်းရှောင်ယောက်က တွေးလိုက်သည်။

ယခုနေ ဤအင်မော်တယ်မျိုးစေ့ကို သန့်စင်ထားပါက
တာအိုပေါင်းစည်းခြင်းနယ်ပယ်သို့
ချက်ချင်းဖြတ်ကျော်နိုင်မည်ဖြစ်သည်။
ထိုမျှသာမကဘဲ တာအိုပေါင်းစည်းခြင်းနယ်ပယ်
ကြီးမားသော ပြီးပြည့်စုံမှုသို့ပင်
တိုက်ရိုက်ဖြတ်ကျော်နိုင်စွမ်းရှိ၏။

ထို့အပြင် ဆမ်ဆာရာအင်မော်တယ်မျိုးစေ့က
အမှန်တကယ်ပင် သူ၏ သဘာဝလွန်စွမ်းအားများနှင့်
လိုက်လျောညီထွေရှိပေသည်။

သို့သော်လည်း ကျွင်းရှောင်ယောက်ကတော့
တစ်ခုခုမှားနေသကဲ့သို့ ခံစားနေရဆဲပင်။

ဆမ်ဆာရာအင်မော်တယ်မျိုးစေ့က

သူ၏အရည်အချင်းအားလုံးကို မထုတ်လွှတ်နိုင်ဟု ခံစားနေသည်။

ကျွင်းကျန်းထျန်းကလည်း အောက်ကမ္ဘာသို့သွားကာ မျိုးစေ့အဖြစ်သုံးရန် ကမ္ဘာ့မူလကို ရှာဖွေရန်ပြောထား၏။

အင်မော်တယ်မျိုးစေ့၏ရွေးချယ်မှုသည် အနာဂတ်လမ်းနှင့် သက်ဆိုင်သည်။

မတူညီသောရွေးချယ်မှုများက ကျွင်းရှောင်ယောက်အတွက် အလွန်အရေးကြီးကာ မတူညီသောလမ်းကြောင်းများကို ကိုယ်စားပြုပေသည်။

'ထားပါ၊ တာအိုပေါင်းစည်းခြင်းနယ်ပယ်ကို

ငါ့အဆင့်တက်ရင် အသန့်မာဆုံးလမ်းစဉ်ကိုပဲ ငါရွေးမယ်။ မဟုတ်ရင် ငါ့ပါရမီကို အလဟဿ ဖြုန်းတီးသလို ဖြစ်လိမ့်မယ်"

ကျွင်းရှောင်ယောက်က ခေါင်းခါယမ်းလိုက်သည်။

ထို့နောက် ကျွင်းရှောင်ယောက်လည်း ဆက်လက် ထွက်ခွာသွားတော့သည်။

ပြင်ပမှာတော့ မည်သည့်ကျင့်ကြံသူမျှ ထွက်မသွားသေးပါ။

အားလုံးက ကျွင်းရှောင်ယောက် ထွက်လာတာကို ကိုယ့်မျက်စိနဲ့ မြင်လိုကြသည်။

ကျွင်းရှောင်ယောက်က ဘယ်လိုအခွင့်အရေးများ

ရခဲ့သလဲဆိုတာ သိလိုကြ၏။

ထိုအချိန်တွင် ကောင်းကင်တာအိုမျှော်စင် ဝင်ပေါက်မှ အလင်းတန်းများ ဖြာထွက်လာလေသည်။

ကျွင်းရှောင်ယောက်က နတ်တစ်ပါးကဲ့သို့ အဖြူရောင်အဝတ်စားများနှင့် ပျံသန်းထွက်ပေါ်လာခဲ့သည်။

ကျွင်းရှောင်ယောက်အတွက် ကောင်းကင်တာအိုမျှော်စင် အလှဴငါးဆယ်သို့ ဖြတ်ကျော်ခြင်းက ကိစ္စကြီးကြီးမားမား ဟုတ်ပုံမဟုတ်ပေ။

ပရိသတ်အားလုံး အသက်ရှူကြပ်သွားခဲ့ကြသည်။

ကျွင်းရှောင်ယောက်၏ အစွန်းအထင်းမရှိသော ရုပ်သွင်ကြောင့်လည်း လူတိုင်း အံ့အားသင့်သွားကြ၏။

ကောင်းကင်တာအိုမျှော်စင်ကို ဖြတ်ကျော်ရန်က ခက်ခဲလွန်းလှသည်။

သာမန်ကျင့်ကြံသူများ မဆိုထားဘိ၊ ထိပ်တန်းအဆင့် ထိပ်တန်းပါရမီရှင်များပင်လျှင် အရှက်ရစရာ ဖြစ်ခဲ့ရပေသည်။

သို့သော်… ကျွင်းရှောက်ယောက်က ဘယ်လိုလဲ။

သူ့တွင် ထိခိုက်ဒဏ်ရာမဆိုထားနှင့် သူဝတ်ထားသော အဝတ်ဖြူပေါ်မှာတောင် ဖုန်မှုန့်အနည်းငယ်မျှ

မရှိခဲ့ပါချေ။

ကျွင်းရှောင်ယောက်က ကိုယ်ပိုင်ခြံဝင်းတွင် လမ်းလျှောက်ပြီး ပြန်လာသကဲ့သို့ သက်တောင့်သက်သာ ရှိလွန်းသည်။

"ကျွင်းမိသားစုရဲ့ ဘုရားသားတော်က လုံးဝမထိခိုက်ဘူးလို့ ဘာဖြစ်လို့ ခံစားနေရတာလဲ"

"သူက အထပ်ငါးဆယ်ကို ချိုးဖျက်ခဲ့တာ မဟုတ်ဘူးလား။ ဒီအတွက် ခက်ခဲတဲ့ တိုက်ပွဲတစ်ခုတော့ ဖြစ်ခဲ့သင့်တယ်"

မည်သူမျှ မယုံကြည်နိုင်ကြပေ။

ကျိုချင်းရီလည်း ကောင်းကင်ယံမှ
အဖြူရောင်အဝတ်အစားများနှင့်
ထူးကဲသောရုပ်သွင်ကို လှမ်းကြည့်လိုက်လေသည်။

သူမ၏ အနေအထားအရ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု
ရှိသည်။

သို့သော်လည်း ကျွင်းရှောင်ယောက်၏ တည်ရှိမှုက
နက်ရှိုင်းလွန်းကာ နားမလည်နိုင်လောက်အောင်
ဝေးကွာလွန်း၍ သူမထက်ပင်
အင်မော်တယ်ဆန်သည်။

"မင်းဘာလို့ ငါ့ကိုဒီလိုကြည့်နေတာလဲ"
ကျွင်းရှောင်ယောက် အံ့သြသွားသည်။

သူက မည်သည့် အံ့ဖွယ်အမှုများကို

ဖန်တီးခဲ့မိကြောင်း မသိသေးပါ။

ဒါက ကောင်းကင်တာအိုမျှော်စင်ကို ချိုးဖြတ်လိုက်ရုံပဲ မဟုတ်လား၊ ဘာရှိသေးလို့လဲ။

"ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော်၊ မင်းက အလွှာငါးဆယ်ကို ချိုးဖြတ်သွားခဲ့ပြီ။ အဲဒါကို မင်းမြင်ခဲ့လား"

မဟာအကြီးအကဲက စိတ်လှုပ်ရှားစွာ ပြောလိုက်သည်။

ယင်းက ၎င်းတို့ မြင့်မြတ်ဝိညာဉ်အကယ်ဒမီ၏ အရင်းအမြစ်တစ်ခု ဖြစ်ချေသည်။

ကျွင်းရှောင်ယောက် ခေါင်းညိတ်လိုက်သည်။

မဟာအကြီးအကဲလည်း နှလုံးသားများ ပြင်းထန်စွာ တုန်ခါသွား၏။

ပရိတ်သတ်ထံမှ အသက်ပြင်းပြင်းရှူသံများလည်း ဆက်တိုက် ထွက်ပေါ်လာတော့သည်။

ကျွင်းရှောင်ယောက်က ဒဏ္ဍာရီလာ မြင့်မြတ်ဝိညာဉ် လူဝင်စားကို အမှန်တကယ်တွေ့မြင်ခဲ့ရမည်ဟု မျှော်လင့်မထားခဲ့ကြပေ။

ချက်ချင်းပင် ရောက်ရှိနေသော အမျိုးသမီးအများစုက သိုးသငယ်များကို စိုက်ကြည့်နေသော ဝံပုလွေအုပ်စုကဲ့သို့ ကျွင်းရှောင်ယောက်ကို စိုက်ကြည့်လိုက်ကြသည်။

ကျင့်ကြံသူအများစုကလည်း ကြည်ညိုလေးစားသော အမူအရာများကို လှစ်ပြလာကြ၏။

ထိုလေထုအောက်တွင် ရွှေတောင်ပံဘုရင်ကဲ့သို့ ပါရမီရှင်များမှာတော့ မျက်နှာကြီးများ ရှုံ့မဲ့နေတော့သည်။

၎င်းတို့ လုံးဝ နားမလည်နိုင်ကြပါ။ ကျွင်းရှောင်ယောက်က အန္တရာယ်မရှိဘဲ အလွှာငါးဆယ်ကို ဘယ်လိုချိုးဖြတ်ခဲ့တာလဲ။

ရွှေတောင်ပံဘုရင်လည်း မနာလိုစိတ်များ ပြင်းထန်လာသောအခါ မနေနိုင်တော့ဘဲ အော်ဟစ်လေတော့သည်။

"ကျွင်းရှောင်ယောက်၊ အလွှာငါးဆယ်ကို ကျော်ဖြတ်ဖို့

ဘယ်လို အထူးလျှည့်ကွက်မျိုးကို မင်း သုံးခဲ့တာလဲ"

--------

အခန်း ( ၁၅၉ ) ရွှေတောင်ပံဘုရင် ရှောင်ပန်နှင့် ဖာဟိုင်တို့ အတူတကွတိုက်ခိုက်ခြင်း၊ လမ်းကြောင်းခြောက်သွယ် ဆမ်ဆာရာလက်သီး၏ စွမ်းအား။

ရွှေတောင်ပံဘုရင် ရှောင်ပန်၏စကားက အားလုံးကို တိတ်ဆိတ်သွားစေခဲ့သည်။

တကယ်လည်း ကျွင်းရှောင်ယောက်က အလှာငါးဆယ်မှ စမ်းသပ်မှုကို မည်သို့အောင်မြင်ခဲ့လဲဆိုတာ လူတိုင်း သိချင်နေခဲ့ကြလေသည်။

"ဒီနတ်ဘုရားသားတော်က ဖြတ်ကျော်ချင်ရင် ဖြတ်ကျော်နိုင်တယ်။ အဲတာ ဘာဖြစ်လို့ မင်းကို ရှင်းပြရမှာလဲ ရွှေရောင်ကြက်ကြွပ်ကြော်"

ကျွင်းရှောင်ယောက်က ဂရုမစိုက်ဘဲ သူ့ကိုရှင်းပြန်ရလည်း စိတ်မဝင်စားပါ။

သို့ရာတွင် သူ့စကားက အားလုံးကို အံ့အားသင့်ပြီး ထိတ်လန့်သွားစေခဲ့သည်။

သူက ရွှေတောင်ပံဘုရင်ရှောင်ပန်ကို ရွှေရောင်ကြက်ကြွပ်ကြော်ဟု ပြောခဲ့၏။ ယင်းက တကယ်ကို အရှက်ရစရာပင်။

"ကျွင်းရှောင်ယောက်၊ မင်း..."

ရွှေတောင်ပံဘုရင် ဒေါသအမျက်ထွက်ပြီး

သူ့နောက်ကျောရှိ အတောင်ပံအစုံမှ
ဓားငှက်မွေးများပင် တုန်ခါသွားခဲ့သည်။

ကျားလဲ့တောင်တန်းမှ ရွှေတောင်ပံဘုရင် သူသည်
မည်သည့်အချိန်ကစပြီး ထိုသို့
အရှက်ခွဲခံလာရသနည်း။

ကျွင်းရှောင်ယောက်က ကောင်းကင်တာအိုမျှော်စင်၏
စံချိန်ကို ချိုးဖျက်နိုင်ခဲ့ရင်တောင်
ဘာဖြစ်သေးသနည်း။

ကျွင်းရှောင်ယောက်က အလွှာများကို
ကိုယ်ပိုင်ခွန်အားနှင့် ဖြတ်ကျော်ခဲ့တာ၊ သို့မဟုတ်
အထူးနည်းလမ်းတစ်ခုခုဖြင့် ဖြတ်ကျော်ခဲ့တာ
မဟုတ်မှန်း မည်သူပြောနိုင်ပါမည်နည်း။

"ဒီနတ်ဘုရားသားတော်ကို မကျေနပ်တဲ့သူရှိရင် တခါတည်းလာခဲ့ကြ။ အားလုံးကို တစ်ယောက်ချင်းစီ ဖြေရှင်းနေရလောက်အောင် သိပ်မအားဘူး"

ကျွင်းရှောင်ယောက် လေထဲတွင် လက်နှစ်ဖက်ကိုနောက်ပစ်ပြီး ရပ်လိုက်သည်။

သူ၏ ခွန်အားက ယခင်ကနှင့် နှိုင်းယှဉ်လျှင် များစွာ တိုးတက်လာသောကြောင့် ၎င်းကို စမ်းသပ်ရန် သဲအိတ်အနည်းငယ် လိုပေသည်။

ကျွင်းရှောင်ယောက်၏ စကားကို ကြားရသော်လည်း ဘယ်သူကမှ သူရှူးသွားပြီဟု မပြောကြပါ။
ကျွင်းရှောင်ယောက်က ထာဝရစံချိန်ကို ချိုးဖျက်ခဲ့ပြီး အလွန်ကျော်ကြားနေခဲ့ပြီ ဖြစ်သည်။

တချိန်တည်းမှာပင် သူတို့သိချင်နေကြ၏။

ကျွင်းရှောင်ယောက်က အလှောင်ါးဆယ်တွင် ဘယ်လိုအခွင့်အရေး ရလာပါသနည်း။ သူ့ခွန်အားက ဘယ်အတိုင်းအတာထိ တိုးတက်လာခဲ့ပါသနည်း။

ရွှေတောင်ပံဘုရင် ရှောင်ပန်၏မျက်လုံးတွင် တိုက်ခိုက်လိုစိတ်တို့ ဖြစ်ပေါ်လာသည်။ နောက်ဆုံးမှာတော့ သူသည် မတိုက်ခိုက်ရဘဲ အရှုံးမပေးလိုပေ။

"အော်မီသောဖော်၊ ဒကာတော်၊ ဒီနိမ့်ကျတဲ့ ရဟန်းကလည်း ဒကာနဲ့အတူ အဖော်ပြုပေးပါရစေ" ဖာဟိုင်လည်း မနေနိုင်ဘဲ လှုပ်ရှားချင်လာခဲ့၏။

ရဲ့ရှင်းယွင်ကတော့ မျက်နှာအမူအရာ ပြောင်းလဲသွားသည့်တိုင် မလှုပ်ရှားသေးပါ။

'အလျင်မလိုနဲ့၊ စိတ်အေးအေးထားဦး။
အောက်ကမ္ဘာကို အရင်ဆင်းပြီး
ကြယ်တာရာနန်းတော်ကို အရင်ရှာရမယ်။
ငါ့ခွန်အားတွေ တိုးတက်လာမှ ကျွင်းရှောင်ယောက်ကို
အနိုင်ယူရင်လည်း နောက်မကျသေးဘူး'
ရဲ့ရှင်းယွင်က စိတ်ထဲမှ သတိပေးလိုက်သည်။

တကယ်တော့ သူကြောက်နေမိ၏။ သို့ရာတွင်
ကြောက်နေခြင်းကို ဝန်မခံလိုသောကြောင့်
မိမိကိုယ်ကိုနှစ်သိမ့်ရန် အကြောင်းပြချက်
ရှာခဲ့ရပေသည်။

ကျွင်းရှောင်ယောက်က အားလုံးကို
ဝေ့ကြည့်လိုက်သည်။ ယင်ယန်မြင့်မြတ်သားတော်နှင့်
ရှုလန်ကတော့ ကြည့်ပင် မကြည့်ဝံ့တော့ပါ။

နောက်ဆုံးတွင် သူ့မျက်လုံးများက ကျိချင်းရီအား စိုက်ကြည့်လာသည်။

"ကျိမိသားစုရဲ့ နတ်ဘုရားမ၊ မင်း တိုက်ခိုက်ချင်လား"

ကျိချင်းရီ အနည်းငယ် ထိတ်လန့်သွား၏။ ကျွင်းရှောင်ယောက်က သူမကို လှုပ်ရှားလာမည်ဟု ထင်မထားခဲ့ပေ။

သို့ရာတွင် သူမက ခေါင်းကို အနည်းငယ်ခါယမ်းကာ ပြောလိုက်သည်။

"အကိုရှောင်ယောက်က နောက်နေပြန်ပါပြီ၊ ချင်းရီက တိုက်ခိုက်ချင်စိတ်မရှိပါဘူး"

ဂုဏ်သိက္ခာရှိသော အင်မော်တယ်မင်ဂိုဏ်းမှ သူတော်စင်က တိုက်ပွဲကို ရှောင်ကွင်းသွားသောအခါ အားလုံး အံ့သြသွားကြသည်။

ကျွင်းရှောင်ယောက်လည်း တိတ်တဆိတ်
ခေါင်းကိုခါယမ်းလိုက်မိသည်။
ကျွန်မိန်းကလေးတစ်ယောက် ပျောက်ဆုံးသွားခဲ့ပြီ။

"ဒါဆိုရင်လည်း မင်းတို့နှစ်ယောက်ပဲ
အတူတူလာခဲ့ကြတော့"

ကျွင်းရှောင်ယောက်က လျစ်လျူရှုစွာ
ပြောလိုက်သည်။

"ရှူးနေပြီ"

ရွှေတောင်ပံဘုရင် ရှောင်ပန်းလည်း
သည်းမခံနိုင်တော့ဘဲ ကောင်းကင်ဆီသို့
ဟိန်းဟောက်လိုက်သည်။ သူ့နောက်ကျောရှိ
ဓားငှက်မွေးပေါင်း တစ်သိန်းရှစ်ထောင်ကလည်း
တစ်ပြိုင်နက် ပေါက်ကွဲထွက်ကာ

ရက်စက်ကြမ်းကြုတ်သော မြစ်ကြီးအဖြစ်သို့
ပြောင်းလဲသွား၏။

ရွှေရောင်ဓားငှက်မွေး တစ်သိန်းရှစ်ထောင်က
ကောင်းကင်ကို ခွဲခြမ်း ဖြတ်ထုတ်သွားတော့မလိုပင်။

ဓားငှက်မွေးတိုင်းက ကြောက်စရာကောင်းအောင်
ထက်မြသော ဓားချီများ ပါဝင်နေ၏။

ဓားငှက်မွေးပေါင်း တစ်သိန်းရှစ်ထောင်က
တပြိုင်နက်ပေါက်ကွဲသောအခါ ထွက်ပေါ်လာမည့်
စွမ်းအားကို တွေးကြည့်ရင်း ကျင့်ကြံသူများ
မျက်နှာဖြူဖျော့သွားတော့သည်။

တချိန်တည်းမှာပင် ဖာဟိုင်ကလည်း
တိုက်ခိုက်လိုက်သည်။

သူက ခြေတစ်ချက်လှမ်းလိုက်သောအခါ မြေပြင်က အက်ကွဲသွားခဲ့သည်။ တချိန်တည်းမှာပင် အစွမ်းထက်တွန်းအားများ ထွက်ပေါ်လာပြီး ကောင်းကင်သို့ ထိုးတက်သွား၏။

ကြွယ်ဝသော ရွှေရောင်အလင်းတန်းများ ပွင့်လန်းလာကာ သူ့ခန္ဓာကိုယ်ကလည်း ကြီးမားသော ရွှေဗုဒ္ဓအဖြစ်သို့ ပြောင်းလဲသွားခဲ့လေတော့သည်။

"ဒါ အနောက်ဘက်နိဗ္ဗာန်ဘုံရဲ့ ဖင်းဂေါ့ခန္ဓာကျင့်စဉ်၊ ခြောက်ပေရွှေခန္ဓာပဲ"

အကြီးအကဲတချို့က ပြောလိုက်သည်။

၎င်းက အဓိပမိကျမ်းနှင့်ပင် ယှဉ်နိုင်လောက်သော ဖင်းဂေါ့ခန္ဓာကျင့်စဉ်ကျမ်း ဖြစ်သည်။

၎င်းကို ကြီးမားသောအောင်မြင်ခြင်းသို့ ရောက်ရှိပါက အင်မော်တယ်ကဲ့သို့ ဖြစ်ကာ ရှေးဦးဝိညာဉ် သေဆုံးလျှင်ပင် ဖင်းဂေါ့ခန္ဓာက ထာဝရတည်ရှိနေလိမ့်မည်။

"အနောက်ဘက်နိဗ္ဗာန်ဘုံရဲ့ ဒီမျိုးဆက်သစ်က ခြောက်ပေရွှေခန္ဓာကို ဒီအဆင့်ထိ လေ့ကျင့်နိုင်မယ်လို့ ထင်မထားခဲ့ဘူး"

အဘိုးကြီးတစ်ယောက်က ပြောလိုက်လေသည်။

မည်သို့ဆိုစေ ဤရွှေခန္ဓာတစ်ခုတည်းဖြင့် ဖာဟိုင်ဟာ ထိပ်တန်းသို့တက်ရောက်သွားရန် လုံလောက်နေခဲ့ပြီ ဖြစ်သည်။

ရွှေတောင်ပံဘုရင် ရှောင်ပန်နှင့်

ဖာပတိုင်တို့နှစ်ယောက်စလုံးက ဤမျိုးဆက်၌ ထိပ်တန်းအဆင့်တွင် ရပ်တည်နေခဲ့ကြသူများ ဖြစ်သည်။

သို့ရာတွင် အခုအချိန်မှာတော့ ကျွင်းရှောင်ယောက်ကို ကိုင်တွယ်ဖြေရှင်းရန် တပြိုင်နက်တည်း လုပ်ဆောင်နေခဲ့ကြချေပြီ။

ကျွင်းရှောင်ယောက်က လျစ်လျူရှုဟန်ဖြင့် လက်တစ်ဖက်ကိုမြှောက်ကာ လက်ဝါးတစ်ချက် ရိုက်ထုတ်လိုက်သည်။

ဒါက ရိုးရှင်းသော်လည်း မရိုးရှင်းသည့် လက်ဝါး ဖြစ်သည်။

အကြောင်းမှာ ဤလက်ဝါးရိုက်ချက်က သုံးဒသဿမ

ခုနစ်ဘီလီယံ ခွန်အားပါဝင်နေခဲ့သောကြောင့်ပင်။

ယင်းက သာမန်လူတို့၏ အသိအမြင်ကို
များစွာကျော်လွန်နေခဲ့ပြီ ဖြစ်သည်။

"ဝုန်း"
ကျယ်လောင်သော ပေါက်ကွဲသံတစ်ချက်
ထွက်ပေါ်လာသည်။ ရိုးရှင်းပုံရသော
ညာလက်ဝါးရိုက်ချက်သည် လေထုကို
ရေမျက်နှာပြင်ကဲ့သို့ တုန်ခါသွားစေခဲ့၏။

ယင်းက အဆုံးစွန်သော လက္ခဏာပင် ဖြစ်တော့သည်။

"ဝုန်း"

လက်ဝါးတစ်ချက်။

တစ်ချက်တည်း။

ဓားငှက်မွေး တစ်သိန်းရှစ်ထောင် ပြိုကွဲသွား၏။

ကြောက်မက်ဖွယ်ကောင်းသော လေဖိအားနှင့်
လက်ဝါးရိုက်ချက်သည် ရွှေတောင်ပံဘုရင်
ရှောင်ပန်အား ပြင်းထန်စွာ ရိုက်ချ၍ မြေကြီးထဲသို့
နက်နက်ရှိုင်းရှိုင်း နစ်ဝင်သွားစေခဲ့တော့သည်။

ခြောက်ပေရွှေခန္ဓာဖြင့် ကြံ့ခိုင်မှုမြင့်မားနေသော
ဖာဟိုင်လည်း ကျွင်းရှောင်ယောက်၏
လက်ဝါးရိုက်ချက်အောက်တွင်
သွေးအန်လိုက်ရဆဲပင်။

နောက်ဆုံးတွင် အဆောက်အဦးများစွာကို
ဖြိုဖျက်သွားခဲ့ပြီးမှ ရပ်တန့်သွားခဲ့သည်။

ယင်းကိုမြင်သောအခါ ကျင့်ကြံသူများလည်း
တုန်တုန်ယင်ယင် ဖြစ်သွားခဲ့ကြသည်။

ကြောက်စရာကောင်းသည်။

ယင်းကို ဖော်ပြ၍ပင် မရနိုင်တော့ပေ။

ဖာဟိုင်နှင့် ရွှေတောင်ပံဘုရင်ရှောင်ပန်က အတူတကွ
တိုက်ခိုက်သော်လည်း ကျွင်းရှောင်ယောက်၏
ရိုးရှင်းသော လက်ဝါးတစ်ချက်ကိုပင် မခံနိုင်ကြပါ။

"ကျွင်းမိသားစုက
နတ်ဘုရားသားတော်ရဲ့ခွန်အားကတအား
တိုးတက်လာပြန်ပြီ၊ သူက ဘယ်လိုနည်းလမ်းနဲ့
လေ့ကျင့်နေတာလဲ"

"ဒါက ရှေးဟောင်းမြင့်မြတ်ခန္ဓာကြောင့်ပဲလား၊
ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော်က
အချုပ်အနှောင် ဘယ်နှစ်ခုကိုတောင်
ချိုးဖြတ်ခဲ့တာလဲ"

လူငယ်လူရွယ်များလည်း မနေနိုင်ဘဲ
အော်ဟစ်လိုက်ကြသည်။

ကျိချင်းရှီ၏ မျက်လုံးများလည်း
လေးနက်သွားခဲ့သည်။

သူမ၏ ဖင်းဂေါ့ခန္ဓာက မည်မျှပင် သန်မာနေပါစေ၊ ကျွင်းရှောင်ယောက်ကိုတော့ ယှဉ်နိုင်မည်ဟု မထင်ပေ။

"အပတွတ်... အပတွတ်၊ ကျွင်းရှောင်ယောက်၊ မင်း..."

ရွှေတောင်ပံဘုရင် ရှောင်ပန်က နီရဲနေသောမျက်လုံးများဖြင့် ဟိန်းဟောက်ကာ တွင်းနက်ထဲမှ မော့ကြည့်လိုက်သည်။

ဤမျှ အလွယ်တကူ အရိုက်ခံရခြင်းမှာ ရှက်စရာကောင်း၏။

သူ့ကို ပို၍ဒေါသတကြီး ဖြစ်စေသည်မှာ ခေါင်းကိုးလုံးခြသေ့်ကြီး၏ သရော်စကား ဖြစ်သည်။

"ငါက သခင်ရဲ့ စီးတော်ဖြစ်ရတဲ့အတွက် ရယ်နိုင်သေးတယ်ကွ။ မင်းကတော့ မနေနိုင်ဘဲ

ခုန်နေတာကို၊ သခင်ရဲ့ ရိုက်နှက်မှုကို ငြိမ်ခံလိုက်စမ်း ကြက်ကြွပ်ကြော်"

ခေါင်းကိုးလုံး ခြသေ့်ကြီး၏ လျှောင်ပြောင်သရော်သံက ရွှေတောင်ပံဘုရင် ရှောင်ပန်ကို သွေးအန်လုနီး ဖြစ်သွားစေခဲ့သည်။

တစ်ဖက်တွင်လည်း ဖာဟိုင်၏ ရွှေခန္ဓာမှာ အက်ကွဲနေပုံရသည်။ သူ့တစ်ကိုယ်လုံးတွင် အက်ကွဲကြောင်းများရှိနေပြီး သွေးများရွှဲစိုနေကာ အလွန်ကြောက်စရာကောင်းနေတော့သည်။

သူ့အကြည့်ကတော့ အလွန်အေးစက်ပြီး ကြမ်းကြုတ်လှသည်။

"ဒီနိမ့်ကျတဲ့ရဟန်းက မယုံဘူးကွ"

ဖာဟိုင်က ဟိန်းဟောက်ကာ ဆက်လက်
တိုက်ခိုက်လိုက်သည်။

"တန်ခိုးထွားသော ကောင်းကင်နဂါး၊ ကမ္ဘာကြီးရဲ့
အဓိပဓိရတနာ၊ ဗုဒ္ဓရဲ့ ဉာဏ်ပညာ၊ ဟင်းလင်းပြင်ရဲ့
ပညာဉာဏ်..."

ဖာဟိုင်က အနောက်ဘက်နိဗ္ဗာဘုံ၏
အဓိပဓိကျမ်းဖြစ်သော ကောင်းကင်နဂါးဆုတောင်းကို
အသက်သွင်းရန် ကျမ်းစာများကို
ရွတ်ဖတ်လိုက်သည်။

ရုတ်တရက် ဗုဒ္ဓရုပ်တုများ တစ်ခုပြီးတစ်ခု
ပေါ်ထွန်းလာရာ ဗုဒ္ဓအလင်းကလည်း
နေရာတစ်ခုလုံးကို လင်းထိန်သွားစေခဲ့သည်။
ကောင်းကင်နဂါးများနှင့်
အကာအကွယ်ပေးသူများကလည်း

ဖာပဟိုင်အနောက်တွင် ထွက်ပေါ်လာခဲ့၏။

ရွှေတောင်ပံဘုရင်ကလည်း ခွန်အားအပြည့်နှင့် ရွှေတောင်ပံဂဠုန်မျိုးရိုး၏ သွေးမျိုးဆက်စွမ်းရည်ကို ထုတ်ဖော်လေတော့သည်။

ချက်ချင်းပင် လေထဲ၌ နတ်ဂဠုန်ပုံရိပ်ကြီးတစ်ခု ထွက်ပေါ်လာခဲ့သည်။

ယင်းက ရွှေတောင်ပံဂဠုန်မျိုးနွယ်၏ သွေးမျိုးဆက် နတ်ဘုရားစွမ်းရည်၊ ကောင်းကင်ဂဠုန်ပန်းချီကား ဖြစ်သည်။

ယင်းက သူတို့နှစ်ယောက်၏ အကောင်းဆုံး လှုပ်ရှားမှုဟု ပြောဆိုနိုင်ပေသည်။
၎င်းတို့နှစ်ယောက်က တပြိုင်နက်တည်း

လှုပ်ရှားသောအခါ ကျွင်းလုံခန်းနှင့် ကျိချင်းရီပင်
မျက်လုံးများ ကျဉ်းမြောင်းသွားခဲ့သည်။

အကယ်၍ ၎င်းတို့သာဖြစ်ခဲ့လျှင် ဤနှစ်ယောက်၏
အဆုံးစွန်သောတိုက်ခိုက်မှုကို ခုခံရန်
အနည်းငယ်ခက်ခဲပေလိမ့်မည်။

သို့ရာတွင် ကျွင်းရှောင်ယောက်၏
မျက်နှာအမူအရာက မပြောင်းလဲဘဲ
လက်သီးဖြင့်ထိုးချလိုက်သည်။

ကောင်းကင်ကို ဖြိုခွင်းနိုင်သကဲ့သို့
ဆမ်ဆာရာစွမ်းအားကလည်း
ပေါက်ကွဲထွက်ပေါ်လာခဲ့၏။

ဤလက်သီးချက်ကို ကျွင်းရှောင်ယောက်က

လမ်းကြောင်းခြောက်သွယ်
ဆမ်ဆာရာလက်သီးသိုင်းဖြင့် ထုတ်ဖော်လိုက်ခြင်း
ဖြစ်သည်။

တစ်ချက်တည်းဖြင့် အရာအားလုံး အမှောင်ကျကာ
သက်ရှိအားလုံးလည်း ကြောက်လန့်သွား၏။

ဤလက်သီးလှိုင်း ရိုက်ခတ်ခံရသော အပင်များမှာ
ချက်ချင်း ညှိုးနွမ်းသွားတော့သည်။

"ဒါက ဘယ်လိုနတ်ဘုရားသိုင်းလဲ"
ရွှေတောင်ပံဘုရင်၏မျက်လုံးတွင် ရှားရှားပါးပါး
ထိတ်လန့်မှုများအား လှစ်ဟလာသည်။

ဖာဟိုင်လည်း မျက်နှာအမူအရာ သိသိသာသာ
ပြောင်းလဲသွားကာ မကြုံစဖူး တုန်လှုပ်ခြင်းကို

ခံစားလိုက်ရ၏။

"ဝုန်း"

လက်သီးတစ်ချက်ဖြင့် မြေပြင်က ဒါဇင်ပေါင်းများစွာ
အက်ကွဲသွားကာ ပတ်ဝန်းကျင်ရှိ အရာအားလုံးလည်း
ဖုန်မှုန့်များအဖြစ်သို့ ပြောင်းလဲသွားတော့သည်။

ဖာဟိုင်နှင့် ရွှေတောင်ပံဘုရင်လည်း
မြေကြီးအတွင်းသို့ နက်ရှိုင်းစွာ နစ်ဝင်သွား၍
၎င်းတို့ကို သေသလားရှင်သလားပင် မသိရတော့ပါ။

အဆုံးမရှိသော ထိတ်လန့်မှုနှင့် ကြောက်ရွံ့မှုတို့က
လူတိုင်း၏နှလုံးသားကို ပြည့်လျှံသွားစေခဲ့သည်။

ဤလက်သီးချက်က လူတိုင်းကို
ပြန်လည်ဝင်စားစေသကဲ့သို့ ခန္ဓာကိုယ်နှင့်

စိတ်ဝိညာဉ်ကို သန့်စင်ပစ်မလို ရိုက်ချိုးခံလိုက်ရမည် ဖြစ်တော့သည်။

---------

အခန်း ( ၁၆၀ ) သဘောထားပြောင်းခြင်း၊ ကျွင်းရှောင်ယောက်က အကယ်ဒမီရဲ့ မြင့်မြတ်သားတော် ဖြစ်လာပါစေ။

လူအများ ကြောက်လန့်တကြားဖြစ်ကာ နှလုံးသားထဲထိ တုန်ခါကုန်သည်။

ကျွင်းရှောင်ယောက်နှင့် ယှဉ်ပြိုင်ဖို့ သူတို့ကိုယ်တိုင် လှုပ်ရှားခဲ့မည်ဆိုရင်လည်း လေလှိုင်းဟပ်ရုံဖြင့် လဲကျသွားနိုင်လောက်ပေသည်။ ထို့ပြင် ဤလက်သီးချက်က အထွတ်အထိပ်ခွန်အား

မဟုတ်သေးသလိုလည်း ခံစားနေခဲ့ကြရသည်။

"ဒီလက်သီးသိုင်းက ပြန်လည်ဝင်စားခြင်းရဲ့ စစ်မှန်တဲ့အငွေ့အသက်တွေကို သယ်ဆောင်ထားတာပဲ။ ဒါက အလွှာငါးဆယ်မှာ ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော် ရရှိခဲ့တဲ့ ဆုလဒ်ပဲလား"

တချို့ အမြင်စူးရှသော အကြီးအကဲများက ရေရွတ်လိုက်ကြသည်။

မည်သို့ဆိုစေ လူတိုင်းသိနေခဲ့ချေပြီ။

ဤတိုက်ပွဲအပြီးတွင် ကျွင်းရှောင်ယောက်က အင်မော်တယ်နယ်မြေကြီး၏ မျိုးဆက်သစ်လူငယ်များကြားတွင် ပထမဖြစ်လာမည်ပင် ကြောက်ရသည်။

တခြားကြေမ်းကောင်များသာ မပေါ်လာပါက
ဤလူများနှင့် ကျွင်းရှောင်ယောက်၏ အနေအထားကို
လှုပ်ခါနိုင်စွမ်း ရှိကြတော့မည် မဟုတ်ပါ။

သို့သော်လည်း ယင်းက ဖြစ်နိုင်ပါ့မလား။

မြောက်ပိုင်းဝမ့်မိသားစု၏ ကေရာဇ်ငယ်၊
ဘိုးဘေးနဂါးသိုက်မှ လုံအိုထျန်းနှင့် ရဲ့မိသားစု၏
ဓားနတ်ဆိုး လူဝင်စားကို လူအချို့က
မျှော်လင့်နေခဲ့ကြဆဲပင်။

သို့သော်လည်း အဆိုပါ
ထိပ်တန်းကြေမ်းကောင်အားလုံးက
တံခါးပိတ်ကျင့်ကြံနေပြီး ကမ္ဘာကြီးသို့
ထွက်ပေါ်မလာကြသေးပါ။

"ကမ္ဘာကြီးကို ဝင်မလာသေးတဲ့ ပါရမီရှင်တွေ
အများကြီးရှိနေသေးပေမဲ့ ကျွင်းမိသားစုရဲ့
နတ်ဘုရားသားတော်က
ပြိုင်ဘက်ကင်းတဲ့အနေအထားကို စတင်ရရှိလာခဲ့ပြီ။
ဒါကြောင့် တခြားပါရမီရှင်တွေအနေနဲ့
သူ့အဆင့်အတန်းကို လှုပ်ခါဖို့ မလွယ်ကူတော့ဘူး"

"အမှန်ပဲ၊ တခြားအရာတွေ မပြောနဲ့၊
ရှေးဟောင်းလူထူးဆန်းဖြစ်တဲ့ နဂါးမင်းသမီး
လုံကျိကိုတောင် ကျွင်းမိသားစုရဲ့
နတ်ဘုရားသားတော်က လုံးဝ ဂရုမစိုက်ဘူး
မဟုတ်လား"

ကျွင်းရှောင်ယောက်၏ ဤတစ်ခေါက်
လှုပ်ရှားမှုတစ်ခုစီက လူတိုင်းကို

တုန်ခါသွားစေခဲ့သည်။

မကြာမီ ရွှေတောင်ပံဘုရင် ရှောင်ပန်နှင့် ဖာဟိုင်တို့ဟာ တွင်းထဲမှ ခက်ခက်ခဲခဲ ပြန်တက်လာခဲ့ကြသည်။

ဟုတ်ပေသည်၊ ဖြည်းဖြည်းချင်း တွားသွားနိုင်ရုံမျှ တက်လာကြခြင်း ဖြစ်သည်။

သူတို့နှစ်ယောက်စလုံး သွေးများဖုံးလွှမ်းနေကာ အလွန်အရှက်ကွဲသွားကြ၏။

ယခုအချိန်တွင် သူတို့က ထိပ်တန်းပါရမီရှင်များနှင့် လားလားမျှ မတူတော့ပါ။ ရွှေတောင်ပံဘုရင် ရှောင်ပန်က ကျွင်းရှောင်ယောက်ကို ကြောက်လန့်တကြားဖြင့် ကြည့်လိုက်သည်။

ထိုလက်သီးချက်သည် လူတို့ကို အဆုံးမဲ့
ပြန်လည်ဝင်စားခြင်းသံသရာသို့ ဆွဲငင်သွားသလို
ခံစားရစေကာ အလွန်ကြောက်စရာကောင်း၏။

ရွှေတောင်ပံဘုရင် ရှောင်ပန့်ဘဝတွင်
ဤမျှကြောက်စရာကောင်းသော လက်သီးသိုင်းကို
တစ်ခါမျှ မမြင်ဖူးပါ။

သူ၏ ခိုင်မာသော တာအိုနှလုံးသားသည်ပင်
ကြေမွသွားပုံရသည်။

ဖာဟိုင်လည်း ထို့အတူပင်။

မိမိကိုယ်ကို ယုံကြည်မှုအပြည့်ဖြင့် အနောက်ဘက်
နိဗ္ဗာန်ဘုံမှ ဆင်းသက်လာသော်လည်း... ယခုအခါ

အတွင်းစိတ်မိစ္ဆာ ဖြစ်တည်လာရန် ချောက်ကြီးထဲသို့ ဆွဲချခံနေခဲ့ရပြီ ဖြစ်သည်။

ဖာဟိုင်၏ အတွင်းစိတ်မိစ္ဆာကား ကျွင်းရှောင်ယောက်ပင်တည်း။

ရုပ်ပျက်ဆင်းပျက်ဖြင့် ပြန်တက်လာသော လူနှစ်ယောက်ကို ကျွင်းရှောင်ယောက်က အပြောင်းအလဲမရှိသော မျက်နှာအမူအရာဖြင့် ကြည့်လိုက်သည်။

သူက လမ်းကြောင်းချောက်သွယ် ဆမ်ဆာရာလက်သီးသိုင်း၏ စွမ်းအားကို အပြည့်အဝ မထုတ်ဖော်နိုင်ခဲ့ပါ။ သို့တိုင် ယင်းက သူ့ကို အံ့သြနေနိုင်ဆဲပင်။

ဤစွမ်းအားက သူ့ကို ကျေနပ်စေသည်။

ထို့အပြင် သူ့တွင်
ဆမ်ဆာရာအင်မော်တယ်မျိုးစေ့လည်းရှိသောကြောင့်
လမ်းကြောင်းခြောက်သွယ်
ဆမ်ဆာရာလက်သီးသိုင်းနှင့် ဆမ်ဆာရာနီဗားနားကို
နားလည်ဆင်ခြင်ရန် အသုံးပြုနိုင်သည်။

"အစ်ကိုရှောင်ယောက်ရဲ့ ခွန်အားက တကယ့်ကို
အံ့မခန်းပါပဲ၊ ချင်းရီက တကယ်ရှက်မိတယ်"
ကျိချင်းရီက ခေါင်းယမ်းကာ ပြောလိုက်သည်။

"ကျိမိသားစုရဲ့ နတ်ဘုရားမလေးက ဘာကြောင့်
နှိမ့်ချရမှာလဲ"
ကျွင်းရှောင်ယောက် ပြောလိုက်၏။

ကျိုမိသားစုမှ နတ်ဘုရားမ၊ အင်မော်တယ်ဂိုဏ်း၏ သူတော်စင်အနေဖြင့် ကျိုချင်းရီတွင် ဝှက်ဖဲမရှိဟု ပြောပါက ယုံနိုင်မည် မဟုတ်ပါ။

ကျိုချင်းရီက မလှုပ်ရှားရခြင်းမှာ မသေချာသောကြောင့် ဖြစ်သည်။

ထိုအချိန်တွင် မဟာအကြီးအကဲက ရှေ့သို့လှမ်းလာပြီး ပြောလိုက်သည်။

"မိတ်ဆွေလေးရဲ့ ခွန်အားက တကယ်ကို လေးစားစရာပါပဲ"

ယင်းကိုကြားသောအခါ ကျွင်းရှောင်ယောက်က သံသယများနှင့် လှည့်ကြည့်လိုက်သည်။

ဤမတိုင်မီက ၎င်းအကြီးအကဲသည် သူ့ကိုသတ်ပစ်ချင်ခဲ့ပုံပင် ရ၏။ ယခုမှ သူ့သဘောထားက မည်သို့ ပြောင်းလဲသွားခဲ့လေသနည်း။

မဟာအကြီးအကဲက ပြုံးရွှင်စွာဖြင့် ပြောလိုက်သည်။

"မင်းက အရမ်းသန်မာတယ်၊ အခုလည်း ကောင်းကင်တာအိုမျှော်ရဲ့ အလွှာငါးဆယ်ကိုဖြတ်ကျော်ပြီး မြင့်မြတ်ဝိညာဉ်နဲ့ တွေ့ခဲ့ပြီးပြီ။ ဒါက ငါတို့ မြင့်မြတ်ဝိညာဉ် အကယ်ဒမီနဲ့ ဆက်ဆံရေးတွေ ရှိနေတယ်ဆိုတဲ့ အဓိပ္ပာယ်ပဲ"

"မဟာအကြီးအကဲ ဘာပြောချင်တာလဲ"

ကျွင်းရှောင်ယောက် ပြောလိုက်၏။

"အပှာမ်း... အပှာမ်း၊ ဒီလိုတွေကြောင့် မိတ်ဆွေလေး ကျွင်းရှောင်ယောက်က ငါတို့ မြင့်မြတ်ဝိညာဉ်အကယ်ဒမီရဲ့ မြင့်မြတ်သားတော် ဖြစ်လာဖို့အတွက် စိတ်ဝင်စားလို့ သိချင်မိတယ်"

မဟာအကြီးအကဲ၏ စကားသံကိုကြားသောအခါ ပရိသတ်က တုန်လှုပ်သွားကြသည်။

မြင့်မြတ်ဝိညာဉ်အကယ်ဒမီက ကျွင်းရှောင်ယောက်ကို မလိုလားခဲ့ဘူး မဟုတ်ပါလား။

ကျွင်းမိသားစု၏ ဘိုးဘေးများက လက်ဖက်ရည်သောက်ဖို့ အကယ်ဒမီကို မသွားဘူးဆိုလျှင် ကျွင်းရှောင်ယောက်ကို လုံးဝ ကြိုဆိုကြမည် မဟုတ်ပေ။

ယခုမှ ဘာဖြစ်လို့ ကျွင်းရှောင်ယောက်ကို အကယ်ဒမီ၏ မြင့်မြတ်သားတော် ဖြစ်လာစေချင်ကြတာလဲ။

"အကြီးအကဲ၊ ဒါ..."

ယင်ယန်မြင့်မြတ်သားတော်နှင့် ရှုလန်တို့လည်း အံသြသွားကြသည်။

ဒီလိုလည်း ရတာပဲလား။

"မင်းတို့အမှိုက်နှစ်ကောင် ပါးစပ်ပိတ်ထား"

မဟာအကြီးအကဲက ဒေါသတကြီး အော်လိုက်သည်။

ယင်ယန်မြင့်မြတ်သားတော်နှင့် ရှုလန်လည်း ကြောက်လန့်တကြားဖြင့် ခေါင်းညိတ်လိုက်၏။

ဟွာရှီချင်းကတော့ ပြုံးရွှင်နေကာ အကယ်ဒမီ၏
ဆုံးဖြတ်ချက်က ညာဏ်ကောင်းလွန်းသည်ဟု
ခံစားနေရတော့သည်။

"မိတ်ဆွေလေးက ကျုရွှမ်ကို အနိုင်ယူနိုင်တဲ့အတွက်
မြင့်မြတ်သားတော်ဖြစ်လာဖို့ သဘာဝအတိုင်း
အရည်အချင်းပြည့်မီသွားပါပြီ။ မိတ်ဆွေလေး
ဆန္ဒရှိရဲ့လား မသိဘူး"

မဟာအကြီးအကဲက လက်ဝါးနှစ်ဖက်ကိုပွတ်သပ်ကာ
ပြုံးပြုံးကြီးဖြင့် ပြော၏။ သူ့အပြုံးသည်
ကျွင်းရှောင်ယောက်ကို ကြက်သီးမွေးညင်း
ထသွားစေခဲ့သည်။

အကယ်ဒမီမှ ဌာနမှူးကလည်း ထိုသို့ အသံပို့လွှတ်ကာ
ပြောဖူးသည်။

ထိုစဉ်ကတော့ မဟာအကြီးအကဲသည်
အလွန်သဘောမကျဘဲ ကန့်ကွက်လိုခဲ့၏။

သို့သော်လည်း ယခုအခါ ကျွင်းရှောင်ယောက်၏
စွမ်းဆောင်မှုကို မြင်လာခဲ့ရပြီ။

ကျွင်းရှောင်ယောက်က တော်လွန်းသည်။

ကျွင်းရှောင်ယောက်လည်း
အနည်းငယ်စဉ်းစားနေလေသည်။

အမှန်အတိုင်းဆိုရလျှင် သူက အကယ်ဒမီ၏
မြင့်မြတ်သားတော်ဖြစ်လာဖို့ကို ပျင်းရိလွန်းလှသည်။

ယင်ယန်မြင့်မြတ်သားတော်ကဲ့သို့ အမှိုက်များနှင့်
ရောနှောနေလျှင် သူ၏ အထောက်အထားကိုပင်
ထိခိုက်စေလိမ့်မည်။

သို့သော်လည်း သူသည်
မြင့်မြတ်ဝိညာဉ်အကြွင်းကျန်အား
အကယ်ဒမီကိုစောင့်ရှောက်ရန်
ကတိပြုထားသောကြောင့်
ကျိုးကြောင်းဆီလျော်သော
ကိုယ်ပိုင်လက္ခဏာရှိထားခြင်းမှာ မဆိုးလှပေ။

မဟာအကြီးအကဲက ကျွင်းရှောင်ယောက်
စဉ်းစားနေတာကိုမြင်သောအခါ
ယင်ယန်မြင့်မြတ်သားတော်တို့အား
စိတ်ခုနေသေးတာဟု တွေးလိုက်မိသည်။

ယင်းကိုတွေးပြီးသောအခါ မဟာအကြီးအကဲက အေးစက်စက်ဖြင့် ပြောလိုက်၏။

"ယင်ယန် မြင့်မြတ်သားတော်နဲ့ ရှလန်၊ မင်းတို့နှစ်ယောက် အခုချိန်ကစပြီး ငါ့အကယ်ဒမီရဲ့ မြင့်မြတ်သားတော်တွေမဟုတ်တော့ဘူး "

"ဗျာ၊ မဟာအကြီးအကဲ၊ ဒီလိုမလုပ်ပါနဲ့"

နှစ်ယောက်စလုံး မျက်နှာဖြူဖျော့သွားကြသည်။

မဟာအကြီးအကဲသည် ကျွင်းရှောင်ယောက်အား ဆွဲခေါ်နိုင်ရန် သူတို့ကို ထုတ်ပယ်လိုက်၏။

ဤအတွက် အကြောင်းပြချက်မရှိပေ။

"မင်းတို့ လက်မခံနိုင်ရင် ဌာနမှူးဆီ သွားနိုင်တယ်"

မဟာအကြီးအကဲက လုံးဝ ဂရုမစိုက်ပါ။

ယင်းက ဌာနမှူး၏ အမိန့် ဖြစ်သည်။

မြင့်မြတ်ဝိညာဉ်အကယ်ဒမီက ယင်ယန်ဂိုဏ်းနှင့် မဟာရှမင်းဆက်တို့ကို မကြောက်ပေ။

"ကောင်းပါပြီ၊ အကယ်ဒမီက ဒီလိုရိုးသားမှတော့ ဒီကျွင်းက ငြင်းစရာမရှိတော့ဘူး"

ကျွင်းရှောင်ယောက်က အနည်းငယ် ခေါင်းညိတ်သည်။

မြင့်မြတ်ဝိညာဉ်၏ မျက်နှာကြောင့် သူသည် ဝန်လေးစွာဖြင့် သဘောတူလိုက်လေသည်။

"ဟားဟားဟား၊ ကျေးဇူးတင်ပါတယ် မိတ်ဆွေလေး"
မဟာအကြီးအကဲလည်း ပြုံးကာ
အရင်သံသယများကို ဖယ်ရှားပစ်လိုက်သည်။

ဤနန်ဘုရားသားတော်ကို သေလျာကြည့်လေ၊
သူသဘောကျလာလေပင်။

ဤကိစ္စကို အပြီးအပိုင်ဖြေရှင်းပြီးသည့်
နောက်မှာတော့ ကျင့်ကြံသူများသည်
ကျွင်းရှောင်ယောက်၏ နောက်ကွယ်တွင်
ဘီလူးကြီးသုံးကောင် ရှိနေပြီမှန်း
သဘောပေါက်လိုက်ကြသည်။

ရှေးဟောင်းမင်းမျိုးနွယ် ကျွင်းမိသားစု၊
ရှေးဟောင်းမင်းမျိုးနွယ် ကျန်းမိသားစုနှင့်
အင်မော်တယ် အင်အားစုများကိုပင်

ကြောက်ရွံ့စေနိုင်သော မြင့်မြတ်ဝိညာဉ်အကယ်ဒမီ။

"ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော်
တိုးတက်လာတာကို ဘယ်သူမှ
ရပ်တန့်လို့ရနိုင်တော့ဘူး"
ကျင့်ကြံသူများစွာ သက်ပြင်းချလိုက်မိကြသည်။

ဤသို့ဖြင့် ကောင်းကင်တာအိုမျှော်စင်ကိစ္စည်း
ပြီးဆုံးသွားခဲ့လေသည်။

ကျွင်းရှောင်ယောက်အကြောင်း သတင်းကတော့
ရက်အနည်းငယ်အတွင်း ပျက်ဆီးခြင်းကောင်းကင်
အင်မော်တယ်နယ်မြေကြီးတစ်ခုလုံးသို့
ပျံ့နှံ့သွားပြန်တော့မည်ဖြစ်သည်။

ထို့ပြင် ကျွင်းမိသားစု၌ အပြောင်မြောက်ဆုံး

ကျွင်းရှောင်ယောက် တည်ရှိနေသော်လည်း
ကျန်သူများမှာ အားမနည်းပေ။

ကျွင်းမိသားစု၏ စီကွမ်အားလုံးက
ကောင်းကင်တာအိုမျှော်စင်
အလွှာလေးဆယ်နှင့်အထက်သို့
တက်ရောက်သွားနိုင်ခဲ့ကြသည်။

ယင်းက အားလုံးကို တုန်လှုပ်သွားစေခဲ့ပေသည်။

ရွှေတောင်ပံဘုရင် ရှောင်ပန်လည်း စကားတစ်ခွန်းမျှ
မပြောတော့ဘဲ ရှက်ရွံ့စွာဖြင့်
ပြန်လည်ထွက်ခွာသွားတော့သည်။

ရွှေတောင်ပံဘုရင်၏ တာအိုနှလုံးသားတွင်
အရိပ်မည်းများပင် ရှိနေမည်ဟု  ထင်ရသည်။ ယင်းက

အနာဂတ်တွင် ပြဿနာကြီးကြီးမားမား
ရှိလာမည်ကိုပင် လူအများက စိုးရိမ်နေကြတော့သည်။

ထွက်ခွာသွားသော ဖာဟိုင်၏မျက်လုံးမှာတော့
နတ်ဆိုးအငွေ့အသက်များက ပို၍သန်မာလာခဲ့သည်။

ယင်းက သူ၏အတွင်းစိတ်မိစ္ဆာအဖြစ်သို့
ပြောင်းလဲသွား၏။

ရဲ့ရှင်းယွင်ကတော့ အနည်းငယ် ကံကောင်းခဲ့ပေသည်။
ဤတစ်ခေါက်တွင် သူက ချုပ်တည်းနိုင်စွမ်းရှိပြီး
မလှုပ်ရှားခဲ့ပါ။

'စိတ်အေးအေးထား၊ စိတ်ငြိမ်ငြိမ်ထားရမယ်၊
ဝူကျိုကြယ်နန်းတော်က ရတနာကို မရသေးခင်
ကျွင်းရှောင်ယောက်ကို ငါလုံးဝ ရင်ဆိုင်နိုင်မှာ

မဟုတ်ဘူး'

ရဲ့ရှင်းယွင်က တွေးလိုက်လေသည်။

သူက အောက်ကမ္ဘာသို့သွားရန် စတင်စီစဉ်နေခဲ့ပြီ ဖြစ်သည်။

ကျွင်းရှောင်ယောက်က ရဲ့ရှင်းယွင်ကို တစ်ချက်လှမ်းကြည့်ကာ အကြည့်ပြန်ရုတ်လိုက်၏။

သူ၏ လှိုးဖြတ်ရမည့် ကြက်သွန်မြိတ်စာရင်းမှာတော့ ရဲ့ရှင်းယွင်လည်း ပါနေခဲ့လေပြီ။

--------

အခန်း ( ၁၆၁ ) အင်အားစုအားလုံး

တုန်လှုပ်သွားသည်၊ ရဲ့မိသားစု၏ ဓားနတ်ဆိုး
လူဝင်စား၊ ဘုရင်တစ်ပါးက ဘုရင်ကို မမြင်ဘူး။

ကောင်းကင်တာအို မျှော်စင်ကိစ္စကတော့ နိဂုံးကမ္ပတ်
အဆုံးသတ်ခဲ့ပြီ။

ကျွင်းရှောင်ယောက်က ချက်ချင်းမထွက်ခွာဘဲ
မြင့်မြတ်ဝိညာဉ်အကယ်ဒမီတွင် ခဏဆက်နေခဲ့သည်။

မြင့်မြတ်ဝိညာဉ်အကယ်ဒမီက အလွန်ရက်ရောကာ
ကျွင်းရှောင်ယောက်ကို အင်မော်တယ်ကျောက်
ငါးရာအတိပင် ပေးလိုက်၏။

ယခင်က ယင်ယန်မြင့်မြတ်သားတော်တို့ဆိုလျှင်
မြင့်မြတ်ဝိညာဉ်အကယ်ဒမီမှ အင်မော်တယ်ကျောက်
ရာအနည်းငယ်သာ ရခဲ့သည်။

ယင်းကလည်း အကယ်ဒမီမှမဟုတ်ဘဲ
ငှင်းတို့နောက်ကွယ်မှ အင်အားစုများက
ပေးအပ်ခဲ့ခြင်း ဖြစ်ပေသည်။

မြင့်မြတ်ဝိညာဉ်အကယ်ဒမီက
ကျွင်းရှောင်ယောက်အပေါ် အတော်ပင်
ရင်းနှီးမြုပ်နှံခဲ့ကြသည်။

ကျွင်းရှောင်ယောက်သည် ယခင်က
သိုင်းပညာတွေ့ဆုံပွဲတွင်လည်း
အင်မော်တယ်ကျောက်များစွာ ရခဲ့ပါသေးသည်။

ယခုအခါ သူ့ခန္ဓာကိုယ်တွင် အင်မော်တယ်ကျောက်
တစ်ထောင်ကျော်ရှိ၍ ထာဝရအင်မော်တယ်အရိုးကို
ကျေနပ်စေလောက်ပြီ ဖြစ်သည်။

ဤအတောအတွင်း၌ ဟွာရှီချင်းသည်
ရှက်ရွံ့နေသော်လည်း ကျွင်းရှောင်ယောက်နှင့်
စကားပြောချင်ခဲ့ပေသည်။

ယင်းက ပန်းနန်းတော်မှ မိန်းမလှလေးအား
ကြွေဆင်းစေခြင်းဟု ဆိုနိုင်သည်။

ကျွင်းရှောင်ယောက်ကလည်း မငြင်းပယ်ဘဲ
သူ့ဆန္ဒအတိုင်း ရှင်သန်ခြင်းနှင့်
စံနှုန်းများအကြောင်းကို ဆွေးနွေးပေးခဲ့သည်။

ထိုအခါမှ ဟွာရှီချင်းဟာ ကျေနပ်သည့်မျက်နှာနှင့်
ပြန်လည်ထွက်ခွာသွားတော့သည်။

ကျွင်းရှောင်ယောက်က

မြင့်မြတ်ဝိညာဉ်အကယ်ဒမီတွင် တည်းခိုနေချိန်...

ကောင်းကင်တာအိုမျှော်စင်မှ အကြောင်းအရာများက ရောမအတောင်များကဲ့သို့ ပျက်ဆီးခြင်းကောင်းကင် အင်မော်တယ်နယ်မြေတစ်ခုလုံးကို ဖြန့်ကြက်သွားခဲ့သည်။

ထိုအခါ ကြားရသူအားလုံး ရုတ်ရုတ်သဲသဲ ဖြစ်ကုန်ကြ၏။

ကောင်းကင်တာအိုမျှော်စင်၌ အလွှာငါးဆယ် စံချိန်ကို ချိုးဖျက်ခဲ့သည်။

ခြံဝင်းထဲမှာ လမ်းလျှောက်သကဲ့သို့ ရွှေတောင်ပံဘုရင် ရှောင်ပန်နှင့် အနောက်ဘက် နိဗ္ဗာန်ဘုံမှ ဖာဟိုင်ကို လက်တစ်ဖက်တည်းဖြင့် ချေမှုန်းခဲ့၏။

နောက်ဆုံးတွင် မြင့်မြတ်ဝိညာဉ်အကယ်ဒမီ၏
မြင့်မြတ်သားတော် ဖြစ်လာခဲ့တော့သည်။

ဤအချင်းရာများက
အင်မော်တယ်နယ်မြေကြီးတစ်ခုလုံးကို
ရုတ်ရုတ်သဲသဲဖြစ်အောင် ပျံ့နှံ့သွားခဲ့သည်။

ဤအရာအားလုံးကို ကျွင်းရှောင်ယောက်
တစ်ယောက်တည်းက ဖန်တီးသွားခဲ့၏။

ယင်းက ကြောက်စရာကောင်းလှသည်။

တောက်ပမှု အလင်းအားလုံးကလည်း
ကျွင်းရှောင်ယောက် တစ်ယောက်တည်းအပေါ်သို့

ကျရောက်နေခဲ့ရပေသည်။

ကျွင်းလုံခန်းဖြစ်ဖြစ်၊ ကျိချင်းရီဖြစ်ဖြစ်…
သူနှင့်ယှဉ်ရင်တော့ အဝေးကြီးတွင် ဖြစ်သည်။

"ဟားဟားဟား၊ ရှောင်ယောက်က ဘယ်တော့မှ
စိတ်မပျက်စေဘူး"

ကျွင်းမိသားစုမှ ကျွင်းကျန်းထျန်း၊ ကျန်းရှော့နှင့်
တခြား ဆွေမျိုးသားချင်းအားလုံး
ကျွင်းရှောင်ယောက်အတွက် ဝမ်းသာ
ဂုဏ်ယူခဲ့ကြသည်။

တခြား ကျွင်းမိသားစုဝင်များမှာလည်း
ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြ၏။

ယခုတစ်ကြိမ် ကောင်းကင်တာအိုမျှော်စင်တွင်
ကျွင်းမိသားစု၏ စီကွမ်များက လွှမ်းမိုးထားပြီး
မိသားစုကို ဂုဏ်တက်စေခဲ့သည်။

ဆန့်ကျင်ဘက်အားဖြင့် ရန်ဘက်
အင်အားစုများမှာတော့ မျက်နှာကြီးများ
အကြည့်ရဆိုးနေတော့သည်။

ဟုန်စီရင်စုရှိ နဂါးနန်းတော်အတွင်း…

ရှောင်ချန်းက မြေပြင်ကို လက်သီးနှင့် ထိုးချလိုက်ပြီး
သူ့မျက်နှာမှာလည်း ကြောက်ရွံ့မှုများ
ပြည့်နှက်သွားခဲ့သည်။

ကျွင်းရှောင်ယောက်အကြောင်း သတင်းကြားတိုင်း သူ

စိတ်ပျက်သွားခဲ့ရစမြဲပင်။

လက်ရှိတွင် သူမပြောနှင့်၊ မင်းသမီးလုံကျိပင် ကျွင်းရှောင်ယောက်ကို အနိုင်ယူနိုင်ပါ့မလား မသိတော့ပါ။

သို့သော်လည်း မင်းသမီးလုံကျိ၏ သန်မာသောအရှိန်အဝါများကို ခံစားမိသောအခါ ရှောင်ချန်း၏မျက်နှာတွင် မျှော်လင့်ချက် အလင်းတန်းများ ပြန်လည်ဖြစ်ပေါ်လာရသည်။

"မင်းသမီးလုံကျိက သဘာဝတရားနဲ့ လိုက်လျောညီထွေဖြစ်တဲ့အချိန်ဟာ ကျွင်းရှောင်ယောက် သေဆုံးရမဲ့ အချိန်ပဲ"

ရှောင်ချန်းက အေးစက်စက်ဖြင့် ပြောလိုက်သည်။

အခြားတစ်ဖက်တွင်...

ပန်ဝူနတ်ဘုရားမင်းဆက်၊ မားကွစ်ကွမ်ကျွင်း၏ နေအိမ်တွင်...

ဝူမင်ယွဲ့နှင့် ကျွင်းရှောင်ယောက်အကြောင်း သတင်းအချို့ကြားပြီးနောက် ရန်ပန်ဟာ ရှက်ရွံ့ဒေါသဖြစ်ခဲ့ရသည်။

ဒေါသကြောင့် သူသည် အစေခံတစ်ဒါဇင်ကျော်ကို တိုက်ရိုက်သတ်ခဲ့ပြီး အိမ်တော်မှ အစေခံများအား တုန်လှုပ်သွားစေခဲ့၏။

"ကျွင်းရှောင်ယောက်၊ မင်းက တကယ်ကို သေထိုက်တယ်"

ရန်ပန် ဒေါသတကြီး ဖြစ်နေခဲ့သည်။

သူသည် ကြင်ရာမဖြစ်ခဲ့သော်လည်း ဝူမင်ယွဲ့ကို သူမိန်းမအဖြစ် သတ်မှတ်ထားဆဲပင်။

ထို့ကြောင့် ဝူမင်ယွဲ့က ကျွင်းရှောင်ယောက်နှင့် အလွန်ရင်းနှီးနေခြင်းဟာ ရန်ပန်အတွက် လက်မခံနိုင်စရာ ဖြစ်သည်။

ယခုတော့ ရန်ပန်ဟာ ဒေါသတကြီးဖြင့် မျက်လုံးများပင် နီရဲနေတော့သည်။

'စိတ်အေးအေးထား၊ ကျန်တဲ့ ပန်ဟွမ်နှစ်များစားနဲ့ ပန်ဟွမ် ဟင်းလင်းပြင်ဓားကို ရှာတွေ့တဲ့အခါ ကျွင်းရှောင်ယောက်ကိုသတ်ဖို့ လုံလောက်တဲ့ စွမ်းအားတွေ ရှိလာလိမ့်မယ်'

'အောက်ကမ္ဘာ၊ ဒါက ငါ့အခွင့်အရေး ဖြစ်နိုင်တယ်...'
ရန်ပန်၏ မျက်လုံးများ ကျဉ်းမြောင်းသွားသည်။

ယခင်က ပန်ဝူနတ်ဘုရားသခင်သည် သူ့ကို
နန်းတော်ထဲသို့ခေါ်ပြီး အကြောင်းရာတချို့ ပြောခဲ့၏။

အောက်ကမ္ဘာဆယ်ခုတွင် ပြင်းထန်သော
အပြောင်းအလဲများ ဖြစ်ပေါ်လာဖွယ်ရှိပေသည်။

ထိုအချိန်တွင် အခွင့်အရေးတစ်ခုက ကမ္ဘာကြီး၏
အဆုံးမဲ့အခြေအနေကို ဖြစ်ပေါ်စေဖို့ လုံလောက်သည်။

ယင်းက အောက်ကမ္ဘာဆယ်ခု၏
အပြောင်းအလဲသက်သက် မဟုတ်ပေ။

ထိုအချိန်တွင် ကောင်းကင်ကံကြမ္မာ သားတော်များ ထွက်ပေါ်လာပြီး ကြောက်စရာ သေခြင်းရှင်ခြင်း အခြေအနေများ ဖြစ်ပေါ်လာခဲ့မည် ဖြစ်သည်။

"ငါရန်ပန်ရဲ့ အခွင့်အရေးကလည်း အောက်ကမ္ဘာမှာရှိရမယ်'

ရန်ပန်က ရယ်မောလိုက်သည်။

အချိန်ကျလျှင် ကျွင်းရှောင်ယောက်၏ သေဆုံးချိန် ဖြစ်လာပေလိမ့်မည်။

.........

ရှေးဟောင်းရဲ့မိသားစု၏
သီးခြားတောင်ထွတ်တစ်ခုတွင်...

ပိန်ပိန်ပါးပါးနှင့် အနက်ရောင်ဝတ်
လူငယ်လေးတစ်ယောက်
ကြာပန်းသဏ္ဍာန်ထိုင်နေသည်။ သူ့နံဘေးမှာတော့
နတ်လင်းယုန်တစ်ကောင်သာ ရှိ၏။

ဤနေရာက ရဲ့မိသားစု၏ တားမြစ်နယ်မြေဖြစ်သည်။
ခွင့်ပြုချက်မရှိဘဲ မျိုးနွယ်စုအကြီးအကဲတချို့ပင်
ထိုနေရာသို့ မဝင်ရောက်နိုင်ပေ။

ထိုအနက်ရောင်ဝတ်လူငယ်က ချောမောခန့်ညားသည်။

၎င်းက မျက်လုံးမှိတ်ထားကာ သူ့ရှေ့မြေပြင်မှာလည်း
ဓားတစ်ချောင်းကို ချထား၏။

၎င်းဓားက သွေးစွန်းနေဟန်ဖြင့် သန်မာသော

လူသတ်ငွေ့ ဓားစိတ်ဆန္ဒများ ပါဝင်နေပုံရသည်။

ထိုအချိန် အထီးကျန်တောင်ထိပ်အပြင်ဘက်တွင် ရဲ့မိသားစုဝင် အကြီးအကဲတစ်ယောက်က လက်ယှက်ပြီး အနည်းငယ်ညွှတ်ကာ ပြောလိုက်သည်။

"စီနီယာရဲ့၊ ဒီအဘိုးကြီးက အနှောင့်အယှက်ပေးမိတာ ခွင့်လွှတ်ပါ"

ဎင်းက ရဲ့မိသားစု၏ သူတော်စင်နယ်ပယ် အကြီးအကဲဖြစ်ပြီး ဆံပင်များပင် ဖြူနေခဲ့ပြီ ဖြစ်သည်။

ဎင်းက အနက်ရောင်ဝတ် လူငယ်လေးကို ယဉ်ယဉ်ကျေးကျေးဖြင့် စီနီယာဟု ခေါ်ဆိုခြင်းမှာ တွေးကြည့်ရန်ပင် မလွယ်ပေ။

အထီးကျန်တောင်ထိပ်မှ
အနက်ရောင်ဝတ်လူငယ်လည်း မျက်လုံးကို
တဖြည်းဖြည်းဖွင့်လိုက်သည်။

ထိုအခါ သူတော်စင်အကြီးအကဲလည်း
ကြောက်စရာစားစိတ်ဆန္ဒများက
ပိုင်းဖြတ်သွားတော့မည့်ကဲ့သို့ ခံစားလိုက်ရ၏။

"ဘာကိစ်စလဲ"
လူငယ်က ဖြည်းညှင်းစွာပြောလိုက်သည်။

ထို့နောက် ရဲ့မိသားစုမှ အကြီးအကဲလည်း လူငယ်ကို
ဖြစ်ကြောင်းကုန်စင် ပြောပြလိုက်၏။

ထို့ပြင် ကောင်းကင်တာအိုမျှော်စင်မှ
ကျွင်းရှောင်ယောက်၏ သတင်းကိုလည်း လူငယ်ကို

ပြောပြလိုက်လေသည်။

လူငယ်က တိတ်ဆိတ်နေကာ လေထုကလည်း တင်းကြပ်လာ၏။

ရဲ့မိသားစုမှ အကြီးအကဲလည်း သွေးစွန်းနေသော ဓားကိုကြည့်ကာ စိတ်ထဲ ကြောက်လာလေတော့သည်။

'ဒီဓားက ကေရာဇ်ရဲ့သွေးတွေ စွန်းထင်းနေတာပဲလား'
ရဲ့မိသားစုဝင် အကြီးအကဲလည်း စိတ်ထဲမှ သက်ပြင်းချလိုက်သည်။

ငင်းလူငယ်က ဓားနတ်ဆိုး ပြန်လည်ဝင်စားသူဟု ကျော်ကြားနေသော ရဲ့ကူချန်ပင် ဖြစ်ချေသည်။

"အောက်ကမ္ဘာဆယ်ခု ပျက်ဆီးရင်တောင် ကျုပ်နဲ့မဆိုင်ဘူး"

"ကျွင်းရှောင်ယောက် အတွက်ကတော့..."

ရဲ့ကူချန်၏မျက်နှာက အပြောင်းအလဲမရှိပါ။

သူဖန်တီးခဲ့သည့် အံ့ဖွယ်အမှုများကြောင့် ကျွင်းရှောင်ယောက်ကို မကြောက်ပါချေ။

ယင်းက ဓားနတ်ဆိုး၏ ဂုဏ်သိက္ခာဖြစ်သည်။

ဘယ်သူ့ကိုမှ မကြောက်ပေ။

"အခုက ဒီလောကထဲကိုပြန်ဝင်ဖို့ အချိန်မကျသေးဘူး။ ဒီစကားကို

ခင်ဗျားကြားဖူးလား"

ရဲ့ကူချန်က ပြောလိုက်သည်။

"ဘာပါ လဲ"

ရဲ့မိသားစုအကြီးအကဲက မေးလိုက်၏။

"ဘုရင်တစ်ပါးက ဘုရင်ကို မမြင်ဘူး"

ရဲ့ကူချန်က ပြောလိုက်သည်။

ရဲ့မိသားစုအကြီးအကဲလည်း တုန်လှုပ်သွား၏။

ရှင်ဘုရင်က ရှင်ဘုရင်ကို မမြင်ရဘူး။

မြင်ခဲ့လျှင်လည်း သွေးစွန်းလာခဲ့မည်။

ကျွင်းမိသားစုမှ နတ်ဘုရားသားတော်က
ဘုရင်ဖြစ်သည်။

ရဲ့မိသားစုမှ ရဲ့ကူချန်ကလည်း နောက်ဘုရင်တစ်ပါး
ဖြစ်၏။

ရဲ့မိသားစုဝင် အကြီးအကဲလည်း မနှောင့်ယှက်ဝံ့ဘဲ
ပြန်လည်ထွက်ခွာသွားတော့သည်။

ရဲ့ကူချန်က သူ့လက်ကို မြှောက်ပြီး
ကောရာဇ်သတ်ဓားကို ဖြည်းညှင်းစွာ ပုတ်လိုက်သည်။

"ငါ့ရဲ့ မိတ်ဆွေဟောင်းကြီး၊ မရေတွက်နိုင်တဲ့ နှစ်တွေ
ကုန်လွန်သွားခဲ့ပြီ၊
ကြယ်ကောင်းကင်အောက်ကလူတွေ

မှတ်မိကြသေးရဲ့လား..."

" နတ်ဆိုးဧကရာဇ်ကို သတ်ဖြတ်ခဲ့တဲ့ ဓားတစ်လက်နဲ့ လူတစ်ယောက်..."

.........

ကျွင်းရှောင်ယောက်က ကျွင်းမိသားစုသို့ ပြန်လည်ထွက်ခွာပေတော့မည်။

မြင့်မြတ်ဝိညာဉ်အကယ်ဒမီ အကြီးအကဲများနှင့် အခြားသူများက ကျွင်းရှောင်ယောက်ကို အပြင်သို့ လိုက်ပါပို့ဆောင်ပေးခဲ့သည်။

ဝူမင်ယွဲ့က စွန့်ခွာရန် တွန့်ဆုတ်နေသော်လည်း

ပန်ဝူနတ်ဘုရားမင်းဆက်သို့ ပြန်သွားခဲ့ရ၏။ ယင်းက ကျွင်းလင်းလုံကို သက်ပြင်းချနိုင်စေခဲ့ပေသည်။

'အခု ငါလုပ်ရမှာက ဒီရိုတ်သိမ်းမှုတွေကို အိမ်ပြန်ပြီးချေဖျက်ဖို့၊ ဆမ်ဆာရာတာအိုကို နားလည်ဆင်ခြင်ဖို့နဲ့ ထာဝရအင်မော်တယ်အရိုးတွေကို ဆက်လက် သန့်စင်ဖို့ပဲ'

ကျွင်းရှောင်ယောက်က သူ့စိတ်ထဲတွင် အစီအစဉ်များ ချမှတ်ပြီးခဲ့ပြီ။

သူ့တွင် အောက်ကမ္ဘာဆယ်ခုမှ မငြိမ်မသက်မှုများ စတင်တော့မည်ဟူသော မရေရာသည့် ကြိုတင်သတိပေးချက်တစ်ခုရှိနေသည်။ ထို့ကြောင့် အချိန်ကျလျှင် စိန်ခေါ်မှုအားလုံးကို ရင်ဆိုင်နိုင်ရန် ပိုမိုအားကောင်းသော ခွန်အားလိုအပ်မည်ဖြစ်သည်။

"ဖင်းဂေါ့ခန္ဓာ ဒုတိယအတွဲ၊ ကမ္ဘာ့မူလနဲ့
ကံကြမ္မာကလေးငယ် ဆယ်ယောက်…
အခွင့်အရေးတွေ အများကြီးနဲ့ ကြက်သွန်မြိတ်တွေက
ငါ့လာရိတ်သိမ်းမှာကို စောင့်မျှော်နေကြပြီ"

-----------

အခန်း ( ၁၆၂ ) ကမ္ဘာဆယ်ခုမှ
ဖရိုဖရဲအခြေအနေများ စတင်လာခြင်း၊
ဆန်းကျယ်ကောင်းကင်တိုက်ကြီး၊
ကောင်းကင်ကံကြမ္မာ လူသားဆယ်ယောက်။

ကျွင်းရှောင်ယောက်သည် ကျွင်းမိသားစုသို့
ပြန်လာပြီးနောက် တံခါးပိတ်ကျင့်ကြံရန်
ကောင်းကင်ဧကရာဇ်နန်းတော်ကို
တိုက်ရိုက်သွားခဲ့သည်။

သူသည် ကောင်းကင်တာအိုမျှော်စင် ခရီးစဉ်တွင် အကျိုးအမြတ်များစွာ ရခဲ့၏။ ၎င်းတို့ကို ချေဖျက်ရန် အချိန်အနည်းငယ် ယူရပေလိမ့်မည်။

ရီရီကလည်း ကျွင်းရှောင်ယောက်နှင့်အတူ ကျွင်းမိသားစုသို့ လိုက်ပါသွားခဲ့သည်။

သူ့အရည်အချင်းသည် ကျွင်းမိသားစုထဲမှ လူတိုင်းကို အံ့သြစေ၏။

၎င်းတို့စိတ်ထဲမှာတော့ ထိုသို့ အစွမ်းထက်သည့် နောက်လိုက်တစ်ယောက်ကို စုဆောင်းနိုင်ခဲ့တဲ့အတွက် ကျွင်းရှောင်ယောက်အား ချီးကျူးနေမိကြတော့သည်။

ကျွင်းရှောင်ယောက်က ရီယုကို

အစိကမျိုးနွယ်များကဲ့သို့ တူညီသောအနေအထားမျိုး
ပေးအပ်ထားခဲ့သည်။

ယင်းက ရီယုကို ပို၍ပင် လှုံ့ဆော်ပေးခဲ့ပြီး
ကျွင်းရှောင်ယောက်၏ နောက်သို့ လိုက်ရန်
ယုံကြည်ချက်ကို ခိုင်မာလာစေခဲ့တော့သည်။

ကျွင်းရှောင်ယောက်က တံခါးပိတ်ကျင့်ကြံပြီး
အင်မော်တယ်အရင်းအမြစ် တစ်ထောင်ကျော်ကို
ချေဖျက်လိုက်သည်။

ထို့နောက် ဆမ်ဆာရာအင်မော်တယ်မျိုးစေ့ဖြင့်
ဆမ်ဆာရာနီဗားနား၊  လမ်းကြောင်းခြောက်သွယ်
ဆမ်ဆာရာလက်သိုင်းကို နားလည်ဆင်ခြင်လိုက်၏။

ပျက်ဆီးခြင်းကောင်းကင်

အင်မော်တယ်နယ်မြေတစ်ခုလုံးသည်လည်း ခေတ္တ
ပြန်လည်ငြိမ်သက်သွားတော့သည်။

သို့ရာတွင် ခဏတာငြိမ်သက်သွားပြီးနောက်
ရေစီးကြောင်းများ တဟုန်ထိုးတက်လာပြန်သည်။

ဘယ်အချိန်ကစပြီး ပြန့်နှံ့သွားမှန်းမသိသော်လည်း
အောက်ကမ္ဘာ ဆယ်ခုတွင် ကြီးမားသော
အပြောင်းအလဲများ ဖြစ်ပေါ်လာ၏။

ကမ္ဘာဆယ်ခုက ဖရိုဖရဲဖြစ်ပြီး
အခွင့်အလမ်းများနှင့်အတူ မကြုံစဖူး
အပြောင်းအလဲများကို သယ်ဆောင်လာခဲ့ပေလိမ့်မည်။

ဤပြောင်းလဲမှုမျိုးသည် ကမ္ဘာဆယ်ခုသာမကဘဲ
အင်မော်တယ်နယ်မြေကြီးကိုပင်

သက်ရောက်စေနိုင်ချေ ရှိနေသည်။

ရှေးယခင်က အောက်ကမ္ဘာမှ ပါရမီရှင်များသည် အလွန်တိုးတက်လာနိုင်သော်လည်း အထက်ကမ္ဘာသို့ မတက်နိုင်ပေ။

မိုးနှင့်မြေ၏ သဘာဝ စည်းမျဉ်းများဖြင့် ကန့်သတ်ထားသောကြောင့် အောက်ကမ္ဘာဆယ်ခုမှ ပါရမီရှင်များအဖို့ အင်မော်တယ်နယ်မြေကြီးနှင့် လုံးဝ မနှိုင်းယှဉ်နိုင်ခဲ့ပါ။

ဤတစ်ကြိမ်မှာတော့ ထူးခြားသောအပြောင်းအလဲများကြောင့် ပါရမီရှင်ဆယ်ယောက် ထွက်ပေါ်လာပြီး အင်မော်တယ်နယ်မြေကြီးကိုပင် ခြိမ်းခြောက်နိုင်စွမ်း ရှိလာမည်ဟု ခန့်မှန်းထားကြသည်။

အတိတ်တွင် ယင်းက မဖြစ်နိုင်သော်လည်း
ဤတစ်ခါမှာတော့ အလွန်ဖြစ်နိုင်ချေရှိနေသည်။

ထို့ပြင် ဤအပြောင်းအလဲက အခွင့်အရေးတစ်ခုလည်း
ဖြစ်သေး၏။

ထို့ကြောင့် အင်မော်တယ်နယ်မြေကြီးမှ
ပါရမီရှင်များလည်း တုံ့ဆိုင်းမနေချင်ကြတော့ပါ။

သူတို့အတွက် အင်မော်တယ်နယ်မြေကြီးတွင်
အခွင့်အလမ်းက အကန့်အသတ်ရှိသည်။
၎င်းတို့အားလုံးကို ထိပ်တန်းပါရမီရှင်များက
သိမ်းပိုက်ထားရာ အကြွင်းကျန်တချို့ကိုဘဲ
စားကြရ၏။

သို့သော်လည်း အောက်ကမ္ဘာမှာဆိုရင်တော့
ချက်ချင်းပင် နံပါတ်တစ် ဖြစ်သွားကြလိမ့်မည်။

အောက်ကမ္ဘာမှ ပါရမီရှင်များသည် ပုံမှန်အားဖြင့်
အင်မော်တယ်နယ်မြေကြီးရှိ ပါရမီရှင်များထက်
အဆပေါင်းများစွာ နိမ့်ကျသည်။

ဤအကြောင်းများကြောင့် အင်အားစုများစွာသည်
၎င်းတို့၏ ပါရမီရှင်များကို အခွင့်အလမ်းများအတွက်
ယှဉ်ပြိုင်ရန် အောက်ကမ္ဘာသို့ စေလွှတ်ကြတော့သည်။

သို့သော်လည်း ထိုသို့သွားရန်က
အလွန်ခက်ခဲသောအရာ ဖြစ်သည်။

မိုးနှင့်မြေ၏ သဘာဝစည်းမျဉ်းများက
မတူညီသောကြောင့် အောက်ကမ္ဘာသည်

အင်မော်တယ်နယ်မြေကြီးမှ လူများဝင်ရောက်ခြင်းကို သဘာဝအတိုင်း ငြင်းပယ်သည်။

ထို့ကြောင့်ပင် တစ်စုံတစ်ယောက်က သန်မာလာလေ အောက်သို့ဆင်းရန် ခက်လေပင် ဖြစ်သည်။

ကျင့်ကြံခြင်းအခြေခံ အလွန်နိမ့်ကျသည့် တော်ရုံလူများသည်ပင် အောက်ကမ္ဘာသို့ဆင်းရန် မလွယ်ကူပေ။

သို့ရာတွင် အင်မော်တယ်နယ်မြေကြီး၏ အရှိန်အဝါများကို လုံးဝပယ်ဖျက်လိုက်လျှင်တော့ အောက်ကမ္ဘာသို့ အလွယ်တကူ ဆင်းနိုင်သည်။

အတိတ်မှာလည်း ကျွင်းမိသားစုက ဤနည်းလမ်းကို အသုံးပြုကာ ရှေးဟောင်း

ထိပ်တန်းမျိုးနွယ်ဆယ်စုအား အောက်ကမ္ဘာသို့ မောင်းထုတ်ပစ်ခဲ့သည်။

သို့ရာတွင် ဤနည်းလမ်းက အင်မော်တယ်နယ်မြေကြီး၌ မွေးဖွားလာသူများအဖို့ လုံးဝ အဆင်မပြေပါ။

ဤနည်းဖြင့် အောက်ကမ္ဘာသို့ဆင်းရန် မည်သူမှ ရွေးချယ်မည်မဟုတ်ပေ။

၎င်းတို့အနေဖြင့် အောက်ကမ္ဘာသို့ဆင်းရန် တခြား နည်းလမ်းအမျိုးမျိုးကိုဘဲ အသုံးပြုလိုခဲ့ကြသည်။

မျက်စိတစ်မှိတ်အတွင်း တစ်နှစ်ကုန်သွား၏။

ယခုနှစ်အတွင်း အင်မော်တယ်နယ်မြေကြီးသည် ကြီးမားသောပြောင်းလဲမှုများကို ကြုံတွေ့ခဲ့ရသည်။

အင်အားစုကြီးအားလုံးမှ လူများသည် အောက်ကမ္ဘာသို့ တစ်ယောက်ပြီးတစ်ယောက် ဆင်းသက်သွား၏။

ဟုတ်ပေသည်။ အင်အားစုကြီးများက ၎င်းတို့၏ အဓိကမျိုးဆက်များကို ကာကွယ်သူတချို့နှင့် စေလွှတ်ခဲ့ကြသည်။

ထိုသို့ဖြင့် အောက်ကမ္ဘာဆယ်ခုမှာလည်း ဖရိုဖရဲဖြစ်စပြုလာလေတော့သည်။

………

အောက်ကမ္ဘာဆယ်ခုထဲမှ တစ်ခုဖြစ်သော ဆန်းကျယ်ကောင်းကင်တိုက်ကြီး။

တိုက်ကြီးတစ်ခုလုံးက အလွန်ကျယ်ပြောကာ အဆုံးမရှိပေ။  သေမျိုးများအနေဖြင့် ၎င်းတို့၏ တစ်ဘဝလုံး ရုန်းကန်လျှင်ပင် တိုက်ကြီး၏ထောင့်စွန်းမှ ထွက်သွားခွာသွားရန် မလွယ်ပေ။

တိုက်ကြီးတွင် အမွေခံ ဧကရာဇ်မင်းဆက်၊ လျှို့ဝှက်ကမ္ဘာ၏ မိသားစုကြီးနှင့် ဝေးလံခေါင်သီသော သန့်ရှင်းနယ်မြေဂိုဏ်းတို့ ရှိသည်။

ဆန်းကျယ်ကောင်းကင်တိုက်ကြီးကို

အရှေ့ဆန်းကျယ်ဒေသ၊ အနောက်ဆန်းကျယ်ဒေသ၊ တောင်ပိုင်းဆန်းကျယ်ဒေသနှင့် မြောက်ပိုင်းဆန်းကျယ်ဒေသဟု ယေဘုယျအားဖြင့် ခွဲခြားနိုင်ပေသည်။

အရှေ့ဆန်းကျယ်ဒေသ၊ မဟာရန်တိုင်းပြည်၊ လင်းကလန်။

မဟာရန်တိုင်းပြည်၏ မိသားစုကြီးလေးခုအနက် တစ်ခုအပါအဝင်ဖြစ်သော လင်းကလန်သည် တိုင်းပြည်အတွင်း၌ သြဇာကြီးသော မိသားစုဖြစ်သည်။

သို့သော်လည်း မဟာရန်တိုင်းပြည်က အရှေ့ဆန်းကျယ်ဒေသ တစ်ခုတည်း၌ပင် တတိယအဆင့် အင်အားစုတစ်ခုမျှသာ ဖြစ်သည်။

ထိုအချိန်၊ လင်းကလန်၏ တောင်စောင်းတစ်ခုတွင်…

ချောမောသော်လည်း ပြတ်သားသော အသွင်ရှိသည့် အဇူရာဝတ် လူငယ်လေးတစ်ယောက်က မြေစိုက်တိုင်တစ်လုံးကို အဆက်မပြတ် ထိုးနှက်နေသည်။

သစ်သားတိုင်တစ်ခုလုံးမှာ အနီရောင်သွေးများဖြင့် စွန်းထင်းနေပြီး အလွန်တရာမှ တောက်ပနေ၏။

"ဒုန်း"

လူငယ်လေးက ရင့်ကျက်ပုံရပြီး လက်ရှိမှာတော့ သစ်သားတိုင်ကိုသာ သည်းသည်းမည်းမည်း ထိုးကြိတ်နေသည်။

"သေစမ်း၊ ငါဘာဖြစ်လို့ ဝိညာဉ်ပင်လယ်ကို မဖွင့်နိုင်သေးတာလဲ"

"ဝိညာဉ်ပင်လယ်ကို မဖွင့်နိုင်ရင် ကျင့်ကြံသူတစ်ယောက်ဖြစ်လာမှာ မဟုတ်ဘူး၊ ဒါဆိုရင် ငါ့ဘဝတစ်လျှောက်လုံး တခြားသူတွေရဲ့ ရယ်မောစရာ ဖြစ်လိမ့်မယ်"

လူငယ်လေးက လင်းဖုန်းအမည်ရှိကာ လင်းကလန်ခေါင်းဆောင်၏ သားဖြစ်သည်။

သူသည် လင်းကလန်၏ သခင်လေးဖြစ်သော်လည်း ဝိညာဉ်ပင်လယ်ပင် မဖွင့်နိုင်သော အမှိုက်ကောင်တစ်ယောက် ဖြစ်ပေသည်။ ထို့ကြောင့် လင်းဖုန်းအတွက် လှောင်ပြောင်၊ စော်ကားမှုများက

ပုံမှန်ကဲ့သို့ဖြစ်နေမည်မှာ မြေကြီးလက်ခတ် မလွဲပါချေ။

"အကိုလင်းဖုန်း၊ စိတ်မကောင်းမဖြစ်ပါနဲ့"

ထိုအချိန်တွင် တောက်ပသောမျက်လုံး၊ ဖြူစင်သော သွားများနှင့် ခရမ်းရောင်ဝတ် မိန်းမလှတစ်ဦး ရောက်လာသည်။

လင်းဖုန်းလက်မှ သွေးများကိုမြင်သောအခါ သူမ သနားသွားမိ၏။

"ဇီရန်၊ ငါ့လိုအမှိုက်ကို မင်းဘာကြောင့် ဂရုစိုက်နေတာလဲ"

လင်းဖုန်းက ကိုယ့်ကိုယ်ကိုယ် လှောင်ပြောင်လိုက်လေသည်။

ဇီရန်က လင်းကလန်သားမဟုတ်သော်လည်း သူ့မိသားစုတွင် အတူနေထိုင်သူဖြစ်သည်။

ဇီရန်က လျှို့ဝှက်ဆန်းကျယ်စွာ ပြုံးလျက် ပြောလေသည်။

"အကိုလင်းဖုန်း စိတ်ဓာတ်မကျပါနဲ့၊ ဒီကမ္ဘာကြီးက အပြောင်းအလဲတွေ စတင်လာတော့မှာ။ အဲဒီအခါကျရင် နဂါးတစ်ကောင်ဖြစ်လာဖို့ လူတိုင်းမှာ အခွင့်အရေးရှိပါတယ်"

ဇီရန်၏ စကားကိုကြားသောအခါ လင်းဖုန်းက ခေါင်းကိုအနည်းငယ်ခါယမ်းပြီး ပြောလိုက်သည်။

"ဇီရန်၊ မင်းပြောတဲ့ အင်မော်တယ်နယ်မြေကြီးက ဘယ်လိုဆိုတာ ငါအခုထိ နားမလည်သေးဘူး"

ဇီရန်က ပြုံးလျက် ပြောလိုက်သည်။

"အဲတာက အရမ်းအံ့ဩဖို့ကောင်းတဲ့ ကမ္ဘာတစ်ခုပဲ၊ အရှေ့ဆန်းကျယ်ဒေသနဲ့ ဆန်းကျယ်ကောင်းကင်တိုက်ကြီးထက် အများကြီး ပိုပြီးကြီးမားပါတယ်။ ဇီရန်နောက်ကွယ်က အင်အားစုကလည်း အဲဒီကနေ ဆင်းသက်လာခဲ့တာ"

"တကယ်ပဲလား"

လင်းဖုန်း အံ့ဩသွား၏။

ဇီရန်နောက်ကွယ်မှ အင်အားစုသည် အလွန်ဆန်းကျယ်ပြီး အစွမ်းထက်သည်။

သို့တိုင် ထိုကဲ့သို့ အလွန်အစွမ်းထက်သော အင်အားစုတစ်ခုက အင်မော်တယ်နယ်မြေကြီး၏ ကိုင်းခွဲတစ်ခုမျှသာ ဖြစ်နေလေသည်။

ထို့ကြောင့် အင်မော်တယ်နယ်မြေကြီးက
ဘယ်လောက်တောင် အစွမ်းထက်မှန်း
တွေးကြည့်ရန်ပင် မလွယ်တော့ပါ။

ဇီရန်က ဆက်ပြောလိုက်သည်။

"အဓိကမျိုးဆက်က စီနီယာအကိုနဲ့အမက
အောက်ကမ္ဘာကို ဆင်းသက်လာဖို့ သိပ်မလိုတော့ဘူး။
သူတို့ရောက်လာရင် အစ်ကို့ကို ကူညီပေးဖို့ ဇီရန်
တောင်းဆိုပေးပါမယ်"

"ကျေးဇူးပါပဲကွာ"

လင်းဖုန်းလည်း ခံစားချက်အပြည့်ဖြင့်
ပြောလိုက်မိသည်။

ထိုစဉ် အစေခံတစ်ယောက်က အပြေးရောက်လာပြီး

ပြောလိုက်သည်။

"သခင်လေး၊ နာလန်မိသားစုကလူတွေ ရောက်လာကြပါတယ်"

"ဘာ"

ထိုစကားကိုကြားသောအခါ လင်းဖုန်း၏ မျက်နှာအမူအရာ ပြောင်းလဲသွားသည်။

နာလန်မိသားစုက အရှေ့ဆန်းကျယ်ဒေသ၏ လျှို့ဝှက်မိသားစုတစ်ခုဖြစ်ကာ ကြောက်စရာကောင်းသော တာအိုတန်ခိုးရှင်တစ်ဦးလည်း ရှိသည်။

နတ်တံတား၊ ပေါင်းစည်းခြင်း၊ တာအိုပေါင်းစည်းခြင်း၊ နီဗားနား၊ ကောင်းကင်၊ နတ်မီးတောက်။

နတ်မီးတောက်ကို ထွန်းညှိ၍
နတ်မီးတောက်တန်ခိုးရှင်တစ်ဦး ဖြစ်လာသောအခါ
သန့်စင်ခြင်း အဆင့်ကိုးဆင့်သို့ ဝင်ရောက်ပြီဟု
ဆိုနိုင်သည်။

၎င်းအဆင့်ကိုးဆင့်မှာ အခြေတည်နတ်ဘုရား၊
အစစ်အမှန်နတ်ဘုရား၊ ကောင်းကင်နတ်ဘုရား၊
တာအိုနတ်ဘုရား၊ သူတော်စင်တစ်ပိုင်း၊ သူတော်စင်၊
သူတော်စင်ဘုရင်၊ မဟာသူတော်စင်၊
သူတော်စင်သခင်တို့ ဖြစ်သည်။

တစ်ဆင့်ချင်းစီတွင်လည်း အစောပိုင်း၊ အလယ်ပိုင်း၊
နှောင်းပိုင်း၊ ထိပ်တန်း (သေးငယ်သော
ပြီးပြည့်စုံခြင်း)နှင့် အထွတ်အထိပ် (ကြီးမားသော
ပြီးပြည့်စုံခြင်း)ဟု ခွဲခြားထားလေသည်။

တာအိုနတ်ဘုရားသည် အနည်းဆုံး တာအိုတစ်ခုခုကို ကျွမ်းကျင်ပိုင်နိုင်သောကြောင့် ဆန်းကျယ်ကောင်းကင်တိုက်ကြီးတွင် အလွန်အစွမ်းထက်သူတစ်ဦး ဖြစ်နေပြီဟုဆိုပါက မမှားပေ။

နာလန်မိသားစုကတော့ တာအိုနတ်ဘုရားများရှိပြီး အရှေ့ဆန်းကျယ်ဒေသတွင် အလွန်အစွမ်းထက်သည့် လျှို့ဝှက်မိသားစုတစ်ခု ဖြစ်သည်။

ထို့ထက် အရေးကြီးဆုံးကတော့ လင်းဖုန်းသည် နာလန်မိသားစု၏ သခင်မလေး နာလန်လော်ရှီးနှင့် လက်ထပ်စာချုပ် ချုပ်ဆိုထားခြင်း ဖြစ်ချေတော့သည်။

ထိုစဉ်က သူ့ဖခင်ဖြစ်ဟာ နာလန်မိသားစု၏ ဒဏ်ရာအပြင်းအထန်ရနေသော အဘိုးအိုတစ်ဦးကို မတော်တဆမှု ကယ်တင်နိုင်ခဲ့သည်။ ယင်းကပင် ဤလက်ထပ်စာချုပ်ကို ဖြစ်ပေါ်စေခဲ့ခြင်း ဖြစ်သည်။

ယခုတော့ နာလန်မိသားစု လင်းကလန်ကို ဘာလာလုပ်ပြီနည်း။

လင်းဖုန်းနှင့် လက်ထပ်စာချုပ်ကို ဖျက်ဆီးခြင်း။

ယင်းမှလွဲ၍ တခြားအကြောင်းပြချက်ကို လင်းဖုန်း မတွေးတတ်တော့ပါ။

လင်းကလန်မဆိုထားဘိ၊ မဟာရန်တိုင်းပြည် တစ်ခုလုံးသည်ပင် နာလန်မိသားစု၏ မျက်လုံးထဲတွင် အလွယ်တကူ ဖျက်ဆီးနိုင်သော

ပုရွက်ဆိတ်တစ်ကောင်ကဲ့သို့ ဖြစ်သည်။

"နာလန်မိသားစုလား"

ယင်းကိုကြားသောအခါ ဇီရန်

မျက်မှောင်ကြုတ်သွား၏။

သူမနောက်ကွယ်မှ အင်အားစုက နာလန်မိသားစုကို

မကြောက်ပေ။

သို့ရာတွင် နာလန်မိသားစုမှ အမျိုးသမီးတစ်ဦးက

အင်မော်တယ်နယ်မြေကြီးရှိ

အဓိပမိတန်ခိုးရှင်တစ်ဦး၏

တာအိုလက်တွဲဖော်ဖြစ်ကြောင်း

ကောလဟာလများရှိသည်။

ထိုအဓိပမိတန်ခိုးရှင်ကိုတော့ အဓိပမိယွမ်ထျန်း

အမည်ရ၏။

အမိပမိယွမ်ထျန်းက ဘယ်လောက်ထိ ကြောက်စရာကောင်းမှန်း ဇီရန်မသိပေ။

သို့တိုင် အမိပမိတန်ခိုးရှင်တစ်ဦးက သူမတွေးကြည့်နိုင်သောအရာမဟုတ်ကြောင်း သိသည်။

"နာလန်လော်ရှီ၊ နင်အရမ်းမလွန်လာတာ အကောင်းဆုံးပဲ။ မဟုတ်ရင်..."

"အချိန်ကျလို့ အင်မော်တယ်နယ်မြေကြီးက အစ်ကို၊ အမ ရောက်လာတဲ့အခါ ဇီရန်က နာလန်မိသားစုကို ပြန်ပေးဆပ်စေမယ်"

ဇီရန်က အေးစက်စက်ဖြင့် ပြောလိုက်သည်။

သူမ၏ မျိုးရိုးက အင်မော်တယ်နယ်မြေကြီးတွင် အလွန်အစွမ်းထက်သော သန့်စင်နယ်မြေတစ်ခု ဖြစ်သည်။

ယင်းက အင်မော်တယ်မျိုးရိုးများကို မယှဉ်နိုင်သော်လည်း အလွန်ကြောက်စရာကောင်းသည့် မျိုးရိုးတစ်ခု ဖြစ်နေဆဲပင်။

ထို့ကြောင့် အောက်ကမ္ဘာရှိ လျှို့ဝှက်မိသားစုငယ်တစ်ခုကို အလွယ်တကူ ဖြေရှင်း၍ရသည်။

-------

အခန်း ( ၁၆၃ ) နာလန်လော်ရှီး၏ သင့်လျော်သော တောင်းပန်မှုကို လက်မခံပေ၊ ကမ္ဘာ့မူလ ထွက်ပေါ်လာခြင်း။

ထိုအချိန်၊ လင်းမျိုးနွယ်၏ ဧည့်ခန်းမဆောင်တွင်။

စကတ်ရှည်ဝတ်ထားသော မိန်းကလေးတစ်ဦးက သိမ်မွေ့စွာ ထိုင်နေသည်။

ထိုမိန်းကလေးက လှပသော မျက်နှာပေါက်ရှိပြီး နှင်းဖြူကဲ့သို့ အသားအရေရှိလေသည်။ သူမ၏ အသားရေက အရည်ညှစ်၍ ရလောက်အောင် နူးညံ့ပုံရသည်။

သူမ၏အသွင်က အလွန်ကြည့်ကောင်းပြီး

အနက်ရောင်ဆံပင်များကိုတော့
ဆံထုံးတစ်ဆစ်ထုံးကာ ဖြန့်ချထားသည်။

သူမကတော့ နာလန်မိသားစု၏ ပါရမီရှင်မလေး
နာလန်လောရှီး ဖြစ်ချေသည်။

နာလန်လော်ရှီးအကြောင်းကို ပြောရလျှင် သူမက
အရှေ့ဆန်းကျယ်ဒေသရှိ
ပါရမီရှင်အကျော်တစ်ဦးဖြစ်ပြီး မရေမတွက်နိုင်သော
အမျိုးသားများအတွက်
နတ်ဘုရားမအဆင့်ရှိသူတစ်ဦးလည်း ဖြစ်သည်။

သူမက အသက်ဆယ့်ခြောက်နှစ်သာ
ရှိသေးသော်လည်း အစစ်အမှန်ဝိညာဉ် အဆင့်ငါးသို့
ဖြတ်ကျော်ဝင်ရောက်ရှိသွားချေပြီ။

ယင်းက အင်မော်တယ်နယ်မြေကြီးတွင်
ဘာမျှမဟုတ်ဘဲ အလွန်ညံ့သည်ဟုပင် ပြောနိုင်သည်။

သို့သော်လည်း အောက်ကမ္ဘာ၏ စည်းမျဉ်းတွေအရ
မတူညီတော့ပါ။

ဆန်းကျယ်ကောင်းကင်တိုက်ကြီးတွင်
အသက်ဆယ့်ခြောက်နှစ်ဖြင့် အစစ်အမှန်ဝိညာဉ်
အဆင်းငါးသို့ ရောက်ရှိနိုင်ခြင်းက ထိပ်သီး
ပါရမီရှင်တစ်ဦးဖြစ်နေပြီ ဖြစ်သည်။

"ဟားဟားဟား၊ တူမလေး နာလန်က
ငါ့လင်းမျိုးနွယ်ကို လာလည်တာလား"

လေးထောင့်မျက်နှာကျရှိသော လူလတ်ပိုင်းအရွယ်
အမျိုးသားတစ်ဦးက အဓိကထိုင်ခုံတွင်ထိုင်ကာ
ပြုံးလျက် ပြောလိုက်သည်။

၎င်းက လင်းကလန်ခေါင်းဆောင်ဖြစ်ပြီး
လင်းဖုန်း၏ဖခင် လင်းကျန်းထျန်းပင် ဖြစ်ချေသည်။

"ဦးလေးလင်း၊ မတွေ့တာ ကြာပြီ"
နာလန်လော်ရှီးက အလွန်ယဉ်ကျေးသည်။

သူမက အဆင့်အတန်းမြင့်သော လျို့ဝှက်မိသားစု၏
ပါရမီရှင်တစ်ဦးဖြစ်သော်လည်း ယခုအချိန်တွင်
အလွန်ကျိုးနွံပြီး မောက်မာခြင်းမရှိပေ။

ယင်းက လင်းကျန်းထျန်းကို အလွန်ကျေနပ်စေသည်။

မတော်တဆ ကယ်ဆယ်ခဲ့သော အဘိုးကြီးက
နာလန်မိသားစုမှ ဖိုးဖိုးကြီး ဖြစ်နေမည်ဟု ဘယ်သူမှ

ထင်ထားမည်မဟုတ်ပေ။

ယခုတော့ ထိုအကူအညီက သူ့သားနှင့်စပ်လျဉ်းပြီး ချွေးမကောင်းတစ်ယောက် ယူဆောင်လာခဲ့ပြီ ဖြစ်သည်။

လင်းကျန်းထျန်းက ကျေနပ်စွာဖြင့် ပြုံးလိုက်လေသည်။

သူ့သားက အမှိုက်ဖြစ်လျှင်ပင် နာလန်လော်ရှီးကဲ့သို့ ဇနီးတစ်ယောက်ကို လက်ထပ်နိုင်လျှင် အဆင့်အတန်းမြင့်မားသူ ဖြစ်နေဆဲပင်။

လင်းမျိုးနွယ်စုတစ်ခုလုံးလည်း နဂါးတံခါးကိုခုန်ကျော်နိုင်သော ငါးများကဲ့သို့ အရှေ့ဆန်းကျယ်ဒေသတစ်ခုလုံးမှ ရန်မစဝံ့သော

မိသားစုကြီးတစ်ခု ဖြစ်လာမည်ဖြစ်သည်။

လက်ထပ်စာချုပ် ဖျက်သိမ်းဖို့ကိုတော့
ထိုအကြောင်းကို တွေးပင်မတွေးဖူးပါ။

သူ့အမြင်တွင် နာလန်မိသားစုက ကျေးဇူးကန်းဖို့
မဖြစ်နိုင်ပါချေ။

လင်းကျန်းထျန်း၏ စိတ်ထဲတွင်
အိပ်မက်လှလှမက်နေချိန်...

တံခါးအပြင်ဘက်မှ လင်းဖုန်းနှင့် ဇီရန်
ရောက်လာသည်။

နာလန်လောရှီးကို မြင်သောအခါ လင်းဖုန်း

အံ့အားသင့်သွားသည်။

နာလန်လော်ရှီးက အလွန်လှပကာ နေထိုင်ပုံကလည်း သိမ်မွေ့၏။

 မည်သည့် အမျိုးသားမဆို မြင်လျှင်မြင်ချင်း ချစ်မိသွားခဲ့ပေလိမ့်မည်။

ဤအတွက် လင်းဖုန်းသည်လည်း ခြွင်းချက်မရှိပေ။

သို့သော်လည်း အမှိုက်ကောင်ဖြစ်သော သူ့အနေအထားကို တွေးလိုက်သောအခါတွင် လင်းဖုန်း၏ နှလုံးသားက လေးလံသွားခဲ့သည်။

သူက လင်းကျန်းထျန်းကဲ့သို့ အိပ်မက်မမက်ပါ။

သူက ကိုယ့်အကြောင်းကိုယ် သိသည်။

လင်းဖုန်း ရောက်လာသောအခါ လင်းကျန်းထျန်းက အလျင်စလို လက်ဝှေ့ယမ်းပြီး ပြောလိုက်သည်။

"ကောင်စုတ်လေး၊ မိန်းကလေးနာလန်ကို လာပြီးနှုတ်ဆက်လိုက်ဦး"

လင်းဖုန်းက နာလန်လော်ရှီးကို တည်ငြိမ်စွာပင် ကြည့်လိုက်သည်။

နာလန်လော်ရှီးကလည်း လှပသော မျက်လုံးများဖြင့် လင်းဖုန်းကို စိုက်ကြည့်လိုက်၏။

လင်းဖုန်းက ချောမောပြီး ပြတ်သားသော မျက်နှာမျိုး

ရှိသည်။

ၡင်းက အမှိုက်ကောင်ဟု လူသိများသော်လည်း နာလန်လော်ရှီးသည် ရွံ့ရှာမှု၊ အထင်မြင်သေးမှုများ မရှိပါ။

"သခင်လေးလင်း"

နာလန်လော်ရှီးက အနည်းငယ် ခေါင်းညိတ်ပြလိုက်သည်။

"နာလန်လော်ရှီး၊ မင်း ဘာလာလုပ်တာလဲ"

လင်းဖုန်းက မေးလိုက်၏။

"ကောင်စုတ်လေး၊ မင်းဘယ်လိုပြောလိုက်တာလဲ"

လင်းကျန်းထျန်းက လင်းဖုန်းကို စိုက်ကြည့်လေသည်။

နာလန်လော်ရှီးက သက်ပြင်းတစ်ချက်ချကာ အပြစ်ရှိဟန်ရသော မျက်လုံးများဖြင့် ပြောလိုက်သည်။

"တောင်းပန်ပါတယ်၊ ဒီနေ့ လော်ရှီးက လက်ထပ်စာချုပ်ကို ဖျက်သိမ်းဖို့အတွက် ရောက်လာခဲ့တာ။ လော်ရှီးက ကျင့်ကြံခြင်းကိုဘဲ အာရုံစိုက်ထားပြီး  တကယ်လက်ထပ်ဖို့အတွက် စိတ်ကူးမရှိပါဘူး"

ထိုစကားတစ်ခွန်းဖြင့် ခန်းမတစ်ခုလုံး တိတ်ဆိတ်သွားသည်။

လင်းမျိုးနွယ်စုဝင်အားလုံး ရုတ်တရက် အကြည့်ရဆိုးသွားကြ၏။

လင်းကျန်းထျန်းလည်း
မယုံနိုင်ဖြစ်သွားလေတော့သည်။

သူ၏ အိမ်မက်လှလှလေးလည်း ပြိုပျက်သွားခဲ့ပြီ။

"မျှော်လင့်ထားတဲ့အတိုင်းပဲ၊ နာလန်လော်ရှီး... မင်း"
လင်းဖုန်းက လက်သီးကို တင်းတင်းကြပ်ကြပ်
ဆုပ်လိုက်သည်။ ထိုအတွက် လက်သည်းများက
သူ့လက်ဖဝါးထဲကိုပင် ဖောက်ဝင်သွား၏။

တစ်ဖက်တွင်လည်း ဇီရန်၏ မျက်နှာအမူအရာက
အေးစက်သွားတော့သည်။

"လော်ရှီးက သခင်လေးလင်းရဲ့ ကျင့်ကြံခြင်းကို
မထီမဲ့မြင်ပြုတာ မဟုတ်ပါဘူး၊ ဒါပေမဲ့ ဒါက
တကယ်ကို မသင့်လျော်ဘူး။ ဒီအတွက်

နာလန်မိသားစုက  လျော်ကြေးအနေနဲ့
လင်းမိသားစုကို အရင်းအမြစ် အမျိုးမျိုးနဲ့
ထောက်ပံ့ပေးသွားမှာပါ"

နာလန်လော်ရှီး၏ လေသံက အေးဆေးတည်ငြိမ်ပြီး
မာနမကြီးပေ။ ထိုအစား တောင်းပန်မှုနှင့်
အပြစ်ရှိမှုများ ပြည့်နှက်နေသည်။

သို့တိုင် လင်းဖုန်းက စိတ်မထိန်းနိုင်ဘဲ
အော်ဟစ်ကြိမ်းမောင်းလိုက်သည်။

"ခွေးမ၊ နာလန်လော်ရှီး... မင်းက လင်းကလန်ကို
လာစော်ကားနေတာပဲ"

"အတင့်ရဲလိုက်တာ"

နာလန်လော်ရှီးအနောက်မှ အဘွားကြီးတစ်ဦးက
အခြေတည်နတ်ဘုရားအဆင့်
အရှိန်အဝါများကိုထုတ်ဖော်ကာ

ငေါက်ငမ်းလိုက်သည်။

ဤအရှိန်အဝါသည် လင်းကျန်းထျန်းကို
နှလုံးသားထဲထိ တုန်လှုပ်သွားစေခဲ့၏။

သူ၏ ကျင့်ကြံခြင်းအခြေခံက
နတ်မီးတောက်နယ်ပယ်သာဖြစ်ပြီ အဆင့်ကိုးခုသို့
ခြေမချရသေးပေ။

နာလန်မိသားစုမှ အစေခံတစ်ဦး၏
ကျင့်ကြံခြင်းအခြေခံသည်ပင် သူ့ထက်သာလွန်သည်။

"သခင်လေးရဲ့ မြင့်မြတ်တဲ့အဆင့်အတန်းနဲ့
မင်းအတွက် ဒီလောက်ဒုက္ခခံစရာ မလိုဘူး။
တစ်ယောက်ယောက်ကို လွှတ်ပြီး
စာတစ်ကြောင်းတည်းနဲ့ အပြီးသတ်စေလို့ရတယ်"

"ဒါပေမဲ့ သခင်မလေးက စိတ်ရင်းမှန်နဲ့
လာပြီးတောင်းပန်ဖို့ကို ရွေးချယ်လိုက်တုန်းပဲ။
နောက်ပြီး မင်းကို အရင်းအမြစ်တွေပေးဖို့လည်း
စဉ်းစားခဲ့တယ်"

"ဒါတောင် မင်းက ဒီလိုမျိုး ဆူပူကြိမ်းမောင်းပြီး
တုံ့ပြန်တယ်ပေါ့"

အဘွားကြီးက အော်ဟစ်လိုက်သည်။

သူက နာလန်လော်ရှီးဘက်က နာသောကြောင့်
အမှန်တကယ် ဝင်ပြောလိုက်ခြင်း ဖြစ်ချေသည်။

"နေပါစေ ဖွားဖွားလျို၊ လော်ရှီးက စမှားတာကြောင့်
သခင်လေးလင်းမှာ ကြိမ်းမောင်းခွင့်ရှိပါတယ်"

နာလန်လော်ရှီးက တားမြစ်လိုက်သည်။

"အိုး၊ ရိုးသားလိုက်တဲ့ သဘောထားပဲ၊ ဒါပေမယ့် ဒါက သဘောထားကြီးရုံပဲ။ စိတ်မပူပါနဲ့၊ ငါလင်းဖုန်းကလည်း မင်းလို ငန်းဖြူကို မစားချင်ဘူး"
လင်းဖုန်းက လှောင်ပြောင်လိုက်သည်။

"လျော်ကြေးအဖြစ် အရင်းမြစ်တွေကို ပို့ပေးမှာပါ။ လော်ရှီး တကယ်ကို တောင်းပန်ပါတယ်"
နာလန်လော်ရှီးက ရိုးသားနေဆဲပင်။

"အရင်းအမြစ်တွေကို ယူရမှာလား၊ ငါ့လင်းမျိုးနွယ်က မဆင်းရဲသေးဘူး"
လင်းကျန်းထျန်း၏မျက်နှာလည်း သုန်မှုန်သွားခဲ့သည်။ ယခုအခါ သူ့မျိုးနွယ်စုကို နဂါးအဖြစ် ပြောင်းလဲပစ်မည်ဟူသော အိပ်မက်ကလည်း

လုံးလုံးလျားလျား ကွဲအက်သွားချေပြီ။

နာလန်လော်ရှီးလည်း သူမ၏စိတ်ထဲတွင် သက်ပြင်းတစ်ချက်ချလိုက်သည်။

သူမမှာလည်း ရွေးချယ်စရာမရှိပါ။

"မင်း ခွေးမ ၊ ငါ့အိမ်က အခု ထွက်သွားတော့။ ၊ ငါ လင်းဖုန်းက သုံးနှစ်... မဟုတ်ဘူး၊ တစ်နှစ်... တစ်နှစ်ကြာရင် နာလန်မိသားစုနဲ့ မင်းကိုအနိုင်ယူဖို့ ငါကိုယ်တိုင် လာခဲ့မယ်"

လင်းဖုန်းက ရုတ်တရက် အော်ပြောလိုက်သည်။ သူ လုံး၀ သည်းမခံနိုင်ပေ။

နာလန်လော်ရှီးက အစမှအဆုံးထိ သူ့ကို အရှက်ခွဲဖို့ စကားတစ်ခွန်းမျှ မပြောခဲ့သော်လည်း

ဒေါသအလွန်ဖြစ်မိသည်။

"တောင်းပန်ပါတယ်"

နောက်ဆုံးတွင် နာလန်လော်ရှီးက အနည်းငယ်
ဦးညွှတ်ပြီး ထွက်ခွာသွားရန် ဟန်ပြင်လိုက်သည်။

ထိုအချိန်တွင် ဇီရန်က နာလန်လော်ရှီး အရှေ့တွင်
ပိတ်ရပ်လိုက်၏။

"နင်က..."

နာလန်လော်ရှီးသည် ဘာကြောင့်မှန်း မသိပေ။

"အကိုလင်းဖုန်းကို အထင်သေးတဲ့အတွက် နင်ကော
နင့်မိသားစုပါ ပြန်ပေးဆပ်ရလိမ့်မယ်"

ဇီရန်က အေးစက်စက်ဖြင့် ပြောလိုက်၏။

နာလန်လော်ရှီးလည်း ဇီရန်ကို တစ်ချက်ကြည့်ကာ နေရာမှ ထွက်ခွာသွားတော့သည်။

"အား... သေစမ်း"

လင်းဖုန်းက ဒေါသတကြီးဖြင့် ညှော်ခန်းထဲမှ ပြေးထွက်သွားခဲ့သည်။

သူ့စိတ်ထဲတွင် ဝန်မခံချင်သော်လည်း နာလန်လော်ရှီးကိုလက်ထပ်ရန် စိတ်ကူးယဉ်ခဲ့၏။

နောက်ဆုံးမှာတော့ ထိုပါရမီရှင် မိန်းမလှမျိုးကို ဘယ်သူက လက်မထပ်ချင်မှာလဲ။

ယခုတော့ နာလန်လော်ရှီး၏ ငြင်းဆိုချက်နှင့်အတူ

သူ၏နောက်ဆုံးစိတ်ကူးများလည်း ကွဲကြေခဲ့ရပြီ။

ထို့ကြောင့် လင်းဖုန်းသည်
အလွန်ရှက်ရွံ့ဒေါသဖြစ်ခဲ့ရတော့သည်။

လင်းဖုန်းဟာ မည်မျှကြာအောင် ပြေးသည်ကို
မသိတော့ဘဲ နောက်ဆုံးတွင် ရေကန်တစ်ခုဆီသို့
ရောက်ရှိလာမှ ရပ်လိုက်သည်။

ထို့နောက် စိတ်ဖြေရန် ရေကန်အတွင်းသို့ ခုန်ဆင်းပြီး
ရေကန်အောက်ခြေသို့ပင် နစ်မြုပ်လိုက်လေသည်။

သို့သော်လည်း ထိုအချိန်တွင် ရေကန်အောက်ခြေမှ
ရောင်စုံပြဒါးနှင့်တူသည့် ပစ္စည်းတစ်ခုကို
မြင်လိုက်ရသည်။

"ဒါက ဘာလဲ"

လင်းဖုန်းလည်း စူးစမ်းလိုစိတ်ဖြင့် သူ့လက်ကို ဆန့်ထုတ်လိုက်၏။

တခဏချင်းမှာပဲ ရောင်စုံပစ္စည်းတစ်စုလုံးက လင်းဖုန်း၏ ခန္ဓာကိုယ်ထဲကို တိုက်ရိုက်ဝင်ရောက်သွားတော့သည်။

ထိုအခိုက်တွင် လင်းဖုန်းဟာ စကြဝဠာရှိ အရာခပ်သိမ်း၊ ကမ္ဘာပေါ်ရှိ ဝိညာဉ်များအားလုံးနှင့် အရာအားလုံးက သူ့မျက်စိရှေ့တွင် လင်းလက်သွားသကဲ့သို့ ခံစားလိုက်ရသည်။

နေ၊ လနှင့် ကြယ်များ၊ ကြယ်များ၏ ရွေ့လျားခြင်း၊ အရာခပ်သိမ်း၏ ပြောင်းလဲခြင်းများ၊ စကြဝဠာ၏

စည်းမျဉ်းများ။

ယင်းက တစ်စက္ကန့်မျှသာ ကြာခဲ့သော်လည်း ဘဝတစ်သက်တာကဲ့သို့ပင်။

လင်းဖုန်း ရုတ်တရက် သတိပြန်ဝင်လာသောအခါ ရေကန်အစပ်သို့ ရောက်ရှိနေခဲ့ပြီ ဖြစ်သည်။

'ကမ္ဘာ့မူလ'
အကြောင်းတစ်ခုခုကြောင့် လင်းဖုန်းစိတ်ထဲတွင် ဤစကားလုံးလေးလုံးကို ရုတ်တရက် တွေးလိုက်မိလေသည်။

--------

အခန်း ( ၁၆၄ ) ကံကြမ္မာကလေးငယ်တို့
တစ်ယောက်ပြီးတစ်ယောက် ထွက်ပေါ်လာခြင်း၊
ကျွင်းမိသားစု၏ အပြစ်သားဖိနှိပ် အင်အားစုငါးခု။

ထိုမျှသာမကဘဲ လင်းဖုန်း
သတိပြန်ဝင်လာသောအခါ... သူ၏ ဒန်တျန်အတွင်း၌
ကြီးမားကျယ်ပြောသော ဝိညာဉ်ပင်လယ်ကြီး
ပေါ်လာသည်အား  အံ့သြဖွယ်ရာ မြင်တွေ့လိုက်သည်။

"ဒါ... ဝိညာဉ်ပင်လယ်ပဲ"

လင်းဖုန်း၏ ခန္ဓာကိုယ်က ပြင်းထန်စွာ တုန်ခါသွားကာ
မယုံနိုင်ဟန်ဖြင့်  မျက်လုံးများလည်း
ပြူးကျယ်သွားသည်။

ဤသည်မှာ သူအမြဲဖွင့်လိုသော ဝိညာဉ်ပင်လယ်ကြီး
ဖြစ်သည်။ သို့သော် မဖွင့်နိုင်ခဲ့ပေ။

တချိန်တည်းမှာပင် သူ၏ ကျင့်ကြံခြင်းအခြေခံက တဖြည်းဖြည်း တိုးလာသည်အား မြင်လိုက်ရ၏။

ဝိညာဉ်ပင်လယ် ပထမအလွှာ။

ဝိညာဉ်ပင်လယ် ဒုတိယအလွှာ။

ဝိညာဉ်ပင်လယ် တတိယအလွှာ...

နတ်နန်းတော် ပထမအလွှာ၊

နတ်နန်းတော် ဒုတိယအလွှာ၊

နတ်နန်းတော် တတိယလွှာ...

အဆုံးတွင် အစစ်အမှန်ဝိညာဉ်နယ်ပယ်သို့ ရောက်ရှိပြီးမှ ရပ်တန့်သွားခဲ့သည်။

အသက်ရှူချိန် ဒါဇင်အနည်းငယ်အတွင်း လင်းဖုန်း၏ ကျင့်ကြံခြင်းအခြေခံက များစွာတိုးတက်သွားခဲ့ပြီ ဖြစ်သည်။

"အခု ငါက အစစ်အမှန်ဝိညာဉ်နယ်ပယ် ကျွမ်းကျင်သူပဲလား"

လင်းဖုန်ကိုယ်တိုင်ပင် အိပ်မက်မက်နေသကဲ့သို့ ခံစားနေရ၏။

အရှေ့ကောင်းကင်ဒေသ၏ ပါရမီရှင်ဟု နာမည်ကြီးသော နာလန်လော်ရှီးပင် လက်ရှိတွင်

အစစ်အမှန်ဝိညာဉ် အဆင့်ငါးမှန်း သိထားကြရမည်
ဖြစ်သည်။

ယခုတော့ သူက အချိန်တိုအတွင်း
အစစ်အမှန်ဝိညာဉ်နယ်ပယ်သို့
ရောက်ရှိလာနိုင်ခဲ့ချေပြီ။

သို့ရာတွင် လင်းဖုန်းထံသို့ ယူဆောင်လာသည့်
အံ့အားသင့်မှုမှာ ထို့ထက်များစွာပိုနေသည်။

အတွေးတစ်ခုဖြင့် သူ့စိတ်ထဲတွင် ရှုပ်ထွေးပြီး
နားလည်ရခက်သော နတ်ဘုရားစွမ်းရည်များသည်
ချက်ချင်း ပေါင်းစပ်သွား၏။

လင်းဖုန်းလည်း ချက်ချင်းထလိုက်ပြီး လေထဲကို
လက်သီးတစ်ချက် ထိုးလိုက်သည်။

"ဝုန်း ဝုန်း..."
ကျယ်လောင်သော ပေါက်ကွဲသံ ဆယ်ချက်
ထွက်ပေါ်လာခဲ့၏။

"ဆယ်ချက်ပေါက်ကွဲခြင်း၊ ကြီးမားသော
ပြီးပြည့်စုံခြင်း"
လင်းဖုန်း မယုံကြည်နိုင် ဖြစ်သွားသည်။

ဤမျှရှုပ်ထွေးသော သိုင်းပညာကို အချိန်တိုအတွင်း
နားလည်ခြင်းမှာ အလွန်ကြောက်စရာကောင်း၏။

သူ၏ ပါရမီက မည်မျှဆိုးရွားသည်ကို
ကိုယ်တိုင်အသိဆုံး ဖြစ်သည်။

"ဒါက ကမ္ဘာ့မူလရဲ့ စွမ်းအားလို့ ထင်ရပေမယ့်
ငါရရှိတဲ့အရာက ကမ္ဘာ့မူလရဲ့
အစိတ်အပိုင်းနည်းနည်းလေးလို့ ခံစားနေရတယ်"

"တကယ့်ကမ္ဘာ့မူလက ငါလာပြီး ရှာဖွေမှာကို
စောင့်နေတုန်းပဲ "

လင်းဖုန်းစိတ်ထဲတွင် တစ်ခုခုကို
သဘောပေါက်သွား၏။

ယင်းကိုတွေးမိသောအခါ သူ့မျက်လုံးထဲတွင်
စိတ်လှုပ်ရှားမှုများဖြင့် ပြည့်နှက်လာတော့သည်။

ယင်းက ဆန်းကျယ်ကောင်းကင်တိုက်ကြီး၏
ကမ္ဘာ့မူလ ဖြစ်သည်။

အကယ်၍ သူက ၎င်းတို့အားလုံးကို ရယူနိုင်လျှင်

အနာဂတ်တွင်
ဆန်းကျယ်ကောင်းကင်တိုက်ကြီးတစ်ခုလုံးကို
အုပ်စိုးရသူ ဖြစ်လာနိုင်မည် မဟုတ်ပါလား။

"ကမ္ဘာ့မူလအားလုံးကို ငါရနိုင်ရင်
ဆန်းကျယ်ကောင်းကင်တိုက်ကြီး နေနေသာသာ
အထက်က အင်မော်တယ်နယ်မြေကြီးတောင်မှ ငါ့ကို
တားဆီးနိုင်မှာ မဟုတ်တော့ဘူး"

လင်းဖုန်း၏ ရည်မှန်းချက်က
ကြီးမားကျယ်ပြန့်လာသည်။

ဤခံစားချက်က ပန်ဟွမ် အသက်ဓားကို ရရှိပြီး
မြောက်ကြွမြောက်ကြွဖြစ်သွားသည့် ရန်ပန်ကဲ့သို့ပင်။

"နောက်ပြီးတော့ နာလန်လော်ရှီး၊ ငါ လင်းဖုန်းက

မင်းကို အံ့အားသင့်စေလိမ့်မယ်"
လင်းဖုန်းက လှောင်ပြောင်ပြောဆိုလိုက်သည်။

သူက ကမ္ဘာကြီး၏ အုပ်စိုးသူဖြစ်လာရန်
ရည်မှန်းထားခဲ့သူ ဖြစ်သည်။

အောက်ကမ္ဘာဆယ်ခုတွင် ထိုသို့ပြောင်းလဲနေခြင်းက
လင်းဖုန်းတစ်ယောက်တည်း မဟုတ်ပါ။

အောက်ကမ္ဘာရှိ အခြားတစ်နေရာရှိ
ဆန်းကျယ်ကောင်းကင်ဂိုဏ်းတွင်...

တောင်ပေါ်ရှိ အဆောက်ဦးတစ်ခုအတွင်းတွင်
မျက်နှာညှိုးငယ်နေသော အဘိုးအိုနှစ်ယောက်
စကားပြောနေကြသည်။

"ကမ္ဘာဆယ်ခု ပြောင်းလဲပြီး
အင်မော်တယ်နယ်မြေကြီးနဲ့
အဆက်အသွယ်ဖြတ်မယ်၊ ပြီးတော့
အပြစ်သားဆယ်ယောက် နိုးထလာကြမယ်"

"ဟုတ်တယ်၊ အဲဒီတုန်းက
ကျွင်းမိသားစုရဲ့သခင်တွေဟာ အောက်ကမ္ဘာက
အပြစ်သားမျိုးနွယ်ဆယ်ခုကို ဖိနှိပ်ထားဖို့
ပို့ဆောင်ပေးခဲ့တယ်။ ဒါပေမဲ့ အခုတော့
အပြောင်းလဲတွေ ဖြစ်ပေါ်လာခဲ့ပြီ"

"ရှေးနတ်ဆိုးမျိုးနွယ်နဲ့ မိစ္ဆာကလန်ကလည်း
ကျွင်းမိသားစုရဲ့အလိုကို ဆန့်ကျင်ပြီး
အပြစ်သားမျိုးနွယ်တွေနဲ့
လျှို့ဝှက်ဆက်သွယ်နေတယ်လို့ ကြားတယ်"

"ဒီကိစ္စကို ကျွင်းမိသားစုရဲ့ အောက်ပိုင်းကသခင်တွေပဲ ဖြေရှင်းနိုင်လိမ့်မယ်"

အဘိုးကြီးနှစ်ယောက်က စိုးရိမ်ပူပန်စွာဖြင့် ပြောလိုက်သည်။

ကျွင်းမိသားစုက စေလွှတ်ခဲ့သော အင်အားစုငါးခုမှာ ဆန်းကျယ်ကောင်းကင်ဂိုဏ်း၊ ဧကရာဇ်မင်းဆက်၊ ရှေးဟောင်းနတ်ဘုရားကလန်၊ ရှေးဟောင်းနတ်ဆိုးကလန်နှင့် ရှေးဟောင်းမိစ္ဆာကလန်ဖြစ်သည်။

ယနေ့တွင် အင်အားစုကြီးငါးခုအနက် နှစ်ခုက မူလရည်ရွယ်ချက်ကို ဆန့်ကျင်လာခဲ့ကြချေပြီ။

"ဒါထက် ငါတို့ဂိုဏ်းထဲမှာလည်း ဆိုးရွားတဲ့
အဖြစ်ပျက်တစ်ခု ဖြစ်သွားခဲ့တယ်လို့ ကြားတယ်၊
တပည့်တချို့က အပြစ်သားတွေနဲ့ ပူးပေါင်းနေတယ်"

"ဒီလိုအသေးအဖွဲ့ကိစ္စမျိုးက တခြားသူတွေ
ဖြေရှင်းပါလိမ့်မယ်၊ ငါတို့အတွက်
အပြစ်သားဆယ်ယောက်ကို အာရုံစိုက်ထားဖို့
လိုတယ်"

ထိုအချိန် ဆန်းကျယ်ကောင်းကင်ဂိုဏ်း၏
ရင်ပြင်တွင်...

လူငယ်လေးတစ်ဦးက ကြေးတိုင်တစ်ခုတွင်
ချည်နှောင်ခံထားရပြီး တကိုယ်လုံးလည်း
သွေးများရွှဲစိုနေသည်။

သူက နာကျင်နေသော မျက်လုံးများဖြင့် ဆန့်ကျင်ဘက်မှ လူငယ်နှင့် မိန်းကလေးကို ကြည့်လိုက်၏။

"လျိုချန်ချန်၊ မင်းငါ့ကို တကယ်ကြီး သစ္စာဖောက်ခဲ့တယ်"

လူငယ်လေး၏အမည်မှာ မိုဖန်းဖြစ်သည်။ လျိုချန်ချန်ကတော့ သူ၏ ငယ်ချစ်ဦးပင် ဖြစ်လေသည်။

မိုဖန်းဟာ လျိုချန်ချန်က ဂိုဏ်းတူအကိုနှင့်ပူးပေါင်းပြီး သူ့ကိုလုပ်ကြံမည်ဟု စိတ်ကူးပင် မယဉ်ခဲ့ဖူးပေ။

ထိုအတွက် သူ၏ ကျင့်ကြံခြင်းအခြေခံပင် ဖျက်ဆီးခံရပြီး ပြီးပြည့်စုံသည့် အမှိုက်ဖြစ်လာစေခဲ့သည်။

"မိုဖန်း၊ အပြစ်သားတွေနဲ့ ပူးပေါင်းတာကတင် ကြီးမားတဲ့ အပြစ်တစ်ခု ဖြစ်နေခဲ့ပြီ။ ဒါကြောင့် ဂိုဏ်းတူအကိုကြီးက အသက်ချမ်းသာပေးဟာ သက်ညှာပေးတာလို့ ပြောနိုင်တယ်"

လျိုချန်ချန်က ပြောလိုက်၏။

ဂိုဏ်းတူအကိုကြီးကလည်း လျှောင်ပြောင် ရယ်မောနေလေသည်။

"ဟားဟားဟား၊ အပြစ်သားနဲ့ ပူးပေါင်းတာလား"

မိုဖန်းက ရုတ်တရက် ပြုံလိုက်သည်။ သူ့အပြုံးမှာ အလွန်အေးစက်၏။

သူနှလုံးသားထဲတွင် ဂိုဏ်းတူအကိုနှင့် လျိုချန်ချန်သာမကဘဲ ဆန်းကျယ်ကောင်းကင်

ဂိုဏ်းတစ်ခုလုံးကိုပင် မုန်းတီးနေခဲ့ပြီ ဖြစ်သည်။

အပြစ်သားနှင့် ပူးပေါင်းတော့ကော ဘာဖြစ်သေးသနည်း။ ဤနေရာမှ အသက်ရှင်လျက်လွတ်မြောက်၍ အခွင့်အရေးရလျှင် ဆန်းကျယ်ကောင်းကင်ဂိုဏ်းတစ်ခုလုံးကို ဖျက်ဆီးပစ်ရမည်ဟု တွေးထားလိုက်သည်။

ထိုအချိန်တွင် ကောင်းကင်ယံမှ မိုဖန်းထံသို့ မိုးကြိုးတစ်စင်း ပစ်ခွင်းလာသည်။ ၎င်းက သူ့တကိုယ်လုံးကို မည်းနက်စေပြီး ညော်နံ့များပင် ထွက်သွား၏။

တချိန်တည်းမှာပင် မိုဖန်းစိတ်ထဲ၌ ကြယ်ဗီလိန်တစ်ခု ထွက်ပေါ်လာ၏။ ထို့နောက်တော့ လျှို့ဝှက်ဆန်းကျယ်သော မြင်ကွင်းမျိုးစုံကို

သူ့မျက်လုံးထဲ၌ မြင်လာခဲ့ရတော့သည်။

ရှေးဟောင်းကြယ်နန်းတော်တစ်ခု၊ နန်းတော်ရှေ့တွင် နေ၊ လ၊ ကြယ်တာရာဝတ်စုံများနှင့် ပုံရိပ်တစ်ခုလည်း ရှိနေသည်။

"ကြယ်တို့ရဲ့ ကလေးလေး... ပြန်လာခဲ့... အမိပမိကို ကူညီ..."

ထိုစကားများကို ကြားလိုက်ရပြီးနောက်မှာတော့ မိုဖန်း သတိလစ်သွားတော့သည်။

မိုးကြိုးပစ်ခံရပြီး သတိလစ်သွားသော မိုဖန်းကိုကြည့်ကာ လျိုချန်ချန်က နှာခေါင်းကို လက်နှင့်အုပ်ပြီး ပြောလိုက်သည်။

"လာကြစမ်း၊ ဒီမိုဖန်းကို ဂိုဏ်းအပြင်ကို သွားပစ်လိုက်တော့"

……….

အခြားရှေးဟောင်း တိုက်ကြီးတစ်ခုရှိ ရှေးဟောင်းမင်းဆက်တစ်ခုဖြစ်သော ချင်မင်းဆက်တွင်…

လက်ရှိအချိန်တွင် မင်းဆက်တစ်ခုလုံး မီးတောက်မီးလျှံများဖြင့် ပြည့်နှက်နေသည်။

ချင်မင်းဆက်တစ်ခုလုံး၏ ကျွမ်းကျင်သူအားလုံး အသတ်ခံလိုက်ရ၏။

ကေရာဇ်နန်းတော်အတွင်းမှာတော့ ပန်းထိုးအဝတ်အစားများနှင့် လူငယ်တစ်ဦး လဲကျနေသည်။  သူ့ရင်ဘတ်တွင်ကား ကြီးမားသော

အပေါက်ကြီးတစ်ခု ရှိနေခဲ့၏။

တစ်ဖက်မှာတော့ အထက်ကမ္ဘာမှ အရှိန်အဝါများ ပြည့်နှက်နေသော အခြားလူငယ်တစ်ဦး ရှိနေလေသည်။

သူ့လက်ထဲမှာလည်း နက်ရှိုင်းသောအလင်းများနှင့် သန့်စင်သောအရိုးဖြူတစ်ချောင်းကို ကိုင်ထားသည်။

"ဒီပင်ကိုယ်ဝိဉာဉ်အရိုးက ငါ့ရဲ့ဝိဉာဉ်ဘုရင် ခန္ဓာကိုယ်နဲ့ လိုက်ဖက်တာပဲ။
ဒီအောက်ကမ္ဘာကလူတွေမှာ တကယ်ကို အခွင့်အရေးတွေ အများကြီးရှိတယ်"

လူငယ်က ခပ်တိုးတိုး ရယ်မောလိုက်သည်။

"မင်း ဘယ်သူလဲ"

မြေပြင်တွင် လဲကျနေသော လူငယ်က ဒေါသတကြီး ပြောလိုက်သည်။

ထိုလူငယ်က ချင်မင်းဆက်၏ မင်းသား ချင်ဟောက်ဖြစ်သည်။ ၎င်းက ပင်ကိုယ်ဝိညာဉ်အရိုးဖြင့် မွေးဖွားလာကာ ကြောက်စရာကောင်းသော ပါရမီရှိ၏။

ရလဒ်အနေဖြင့် အင်အားကြီးမားသော တည်ရှိမှုတစ်ခုသည် အောက်ကမ္ဘာသို့ ရောက်ရှိလာပြီး တစ်ညတည်းဖြင့် ချင်မင်းဆက်တစ်ခုလုံးကို ပျက်စီးသွားစေခဲ့တော့သည်။

သူ့အဖေ၊ အမေနှင့် မိုလ်ချုပ် တော်တော်များများလည်း

သတ်ဖြတ်ခံလိုက်ကြရသည်။

"အိုး၊ မင်းက သိချင်မှတော့ ပြောရသေးတာပေါ့။ ငါက ပျက်ဆီးခြင်းကောင်းကင် အင်မော်တယ်နယ်မြေကြီး၊ ရှေးဟောင်းမင်းမျိုးနွယ် ကျန်းမိသားစု၊ ကျန်းရှီလင်း"

"ငါ မင်းကို မသတ်ချင်ပါဘူး၊ ငါ့အတွက်တော့ မင်းက ပုရွက်ဆိတ်တစ်ကောင်ပဲလေ၊ ဒီမုန်တိုင်းတွေကနေ မင်းဘယ်လို ရုန်းထွက်နိုင်မလဲဆိုတာ ငါကြည့်ချင်တယ်"

ကျန်းရှီလင်းက လှောင်ပြောင်ပြီး ချင်ဟောက်ကို ကန်ထုတ်လိုက်သည်။

ဤသည်ကပင် ငါးကြီးက ငါးကလေးကိုစား၊ ငါးကလေးက ပိုသေးငယ်သော ငါးကိုစားသည့်

ကြီးနိုင်ငယ်ညှဉ်းကမ္ဘာကြီး ဖြစ်သည်။

ရှေးဟောင်းမင်းမျိုးနွယ် ကျန်းမိသားစုမှ
မွေးဖွားလာသူ ဖြစ်သည့်အလျောက်
ကျန်းရှီလင်းသည် သဘာဝအတိုင်း မာနကြီးသည်။

သို့ရာတွင် ဤအတွက် ဘယ်သူ့ကို
အပြစ်တင်နိုင်မှာလဲ။

အားနည်းလွန်းသည့် ကိုယ့်အပြစ်သာ ဖြစ်သည်။

တစ်စုံတစ်ခုကို အပြစ်တင်လိုပါက
ပင်ကိုယ်ဝိညာဉ်အရိုးနှင့် မွေးဖွားခဲ့ပြီး
ခွန်အားမရှိသည့် မိမိကိုယ်ကို အပြစ်တင်ရမည်။

"ငါ့ဝမ်းကွဲလော့လီနဲ့ ကျွင်းမိသားစုရဲ့
နတ်ဘုရားသားတော်လည်း မကြာခင်
အောက်ကမ္ဘာကို ရောက်လာသင့်တယ်။ အချိန်ကျလို့
သူ့ပေါင်ကို ပွေ့ဖက်နိုင်ရင် ငါ့အတွက် အခွင့်အရေးတွေ
ပိုရနိုင်တယ်"

ကျန်းရှီလင်းက ပြုံးလိုက်သည်။

၎င်းက ကျန်းမိသားစု၏
ထိပ်တန်းပါရမီရှင်ဖြစ်သော်လည်း
ကျွင်းရှောင်ယောက်ကို အလွန်လေးစားနေဆဲပင်။

ထို့အပြင် ကျွင်းရှောင်ယောက်က
ကျန်းရို့၏သားဖြစ်သောကြောင့်
ကျန်းမိသားစုဝင်တစ်ဝက် ဖြစ်ချေသည်။ ထို့ပြင်
ကျန်းလော့လီနှင့်လည်း ဆက်ဆံရေးရှိသောကြောင့်
ကျွင်းရှောင်ယောက်နှင့်
ကောင်းမွန်သောဆက်ဆံရေးရှိနိုင်ရန်

တွေးထားတော့သည်။

'နောက်တစ်ကြိမ်တွေ့ကြရင် ကျွင်းမိသားစုရဲ့
နတ်ဘုရားသားတော်ကို ယောက်ဖလို့
ခေါ်ရတော့မလား'

ကျန်း၅ှီလင်းက တစ်ယောက်တည်း
တွေးလိုက်မိသည်။

ကျန်း၅ှီလင်း ထွက်သွားပြီးနောက်...

သွေးအိုင်ထဲတွင် လဲကျနေသော
ချင်ဟောက်မျက်လုံးများ ပြန်ပွင့်လာသည်။

အရာအားလုံးက အားနည်းလွန်းသည့် သူ့အမှားပင်။

"ကျန်းမိသားစု၊ ကျန်းရှီလင်းနဲ့
အင်မော်တယ်နယ်မြေကြီး တစ်ခုလုံး၊ မင်းတို့က
ဘာဖြစ်လို့ တခြားသူတွေရဲ့ သေခြင်းရှင်ခြင်းကို
လိုက်ထိန်းချုပ်ရတာလဲ"

ယခုအချိန်တွင် ချင်ဟောက်စိတ်ထဲ၌ ကျန်းရှီလင်း၊
ကျန်းမိသားစုနှင့် အင်မော်တယ်နယ်မြေကြီး
တစ်ခုလုံးကိုပင် မုန်းတီးသွားခဲ့သည်။

ထိုအချိန်တွင် သူ့ရင်ဘတ်ပေါ်ရှိ
သွေးများရွဲနေသောလည်ဆွဲက ရုတ်တရက်
အရောင်တောက်ပလာသည်။

ထို့နောက် အမှောင်မီးလျှံများ ထွက်ပေါ်လာပြီး
လှပသော အနက်ရောင် တစ္ဆေငှက်ပုံရိပ်တစ်ခု
ပေါ်လာခဲ့၏။

ချင်ဟောက်၏နားထဲမှာလည်း
အမျိုးသမီးတစ်ယောက်၏ အသံတစ်ခုကို
ကြားလိုက်ရတော့သည်။

"ငါ့ရဲ့ နယ်သာနိုင်းမျိုးနွယ်ကို လွှတ်ပေးမယ်ဆိုရင်
မင်းအတွက် ရှေးဟောင်းမင်းမျိုးနွယ်မိသားစုကို
ဆန့်ကျင်ဖို့ ခွန်အားပေးလိမ့်မယ်"

-------

အခန်း ( ၁၆၅ ) ကျွင်းရှောင်ယောက်
ထွက်ခွာလာတော့မည်၊
အောက်ကမ္ဘာသို့ဆင်းသက်မည့်
နတ်ဆိုးဘုရားနန်းတော်မှ နတ်ဘုရားမ၊ တစ်နှစ်ကြာ
စိန်ခေါ်ပွဲသို့ လင်းဖုန်း ရောက်ရှိလာခဲ့ပြီ။

အချိန်ကြာလာသည်နှင့်အမျှ အောက်ကမ္ဘာဆယ်ခုတွင် ကြီးမားသောပြောင်းလဲမှုများ ဖြစ်ပေါ်လာသည်။

ရှေးဦးဖရိုဖရဲ မွေးဖွားလာလျှင် တိုက်ကြီးတစ်ခုလုံးကို တုန်လှုပ်စေသည်ဟူသော ကောလဟာလများပင် ထွက်ပေါ်နေ၏။

အင်မော်တယ်နယ်မြေကြီး တစ်ခုလုံး၌ပင် ဖရိုဖရဲခန္ဓာကိုယ်က အနှစ်တစ်ထောင်အတွင်း မြင်ရခဲသော ရှားပါးခန္ဓာဖြစ်ကာ ထိပ်တန်း တာအိုခန္ဓာသုံးထောင်တွင် ထိပ်တန်းဆယ်ခု စာရင်းဝင်သည်။

သို့ရာတွင် အောက်ကမ္ဘာကဲ့သို့ နေရာတစ်ခုမှာ အမှန်တကယ် ရှေးဦးဖရိုဖရဲခန္ဓာတစ်ခု မွေးဖွားလာမည်ဟု ကောလဟာလများ ရှိနေသည်။

တခြားတိုက်ကြီးတစ်ခုတွင်လည်း…
ဝိညာဉ်အားလုံးကို ဝါးမြိုနိုင်သော
ဖင်းဂေါ့ဝါးမြိုသူရှိသည်ဟု ကောလဟာလများ
ရှိနေသည်။

ထို့ပြင် ဤအပြောင်းအလဲများမှ အခွင့်အလမ်းများကို
ရယူနိုင်ရန် နိုးထလာသော အင်မော်တယ် နတ်ဆိုး
လူထူးဆန်းများလည်း ရှိကြပါသေးသည်။

ဤသတင်းမျိုးက အင်မော်တယ်နယ်မြေကြီး
တစ်ခုလုံးကို တုန်ခါစေခဲ့၏။

အင်မော်တယ်နယ်မြေကြီးမှ ပါရမီရှင်များပင်
ဤအတွက် သတိကြီးကြီး ထားနေရတော့သည်။

နောက်ထပ် တစ်နှစ်ကြာသွားခဲ့ပြီးနောက်…

ပျက်ဆီးခြင်းကောင်းကင် အင်မော်တယ်နယ်မြေကြီး၊ ကျွင်းမိသားစု။

နောက်ဆုံးတစ်ခေါက် ကျွင်းရှောင်ယောက် တံခါးပိတ်ကျင့်ကြံခဲ့တာပင် နှစ်နှစ်ကျော် ကြာသွားခဲ့ချေပြီ။

ယခုအခါ ကျွင်းရှောင်ယောင်က အသက်ဆယ့်လေးနှစ်ရှိသွားပြီ ဖြစ်သည်။

သူ့အသက်က သိပ်မကြီးသော်လည်း ဆယ့်ခြောက်နှစ်၊ ဆယ့်ခုနစ်နှစ်ခန့်ရှိသော လုလင်ပျိုတစ်ယောက်လို ချောမော၏။

ထို့ပြင် သူက အရပ်မြင့်ပြီး
အဖြူရောင်အဝတ်အစားများကိုဝတ်ကာ
အင်မော်တယ် နတ်တစ်ပါးနှင့် တူသည်။

ထိုကာလအတွင်း၌ ကျွင်းရှောင်ယောက်ဟာ
အင်မော်တယ် အရင်းမြစ်တစ်ထောင်ကို အကုန်
သန့်စင်နိုင်ခဲ့သည်။

သူ့တစ်ကိုယ်လုံးရှိ ထာဝရအင်မော်တယ်အရိုး
အရေအတွက်ကလည်း ခုနစ်ဆယ်အထိ
ရှိလာခဲ့ချေပြီ။

သို့သော်လည်း ကျွင်းရှောင်ယောက်ဟာ
နောက်ထပ်လေ့ကျင့်လေလေ
ထာဝရအင်မော်တယ်အရိုးကိုသန့်စင်ရန်

အင်မော်တယ်အရင်းမြစ်များအား
ပို၍လိုအပ်လာလေလေဖြစ်ကြောင်း သိသိသာသာ
ခံစားနေရလေသည်။

ထို့ပြင် အဆင့်နိမ့် အင်မော်တယ်အရင်းအမြစ်များက
သူ့အတွက် သိပ်ပြီး လုံလောက်မှု မရှိတော့ပါ။

"ဒီထာဝရအင်မော်တယ် ခန္ဓာကိုယ်က တကယ့်ကို
အောက်ခြေမရှိတဲ့ တွင်းနက်ကြီးပဲ"
ကျွင်းရှောင်ယောက်က ခေါင်းခါယမ်းလိုက်သည်။
သူ့မျက်လုံးများကတော့ ညအခါမှ ကြယ်များကဲ့သို့
အရောင်တလက်လက် တောက်ပနေ၏။

သူ့ရင်ထဲမှာလည်း အရေးကြီးသော
ခံစားချက်တစ်ခုကို ခံစားလာခဲ့ရတော့သည်။

ကြက်သွန်မြိတ်များကို အမြန်ဆုံး လှီးဖြတ်ရမည်။

'ထားပါ၊ ငါ့ရဲ့ ကျင့်ကြံခြင်းကလည်း တစ်ဆို့နေပြီမို့ အောက်ကမ္ဘာကို ခရီးထွက်ဖို့ အချိန်တန်ပြီ' ကျွင်းရှောင်ယောက်က စိတ်ထဲမှ ရေရွတ်လိုက်သည်။

သူပြောသည့် တစ်ဆို့ခြင်းက နယ်ပယ် ပိတ်ဆို့ခြင်းမဟုတ်ဘဲ အင်မော်တယ်မျိုးစေ့ကြောင့် ပိတ်ဆို့ခြင်း ဖြစ်သည်။

သူနှင့်လိုက်ဖက်သည့် မျိုးစေ့များကို ရှာတွေ့နိုင်သ၍ အတားအဆီးမရှိဘဲ လေ့ကျင့်ထားနိုင်ပေလိမ့်မည်။

သူတော်စင် မဆိုထားနှင့်၊ အဓိပဓိဖြစ်လာရန်ပင် လွယ်ကူရိုးရှင်းသည်။

ကျွင်းရှောင်ယောက်လည်း အပြင်ရောက်သောအခါ ကျွင်းလင်းလုံနှင့်  အခြားသူများကို ရှာဖွေပြီး လတ်တလော အခြေအနေများအကြောင်း မေးမြန်းလိုက်သည်။

"ကမ္ဘာဆယ်ခုက ဖရိုဖရဲဖြစ်နေပြီ၊ ပါရမီရှင်ဆယ်ယောက်လည်း ထွက်ပေါ်လာတယ်၊ အင်မော်တယ်နယ်မြေကြီးက ပါရမီရှင်တွေလည်း အောက်ကမ္ဘာကို ဆင်းသက်သွားခဲ့ကြပြီ"

ယင်းကိုကြားသောအခါ ကျွင်းရှောင်ယောက် အနည်းငယ် အံ့သြသွား၏။

သူက ကောင်းကင်ကံကြမ္မာ ကလေးဆယ်ယောက်ကို တဖြည်းဖြည်း ပေါ်လာမည်ဟု ထင်မှတ်ထားခဲ့ခြင်း

ဖြစ်သည်။

မည်သို့ဆိုစေ ကျွင်းရှောင်ယောက်စိတ်ထဲမှာတော့ စိမ်းလန်းသော ကြက်သွန်မြိတ်ဆယ်ခုကို မြင်နေခဲ့ရပြီ။

ကျွင်းရှောင်ယောက်က အချိန်ဆွဲတတ်သူတစ်ယောက်တော့ မဟုတ်ပေ။

သူက အောက်ကမ္ဘာသို့သွားတော့မည်ဖြစ်ကြောင်း မိသားစုထံ တိုက်ရိုက်သတင်းပို့လိုက်သည်။

ကျွင်းကျန်းထျန်းနှင့် အခြားသူများကလည်း ပြင်ဆင်မှုအချို့ပြုလုပ်ရန် ကူညီပေးခဲ့၏။

ယခုတစ်ကြိမ်တွင် ကျွင်းရှောင်ယောက်က
အောက်ကမ္ဘာသို့ ဆင်းသက်သောအခါ
ခေါင်းကိုးလုံးခြသေ့်နှင့် ရီယုကိုသာ
ခေါ်ဆောင်သွားခဲ့မည် ဖြစ်သည်။

တခြားစီကွမ်များမှာတော့
ကိုယ်ပိုင်အခွင့်အရေးများရှိကြသောကြောင့်
ကျွင်းရှောင်ယောက်ဟာ သူ့နောက်ကိုလိုက်ဖို့
အတင်းအကြပ်လုပ်ရန် စိတ်ကူးမရှိပေ။

နောက်ဆုံးမှာတော့ ကျွင်းကျန်းကျန့်နှင့်
တခြားသူများက စီကွမ်များသာဖြစ်ပြီး
သူ့နောက်လိုက်များ မဟုတ်ကြပေ။

အချိန်အတော်ကြာပြီးနောက် ကျွင်းကျန်းထျန်းဟာ
လူရိပ်သုံးခုနှင့် ပြန်လည်ရောက်ရှိလာသည်။

ထိုလူရိုပ် သုံးခုအနက် တစ်ဦးသည် အစိမ်းရောင်ဝတ်
အဘိုးအိုတစ်ဦးဖြစ်သည်။

တစ်ယောက်ကတော့ နတ်ဆိုးဘုရားကဲ့သို့
အနက်ရောင် ချပ်ဝတ်တန်ဆာကို ဝတ်ဆင်ထားသော
လူလတ်ပိုင်းတစ်ဦး ဖြစ်၏။

နောက်ဆုံးတစ်ယောက်က နန်းတွင်းဝတ်စုံဖြင့်
လှပသော အမျိုးသမီးတစ်ဦးဖြစ်သည်။ သူမက
ဖြူစင်သော အသားအရည်နှင့်
သွယ်လျသောကိုယ်ဟန် ရှိလေသည်။

ကျွင်းရှောင်ယောက်လည်း
တစ်ချက်ကြည့်လိုက်သောအခါ နန်းတွင်း
အဝတ်အစားများနှင့် အားနည်းပုံရသော

အမျိုးသမီးသည်ပင် သူတော်စင်တစ်ပိုင်း
ကျင့်ကြံခြင်းအခြေခံရှိကြောင်း မြင်တွေ့လိုက်ရသည်။

ကျန်လူလတ်ပိုင်းနှင့် အဘိုးကြီးကတော့
သူတော်စင်နယ်ပယ်သို့ ရောက်ရှိနေခဲ့ကြချေပြီ။

အောက်ကမ္ဘာ၏ သဘာဝစည်းမျဉ်းများအရ
အလွန်ဆုံး သူတော်စင်များသာ ဆင်းသက်နိုင်ပြီး
သူ့ထက်ပိုသန်မာသူများတော့ မရပေ။

ပိုမိုအားကောင်းသော တန်ခိုးရှင်များကို
အောက်ကမ္ဘာသို့ ပို့လိုက်လျှင်ပင်
ကျင့်ကြံခြင်းအခြေခံကို ဖိနှိပ်ခံရမည်ဖြစ်သည်။

၎င်းတို့၏ ကျင့်ကြံခြင်းအခြေခံက
အလွန်မြင့်မားသော်လည်း ယခုအချိန်တွင်

ကျွင်းရှောင်ယောက်ကို လေးလေးစားစား ဦးညွှတ်လိုက်ကြသည်။
"ငယ်သားက ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော်ကို ဂါရဝပြုပါတယ်"

"အဖိုး၊ သူတို့က..."
ကျွင်းရှောင်ယောက် ပြောလိုက်သည်။

"ဟားဟားဟား၊ သူတို့ သုံးယောက်စလုံးက အောက်ကမ္ဘာကလာတဲ့ ကျွမ်းကျင်သူတွေပဲလေ၊ သူတို့ကို လေ့ကျင့်ဖို့ ကျွင်းမိသားစုက စုဆောင်းထားခဲ့တာ။ သူတို့က အောက်ကမ္ဘာနဲ့ အရမ်းရင်းနှီးကြတယ်"
ကျွင်းကျန်းထျန်း ပြောလိုက်သည်။

ထိုစကားကိုကြားသောအခါ ကျွင်းရှောင်ယောက်

အံ့အားသင့်သွား၏။

တာအိုကာကွယ်သူများ၊ မျိုးနွယ်စုအကြီးအကဲများနှင့် နှိုင်းယှဉ်ပါက အောက်ကမ္ဘာမှ တက်လှမ်းလာသော ကျွမ်းကျင်သူများသည် အောက်ကမ္ဘာကို ကောင်းစွာနားလည်သောကြောင့် ကျွင်းရှောင်ယောက်အတွက် အကူအညီပိုရနိုင်သည်။

ယင်းကိုကြည့်လျှင် မိသားစုက ဘယ်လောက်သတိထားလဲဆိုတာ သိနိုင်ပြီး ကျွင်းရှောင်ယောက်ကိုလည်း အကောင်းဆုံးကူညီပေးနေခဲ့ပေသည်။

"ဒါဆို ခင်ဗျားတို့ကို နည်းနည်းပါးပါး ဒုက္ခပေးရဦးမယ်"
ကျွင်းရှောင်ယောက်က ပြောလိုက်သည်။

"နတ်ဘုရားသားတော်က ယဥ်ကျေးလွန်းပါပြီ”
ကျွမ်းကျင်သူသုံးယောက်ကလည်း ဦးညွှတ်ကာ
ပြောကြ၏။

ကြိုတင်ပြင်ဆင်မှုအချို့ပြုလုပ်ပြီးနောက်
ကျွင်းမိသားစုသည်
ကမ္ဘာ့အတားအဆီးကိုဖြတ်ကျော်ရန်
အထူးနည်းလမ်းများကို
အတင်းအကျပ်အသုံးပြုခဲ့သည်။

ထိုအတွက် ပေးဆပ်ရသည့်တန်ကြေးမှာ
အလွန်ကြီးမားသော်လည်း
ကျွင်းရှောင်ယောက်အတွက်ဖြစ်သောကြောင့်
ကျွင်းမိသားစုသည် ပို့ဆောင်ပေးရန် ဆန္ဒရှိခဲ့သည်။

.........

တစ်ချိန်တည်းမှာပင်...

ရဲ့မိသားစုမှာလည်း အောက်ကမ္ဘာသို့သွားမည့် ပါရမီရှင်အုပ်စုတစ်ခု ရှိနေသည်။ ၎င်းတို့တွင် ရဲ့ရှင်းယွင်လည်း ပါလေသည်။

'အောက်ကမ္ဘာမှာ ငါ့အတွက် အခွင့်အရေးကြီးကြီးမားမားရနိုင်ရုံတင်မကဘဲ ငါ့ကိုယ်ပိုင်အင်အားကိုတည်ဆောက်ဖို့ အစွမ်းထက်တဲ့အကူတစ်ယောက်လည်း ရနိုင်လိမ့်မယ်'

ရဲ့ရှင်းယွင်၏ မျက်လုံးများက အရောင်တောက်ပလာသည်။

ယင်းက ကျွင်းရှောင်ယောက်ကို ကျော်ဖြတ်သွားရန်

အကောင်းဆုံး အခွင့်အရေး တစ်ခုပင်။

.........

တစ်ဖက်တွင် အနောက်ဘက် နိဗ္ဗာန်ဘုံမှ ဗုဒ္ဓသားတော် ဖာဟိုင်ကလည်း အောက်ကမ္ဘာသို့ သွားနေသည်။

"အော်မီသောဖော်၊ ဒီနိမ့်ကျတဲ့ရဟန်းရဲ့ အခွင့်အလမ်းက အောက်ကမ္ဘာမှာ ရှိတယ်၊ အချိန်ကျရင် ဒုက္ခပင်လယ်ထဲကလူတွေကို ယုံကြည်သူအဖြစ် ကူးပြောင်းကြစေမယ်၊ ဒီအခါ သက်ရှိသတ္တဝါ အပေါင်းတို့ရဲ့ ယုံကြည်ခြင်းစွမ်းအားကို စုစည်းနိုင်ပြီ"

.........

ပန်ဝူနတ်ဘုရားမင်းဆက် မားကွစ်ကွမ်ကျွင်း
ရန်ပန်သည်လည်း အောက်ကမ္ဘာသို့
ဆင်းသက်သွားသည်။

"ဒီမားကွစ်ရဲ့ ကံကောင်းမှုအရ အောက်ကမ္ဘာမှာ
ဘယ်သူက ငါ့ကိုတားဆီးနိုင်မှာလဲ"
ရန်ပန်က နေရင်းထိုင်ရင်း ဝံ့ကြွားလာ၏။

သူဟာ အမှောင်ဖုံးသော ညအခါပြီးနောက် မကြာမီ
နေရောင်တောက်သော  ကောင်းကင်ကြီးလို
တောက်ပလာတော့မည်ကဲ့သို့ ခံစားနေရတော့သည်။

.........

ရှေးဟောင်း နတ်ဆိုးတောင်တန်းတစ်ခုတွင် အရိုးထဲထိ အေးစက်စေသော အသံတစ်ခု ထွက်ပေါ်လာသည်။

"ရန်ယုမန်၊ ဒီတစ်ခါ အောက်ကမ္ဘာကိုသွားပြီးတော့ ကောင်းကင်နတ်ဆိုး တော်ဝင်မိသားစုရဲ့ မင်းသားကိုခေါ်လာခဲ့ပါ"

"ကျွင်းမိသားစုက ရှေးဟောင်း မျိုးနွယ်စုဆယ်ခုကို ဖိနှိပ်ပြီး အောက်ကမ္ဘာကို နှင်ထုတ်လိုက်တော့ ကောင်းကင်နတ်ဆိုး တော်ဝင်မိသားစုလည်း ပါသွားခဲ့တယ်။ ဒါပေမဲ့ ဒီနေ့မှာ နတ်ဆိုးဘုရား သွေးမျိုးဆက်နဲ့ ပါရမီရှင်တစ်ဦး မွေးဖွားလာမယ်လို့ ထင်မထားခဲ့ဘူး"

"သူက ငါတို့ ကောင်းကင်နတ်ဆိုးမျိုးနွယ်အတွက် အရမ်းအရေးကြီးတယ်"

"ကောင်းပါပြီ၊ ယုမန်က နတ်ဆိုးကေရီရဲ့ အမိန့်ကို နာခံပါတယ်"

စွဲမက်ဖွယ်ကောင်းသော ခန္ဓာကိုယ်၊ အပြစ်ကင်းစင်သော မျက်နှာဖြင့် လှပသော မိန်းမပျိုတစ်ဦး ပေါ်လာသည်။

သူမက ပန်းရောင်ဂါဝန်နှင့် အပြာရောင် ရေတံခွန်လှိုင်းကဲ့ ပိုသားဝတ်စုံကို ဝတ်ဆင်ထားကာ နှင်းဖြူကဲ့သို့ အသားရေနှင့် သွယ်လျသော ခြေအစုံကို ပိုင်ဆိုင်ထားသည်။

နတ်ဆိုးဘုရားနန်းတော်၏ နတ်ဘုရားမ ရန်ယုမန်သည် အင်မော်တယ်နယ်မြေကြီး၌ပင် ထူးကဲသော တည်ရှိမှုတစ်ခု ဖြစ်သည်။

'ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော်၊ နင် အရမ်းလျှောက်ပြေးမနေဖို့ မျှော်လင့်တယ်၊ မဟုတ်ရင်ကောင်းကင်နတ်ဆိုးမင်းသားကို ဆွဲဆောင်ဖို့ ခက်လိမ့်မယ်...'

ရန်ယုမန်က သူ့နဖူးကို လက်နှင့်ပွတ်ပြီး အနည်းငယ်စိုးရိမ်ဟန်ဖြင့် ရေရွတ်လိုက်သည်။

.........

အင်မော်တယ်နယ်မြေကြီးတွင် လေနှင့် တိမ်များ ရွေ့လျားနေချိန်...

အောက်ကမ္ဘာရှိ ဆန်းကျယ်ကောင်းကင်တိုက်ကြီး၊ အရှေ့ဆန်းကျယ်ဒေသ၊ ရှေးဟောင်းဝိညာဉ်တောင်တန်းတစ်ခုရှေ့တွင်...

ထူးခြားသော စိန်ခေါ်မှုတစ်ခုက အရပ်လေးမျက်နှာ၏ အာရုံစိုက်မှုကို ဆွဲဆောင်သွားခဲ့သည်။

ဤတိုက်ပွဲက အလွန်ဆွဲဆောင်မှုရှိသော အကြောင်းရင်းမှာ တိုက်ခိုက်ညှိသူ နှစ်ဦးစလုံးက ဒဏ္ဍာရီဆန်လွန်းသောကြောင့်ပင် ဖြစ်သည်။

တစ်ယောက်က လျှို့ဝှက်မိသားစုဖြစ်သော နာလန်မိသားစု၏ ပါရမီရှင် ဖြစ်သည်။

နောက်တစ်ယောက်ကတော့ တတိယတန်းစားနိုင်ငံငယ်လေးတွင် မွေးဖွားခဲ့သော မိသားစုငယ်လေး၏ သခင်ငယ်လေးသာ ဖြစ်လေသည်။

မူလကတော့ ဤတိုက်ပွဲသည် အဓိပ္ပာယ်မရှိသော

တိုက်ပွဲတစ်ခုသာ ဖြစ်သင့်သည်။

သို့ရာတွင် ယနေ့မှာတော့ ဤတိုက်ပွဲကို ကြည့်ရှုကြရန် လူပေါင်း တစ်သိန်းကျော်ကို ဆွဲဆောင်ခဲ့ချေပြီ။

၎င်းတို့တွင် အခြား လူ့ဂြိုဟ်မိသားစုများ ၊ အထူးမင်းဆက်များ၊  မြင့်မြတ်နယ်မြေများလည်း ပါ၏။

လူများစွာက ကြိုတင်ရောက်ရှိလာကာ တိုက်ပွဲကို စောင့်မျှော်နေကြတော့သည်။

အကြောင်းပြချက်က အလွန်ရိုးရှင်းသည်။ ထိုမိသားစုငယ်လေး၏ သခင်လေး လင်းဖုန်းမှာ ယခုအခါ အရှေ့ဆန်းကျယ်ဒေသတွင် ထိပ်တန်း ပါရမီရှင်တစ်ဦး ဖြစ်လာခဲ့ချေပြီ။

အမှိုက်မှ ပါရမီရှင်ဖြစ်လာရန် လင်းဖုန်းက တစ်နှစ်သာ အချိန်ယူခဲ့သည်။

ထိုအတွက် လင်းဖုန်းသည် ကြောက်စရာကောင်းသော အခွင့်အရေးအချို့ကို ရရှိထားကြောင်း အရှူးတစ်ယောက်ပင် သိနိုင်ပေလိမ့်မည်။

သို့သော်လည်း လင်းဖုန်း၏ အခွင့်အလမ်းကို ဘယ်သူမှ မကြံစည်ဝံ့ပေ။

အကြောင်းမှာ...

လင်းဖုန်း၏နောက်ကွယ်တွင်၊ အင်မော်တယ်နယ်မြေကြီးမှ အင်အားစုများ

ထောက်ပံ့နေခဲ့သောကြောင့်ပင် ဖြစ်သည်။

ယခုအခါ ထိုအင်အားစုမှ ကျွမ်းကျင်သူများကလည်း အောက်ကမ္ဘာသို့ ရောက်ရှိလာပြီဖြစ်သောကြောင့် အားလုံးမှာ အလွန်ထိတ်လန့်နေကြတော့သည်။

ထို့ကြောင့် လင်းဖုန်းကို မည်သူမျှ ရန်မစဝံ့တော့ပေ။

ထိုအချိန် လူအားလုံး၏ အာရုံစိုက်မှုအောက်တွင် အဇူရာဝတ်စုံဝတ် လူငယ်တစ်ဦးက ချောမောသော်လည်း အေးစက်၊ ပြတ်သားသော မျက်နှာအမူအရာဖြင့် လေထဲမှ ထွက်လာသည်။

"နာလန်လော်ရှီး၊ ထွက်လာခဲ့စမ်း"